# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက် | ၂၀၁၉ ခုနှစ်၊ မတ် ၁ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၁၅၂)





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉)တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

## အထူးစီးပွားရေးဇုန်များကို ထိရောက်သည့်တိုးတက်မှုများရရှိရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉)ကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးကျော်တင့်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးသိန်းဆွေ၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်နှင့် ဦးဟန်ဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ ဖြစ်ကြသည့် ဒေါက်တာလဲ့လဲ့မော်နှင့် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူးနှင့် ဦးဆက်အောင်၊ သီလဝါ အထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❄


**အခွင့်အလမ်းတချို့ သယ်ဆောင်လာမည့် အနုပညာလုပ်ငန်းများ**



ဆောင်းပါး စာ » ၈

**ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပြဋ္ဌာန်း**

ဥပဒေပြဋ္ဌာန်း စာ » ၁၁

**တင်းမာမှုများ လျော့ကျလာစေမည်ဆိုပါက ဖမ်းဆီးထားသည့် အိန္ဒိယလေယာဉ်မှူးကို ပြန်လွှတ်ပေးမည်ဟု ပါကစ္စတန်ပြော**

နိုင်ငံတကာသတင်း စာ » ၁၄


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# အတတ်ပညာဖြင့် အသက်မွေးမှု

ပြီးခဲ့သည့် ရက်သတ္တပတ်တစ်ခုလုံး ရန်ကုန်လူထု၏ စိတ်ဝင်စားမှုအမြင့်မားဆုံးမှာ ဟောင်ကောင်အက်ရှင်ဇာတ်ကား **Line Walker - 2** ရိုက်ကွင်းများပင် ဖြစ်သည်ဟု ဆိုရမည်။ လူမှုကွန်ရက်များ၊ ရုပ်/သံ၊ သတင်းစာများစသည့် မီဒီယာများမှတစ်ဆင့် တွေ့မြင်သိရှိကြရခြင်းကြောင့် ရန်ကုန်နယ်နိမိတ်ပြင်ပ ဒေသအသီးသီးမှ ပြည်သူများကလည်း စိတ်ဝင်တစားရှိခဲ့ကြသည်။ ပရိသတ်အကြိုက်လှုပ်ရှားမှုအသားပေး ရုပ်ရှင်ဇာတ်ကားများ၏ ရိုက်ကွင်းနှင့် ကင်မရာနောက်ကွယ်မှ ဖန်တီးမှုများ၊ ကြိုတင်ပြင်ဆင်မှုများ၊ စီမံခန့်ခွဲပုံများ၊ လေ့ကျင့်မှုများ စသည်တို့ကို မျက်ဝါးထင်ထင်တွေ့မြင်ရပြီး အံ့သြဘနန်းလည်းဖြစ်ခဲ့ကြရသည်။ ဒါရိုက်တာနှင့်တကွ သရုပ်ဆောင်များ၊ ရိုက်ကူးရေးအဖွဲ့သားများ၊ ကင်မရာသမားများအပါအဝင် အဖွဲ့ဝင်များက မိမိတို့၏ ဆောင်ရွက်ရမည့်အလုပ်များကို ကျွမ်းကျွမ်းကျင်ကျင်၊ အချိတ်အဆက်မိမိ၊ သွက်သွက်လက်လက် လုပ်ကိုင်ဆောင်ရွက်ကြကာ မိမိတို့လိုချင်သည့် အရည်အသွေး မရမချင်း အကြိမ်ကြိမ် ပြုလုပ်ရယူကြသည်ကို လေးစားအတုယူဖွယ် တွေ့မြင်ခဲ့ကြရသည်။ အသက်မွေးမှု တစ်ခုပညာဆိုသည့်အတိုင်း အတတ်ပညာကျွမ်းကျင်မှု မြင့်မြင့်မားမားဖြင့် ပညာရှင်အဆင့် အသက်မွေးဝမ်းကျောင်းကြသည့် **Professional** တို့၏ သဘောကိုလည်း စောကြောမိကြသည်။

တစ်ချိန်တည်းမှာပင် မြန်မာတို့၏ အချစ်တော် ကချင်နွယ်ဖွား ကိုယ်ခံပညာပေါင်းစုံ အတိုက်အခိုက်ပညာရှင် ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်က ၎င်း၏ ချန်ပီယံဘွဲ့ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်မှုများကို အပြင်းအထန် ပြုလုပ်နေကြောင်း၊ ၎င်းရင်ဆိုင်ရမည့် စိန်ခေါ်သူ ပြိုင်ဘက်ကို အနိုင်ယူနိုင်ရေးအတွက် ပြိုင်ပွဲစီမံချက်ရေးဆွဲခြင်း၊ ပြိုင်ဘက်၏ အားသာချက် အားနည်းချက်များကို လေ့လာခြင်း၊ ၎င်းထက်ပို၍ အင်အားကြီးမားသူ ဟဲဗီးဝိတ်ကစားသမားများနှင့် ယှဉ်တွဲလေ့ကျင့်ခြင်းတို့ ပြုလုပ်နေကြောင်း သတင်းများကိုလည်း ဖတ်ရှုခဲ့ရသည်။ ကမ္ဘာ့ချန်ပီယံအဆင့်သို့ ရောက်ရှိလာခဲ့သော အောင်လအန်ဆန်၏ ကစားသမားသက်တမ်းတစ်လျှောက်တွင် အောင်ပွဲများရှိခဲ့သလို ရှုံးနိမ့်ခဲ့ရသောပွဲများလည်း ရှိခဲ့သည်။ အလွယ်တကူသက်သက်သာသာဖြင့် ကမ္ဘာ့ချန်ပီယံဘဝသို့ ရောက်ရှိခဲ့ရခြင်းမဟုတ်ဘဲ အောင်ပွဲရရှိရေးအတွက် ဦးတည်ကာ စနစ်တကျစီမံခန့်ခွဲခြင်း၊ မိမိ၏ အားနည်းချက်များကို ပြုပြင်ခြင်း၊ အကြိမ်ကြိမ်အထပ်ထပ်လေ့ကျင့်ခြင်း၊ ရင်ဆိုင်ရမည့် ပြိုင်ဘက်ထက်ပို၍ အင်အားကြီးသူ၊ သာသူများနှင့် ကြိုတင်ယှဉ်ပြိုင်အတွေ့အကြုံယူခြင်းစသည့် ပွဲမဝင်ခင် အပြင်က ကျင်းပမှုများကို ဇွဲနပဲဖြင့် ပြုလုပ်တတ်သူဖြစ်ကြောင်းလည်း ၎င်းနှင့်အင်တာဗျူးများတွင် မကြာခဏ တွေ့မြင်သိရှိကြရသည်။

လေ့ကျင့်သင်ကြားမှု လိုအပ်သည့် အတတ်ပညာတစ်ရပ်ရပ်ကို ကျွမ်းကျွမ်းကျင်ကျင်ပေါက်မြောက်အောင်မြင်စွာ တတ်မြောက်ပြီး ယင်းအတတ်ပညာဖြင့်ပင် အခကြေးငွေယူကာ အသက်မွေးဝမ်းကျောင်းမှုကို ဂုဏ်ယူစွာလုပ်ကိုင်ကြသူများမှာ **Professional** များပင်ဖြစ်သည်။ အနုပညာနယ်ပယ်၊ အားကစားနယ်ပယ်တို့တွင်သာမက ဥပဒေ၊ ဆေးပညာ၊ အင်ဂျင်နီယာ၊ ဗိသုကာ၊ သတင်းမီဒီယာ၊ စီမံခန့်ခွဲမှုစသည့် နယ်ပယ်များစွာတို့မှာ **Professional** များစွာတို့ အသက်မွေးနေကြသည်။ ပညာခေတ်တွင် ပညာဖြင့် အသက်မွေးဝမ်းကျောင်းကြရာ၌ ပညာပြည့်ဝသူ (တစ်နည်း) ပညာရှင်များသာ ထိပ်တန်းအဆင့်သို့ တက်လှမ်းနိုင်သည်ဟု နှလုံးသွင်းလျက် လုံ့လအားထုတ်ကာ ပညာကို ဆည်းပူးနိုင်ကြပါစေကြောင်း။ ။

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ထူးခြားသည့်ညအပူချိန်များမှာ သီပေါမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့၊ မိုင်းယန်းမြို့နှင့် တီးတိန်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မိုးကောင်းမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၀ ဒသမ ၁၉ လက်မစီ၊ မိုးညှင်းမြို့နှင့် ကန့်ဘလူမြို့တို့တွင် ၀ ဒသမ ၁၆ လက်မစီ၊ မချမ်းဘောမြို့နှင့် မူဆယ်မြို့တို့တွင် ၀ ဒသမ ၁၂ လက်မစီနှင့် ကွမ်းလုံမြို့၊ မြစ်ဆုံ၊ တီးတိန်မြို့နှင့် ခန္တီးမြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီတို့ ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ (မိုး/ဇလ)




## နွေရာသီ အားကစားသင်တန်းများ နေပြည်တော်၌ ဖွင့်လှစ်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နွေရာသီ အခြေခံအားကစားသင်တန်းများကို နေပြည်တော်ရှိ ကျောင်းများတွင် အားကစားနည်းရှစ်မျိုးဖြင့် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁၃ ရက်အထိ အားကစားနည်းအလိုက် နည်းပြအင်အား ၁၄၇ ဦးဖြင့် ကျောင်းသား ကျောင်းသူများအား သင်ကြားပေးသွားမည် ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

သင်တန်းသားများ အားကစားအခြေခံနည်းပညာများ စနစ်တကျ တတ်မြောက်စေရန်၊ နောင်တစ်ချိန်တွင် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပရခြင်း ဖြစ်ကြောင်း သိရသည်။ **မောင်လူမော်**

## ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပညာရေးလုပ်ငန်းအစီအစဉ်များအတွက် အသိပေးဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု အစီအစဉ် (SISP)နှင့် လူတိုင်းအကျုံးဝင် အရည်အသွေးမီ ပညာရေးလုပ်ငန်း အစီအစဉ် (IAQE) အသိပေးဆွေးနွေးပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အထက(၄) သီရိရတနာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေနှင့် ကမ္ဘာ့ဘဏ်မှ Education Team Leader ဖြစ်သူ Ms. Marie-Helene တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်း အစီအမံများ၊ ဦးစားပေးမြို့နယ် ရွေးချယ်ခြင်းဆိုင်ရာ အညွှန်းကိန်းများ ဆွေးနွေးတင်ပြခြင်းကို ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူက ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက အုပ်စုငယ်ဖွဲ့ဆွေးနွေးခြင်း၊ အုပ်စုများမှ ပြန်လည်တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ အထွေထွေ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အသိပေးဆွေးနွေးပွဲ၏ ဦးတည်ချက်များဖြစ်သည့် ကမ္ဘာ့ဘဏ်၏ပတ်ဝန်းကျင်နှင့် လူမှုရေးရာ စီမံခန့်ခွဲမှု မူဘောင်ကို ဆွေးနွေးတင်ပြခြင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များ ဖြစ်သည့် အခြေခံပညာရေး၊ ကျောင်းပြင်ပပညာရေး၊ ဆရာ ဆရာမများ အရည်အသွေး တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်မည့် မြို့နယ်များအား သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း မည်သို့ဦးစားပေးတန်းစီဇယားဖြင့် ရွေးချယ်သည်ကို အသိပေး ဆွေးနွေးတင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ကြသည်။

ကမ္ဘာ့ဘဏ်မှ ပညာရေးဝန်ကြီးဌာန၏ ကျောင်းဖွံ့ဖြိုးမှု အထောက်အကူပြု အစီအစဉ်၊ ပညာသင်ထောက်ပံ့ကြေးအစီအစဉ်၊ ဆရာ ဆရာမများ အရည်အသွေး တိုးတက်ရေး အစီအစဉ်၊ ကျောင်းပြင်ပ ပညာရေးအစီအစဉ်နှင့် တိုင်းရင်းသားပညာရေး အစီအစဉ်တို့ကို ပူးပေါင်းပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့သည် အဆိုပါ အစီအစဉ်များကို ၂၀၁၃-၂၀၁၄ ခုနှစ်မှစတင်၍ လက်တွဲဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ်အထိ ဆက်လက် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ယခုနှစ်အတွင်း ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် အသိပေးဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး ကျန်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မြတ်စန္ဒီ**
**ဓာတ်ပုံ - လှမိုး**



ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပညာရေးလုပ်ငန်းအစီအစဉ်များ ဆွေးနွေးနေစဉ်။

## ဝေါမြို့နယ်၌ လုပ်ငန်းခွင် ထိခိုက်သေဆုံးမှုအတွက် အကျိုးခံစားခွင့်ပေးအပ်

**ဝေါ ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ အာမခံအလုပ်သမား ဦးညီညီအောင်၏ အလုပ်တွင် ထိခိုက်သေဆုံးမှုအတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေအရ ငွေကြေးအကျိုးခံစားခွင့် ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်လျှပ်စစ်အင်နီယာရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က လူမှုဖူလုံရေးရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးမြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြို့နယ်လျှပ်စစ်အင်နီယာရုံး (ဝေါမြို့)မှ အာမခံအလုပ်သမား ဦးညီညီအောင်၏ အလုပ်တွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၅၄ သိန်းကို ဝန်ကြီးက သေဆုံးသူ၏ ဇနီးဖြစ်သူထံ ပေးအပ်ခဲ့သည်။

ယင်းနောက် အကျိုးခံစားခွင့် လက်ခံရရှိသည့် အာမခံအလုပ်သမား၏ မိသားစုကိုယ်စား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မိုးဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေအရ ငွေကြေးအကျိုးခံစားခွင့်အလုပ်တွင် ထိခိုက်မှုအတွက် ခွင့်ပြုရမည့် အကျိုးခံစားခွင့် နာရေးစရိတ်ငွေကျပ် ၇၅၀၆၀၀ နှင့် ကျန်ရစ်သူ ငွေကျပ် ၅၄ သိန်းကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြတ်လင်း( ပြန်/ဆက်)**

*ထင်သာမြင်သာပြုပြင်စရာ*

## စာမေးပွဲကာလ ဆူညံသံကင်းဝေးရေး ဆောင်ရွက်ပေးစေလို

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မကြာမီ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ဆူညံသံကင်းဝေးရေးအတွက် အသံချဲ့စက်နှင့် အသံကျယ်သည့် အိတ်ဇောတပ်ဆင်မောင်းနှင်သည့် မော်တော်ဆိုင်ကယ်များကို ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း ကျောင်းသားမိဘများက ပြောသည်။

မုဒုံမြို့နယ်တွင် အလှူမင်္ဂလာ အခမ်းအနားကို အကြောင်းပြုပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသည့်ကာလအတွင်း အသံချဲ့စက်များ အသုံးပြုရာတွင် အသံကျယ်လောင်စွာ အသုံးပြုမှုများနှင့် ပြည်သူများ နားမခံနိုင်အောင် ဆူညံသံများကို ကျေးလက်ဒေသ အနှံ့အပြားတွင် ကြုံတွေ့နေရသည်။

အများပြည်သူအကြား ဆူညံသံဖြစ်စေသည့် အသံချဲ့စက်များနှင့် အသံကျယ်သည့် အိတ်ဇောတပ်ဆင်မောင်းနှင်သည့် ဆိုင်ကယ်များကို သက်ဆိုင်ရာက စာမေးပွဲကာလအတွင်း အလေးထား အရေးယူပေးရန် လိုအပ်ကြောင်း ကျောင်းသား ကျောင်းသူများက ပြောဆိုနေကြသည်။

**မုဒုံမောင်မောင်**


ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ


ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်


ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း


ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်

**"အထူးစီးပွားရေး ဇုန်များသည် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလွန်အရေးပါပြီး ဒေသခံ ပြည်သူများ အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိသည့် အထူးစီးပွားရေးဇုန်များ ထိရောက်အောင်မြင်စွာ အကောင် အထည် ဖော်နိုင်ရေးအတွက် စနစ်တကျသေချာစွာ ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်ကြရမည်"**

❊ *ရှေ့စာမျက်နှာမှ*

အစည်းအဝေးတွင် ဒုတိယသမ္မတက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အထူးစီးပွားရေးဇုန်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါပါကြောင်း၊ အထူးစီးပွားရေးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း။

**လည်ပတ်နေသည့် စက်ရုံ ၆၅ ရုံထိရှိ**

အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အထူးစီးပွားရေးဇုန် (၃)ဇုန်ရှိသည့်အနက် သီလဝါအထူးစီးပွားရေးဇုန်သည် အတော်အတန် ခရီးရောက်နေပြီဟုဆိုရမည် ဖြစ်ပါကြောင်း၊ ကုမ္ပဏီပေါင်း ၁၀၅ ခုအထိ ရင်းနှီးမြှုပ်နှံထားပြီး ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံထိ တိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ လက်ရှိလည်ပတ်နေသည့် စက်ရုံ ၆၅ ရုံထိ ရှိနေပြီဖြစ်ပါကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ကြည့်မည်ဆိုလျှင် ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် တင်ဒါအောင်မြင်ထားသည့် CITIC Group ကုမ္ပဏီနှင့် Framework Agreement ရေးထိုးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် Transaction Document များ၊ EIA၊ SIA၊ G.T survey ကိစ္စရပ်များကို ဆက်လက်ညှိနှိုင်း ဆွေးနွေးနေသည်ဟု သိရပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ရပ်တန့်မသွားစေဘဲ အချိန်နှင့်တစ်ပြေးညီ တိုးတက်မှုရရှိရေး စီမံဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ပထဝီနိုင်ငံရေးနှင့် ဆက်နွှယ်မှုရှိသည့်အတွက် ညှိနှိုင်းမှုများဆောင်ရွက်ရာတွင် စေ့စပ်သေချာစွာ ဆောင်ရွက်ကြစေလိုပါကြောင်း။

**အစိုးရချင်း ပူးပေါင်းညှိနှိုင်း**

ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ခဲ့မှုကို ကြည့်မည်ဆိုလျှင် တိုးတက်မှုနှေးကွေးအားနည်းနေသည်ကို တွေ့ရပါကြောင်း၊ တိုးတက်မှုအနေဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်မှ ထီးခီးသို့ ဆက်သွယ်ထားသည့် နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင် ဖောက်လုပ်ခြင်းအား ထိုင်းနိုင်ငံမှ NEDA နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ Terms of Reference (TOR) မူကြမ်း ညှိနှိုင်းနိုင်ခဲ့ပြီး ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ တိုးတက်မှုနှေးကွေးနေသည့်အပိုင်းသည် ကနဦးစီမံကိန်းများ ရှေ့ဆက်နိုင်ရေးဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ရာတွင် အစိုးရချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအပိုင်းများရှိသကဲ့သို့ ပုဂ္ဂလိကကုမ္ပဏီ ITD နှင့် ညှိနှိုင်းဆောင်ရွက်ရသည့်အပိုင်းများလည်း ရှိပါကြောင်း၊ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဥပဒေကြောင်းအရ ကြိုတင်လေ့လာသုံးသပ်ထားမှုများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် အစီအမံများကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးကြစေလိုပါကြောင်း၊ ကနဦးစီမံကိန်းများ နှေးကွေးနေသည့်အတွက် မြန်မာ-ထိုင်း- ဂျပန် သုံးနိုင်ငံ ညှိနှိုင်းဆောင်ရွက်ရမည့်သဘော ဖြစ်ပါကြောင်း၊ ထားဝယ်ဇုန်နှင့်ပတ်သက်၍ (Joint Coordination Committee - JCC) ညှိနှိုင်းအစည်းအဝေးခေါ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်များကို ထိရောက်သည့် တိုးတက်မှုများရရှိရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းများအတွက် ဖွဲ့စည်းထားသည့် (Special Purpose Vehicle – SPV) အခန်းကဏ္ဍ ပိုမိုလှုပ်ရှားရှင်သန်တက်ကြွစွာ ဆောင်ရွက်နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ကြစေလိုပါကြောင်း၊ ပင်မစီမံကိန်းစတင်နိုင်ရန် မည်သို့သောနည်းလမ်းများဖြင့် ဆောင်ရွက်သင့်သည်ကို ဆွေးနွေးကြစေလိုပါကြောင်း။

**အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းတစ်ခုဖြစ်**

အထူးစီးပွားရေးဇုန်များသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါပြီး ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အထူးစီးပွားရေးဇုန်များ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် စနစ်တကျသေချာစွာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများ ယုံကြည်စိတ်ချစွာ လာရောက်ရင်းနှီးမြှုပ်နှံရန် လိုပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် ဥပဒေနှင့်အညီ ဝန်ဆောင်မှုပေးရမည့်ကိစ္စရပ်များ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့်လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများဖြင့် ကိုက်ညီသည့် အာမခံချက်များပေးနိုင်မှသာ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာမည်ဖြစ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ပြည်သူတို့၏ အကျိုးစီးပွား ဖြစ်ထွန်းအောင်မြင်ရေးကိုရှေးရှု၍ ပွင့်လင်းမြင်သာစွာ ဆွေးနွေးပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်ဆိုင်ရာများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုအဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အထူးစီးပွားရေးဇုန်များ၌ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဗဟိုအဖွဲ့မှ ဆုံးဖြတ်ရမည့်အချက်များ၊ မှတ်တမ်းတင်ရန်အချက်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗဟိုအဖွဲ့တွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်ထူးက မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၈)ဆုံးဖြတ်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဆန်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးတို့က သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးသိန်းဆွေနှင့် ဒေါက်တာသန်းမြင့်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ဦးဖြိုးမင်းသိန်းနှင့် ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က သီလဝါ၊ ထားဝယ်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။

**အောင်မြင်မှုများ ဆက်လက်ထိန်းသိမ်း**

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ဘက်ပေါင်းစုံ ရှုထောင့်ပေါင်းစုံ ရှုမြင်သုံးသပ်၍ ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲ အထူးစီးပွားရေးဇုန်များနှင့် ပတ်သက်၍ စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက်မျှတသည့် အကျိုးရလဒ်များရရှိရန် ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဖြစ်ရန်လိုအပ်ပြီး ပြုပြင်ပြောင်းလဲရန် လိုအပ်ပါက ပြုပြင်ပြောင်းလဲကြရမည် ဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်များ၏ အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းကြရမည် ဖြစ်ပါကြောင်း။

**ကမ္ဘာ့အဆင့်မီတိုးတက်စေရန် အမြဲတမ်းလေ့လာ**

ကြုံတွေ့နေရသည့် မြေယာဆိုင်ရာတင်ပြမှုများနှင့် အခြားကိစ္စရပ်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းဖြေရှင်းပေးကြရမည် ဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် စက်မှုဇုန်အားလုံးအတွက် စံပြပုံစံတစ်ခုဖြစ်သည့်အတွက် ကျင့်သုံးသည့်စနစ်များကို ကမ္ဘာ့အဆင့်မီတိုးတက်စေရန် အမြဲတမ်းလေ့လာ ပြုပြင်ပြောင်းလဲဆောင်ရွက်ပေးကြပါဟု တိုက်တွန်းလိုပါကြောင်း၊ ထို့အတူ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းပါဝင်ညှိနှိုင်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့်ပတ်သက်၍ ဆက်လက်ညှိနှိုင်းရမည့် ကိစ္စရပ်များ အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများအနေဖြင့် နိုင်ငံ၏အကျိုးစီးပွား ဖြစ်ထွန်းရေးကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ ကျောက်ဖြူစီမံကိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ One Belt One Road စီမံကိန်းနှင့် ဆက်စပ်နေသည့်အတွက် အချိန်ကိုက်လုပ်ဆောင်ရမည့်အပိုင်းများ ရှိလာနိုင်ပါကြောင်း။

ထားဝယ်ဇုန်နှင့် ပတ်သက်၍ (Joint Coordination Committee - JCC ) အစည်းအဝေးရလဒ်များအပေါ် အခြေခံ၍ (Joint Higher Committee - JHC) အစည်းအဝေးကို လိုအပ်ပါက ညှိနှိုင်းကျင်းပနိုင်ရေးဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။


ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ


ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်


ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်


ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး

**Time Frame ချမှတ်ဆောင်ရွက်**

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ထားဝယ် - ထီးခီး နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို Time Frame ချမှတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ဗဟိုအဖွဲ့အစည်းအဝေးကို စောင့်နေရန်မလို**

စေ့စပ်ဆွေးနွေးမှုများ ဆောင်ရွက်ကြရာတွင် မူဝါဒရေးရာအရ အဆုံးအဖြတ်ရယူရမည့် ကိစ္စရပ်များရှိပါက ဗဟိုအဖွဲ့အစည်းအဝေးကို စောင့်နေရန်မလိုဘဲ ဗဟိုအဖွဲ့ဥက္ကဋ္ဌထံ အချိန်နှင့်တစ်ပြေးညီ တင်ပြလာပါက အဆုံးအဖြတ်များရရှိရန် တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်း**

အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အထူးစီးပွားရေးဇုန်များကို အစိုးရသက်တမ်းတစ်ခုကာလအတွင်း အတိုင်းအတာတစ်ခုအထိ တိုးတက်လာစေပြီး ပြည်သူများ လက်တွေ့အကျိုးခံစားမှုများရရှိစေရေးနှင့် မျှော်လင့်ချက်များ ရှင်သန်လာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံမြောက်ပိုင်းဒေသနှင့် နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှုရှိစေရေး ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ်အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ဘူးသီးတောင်၊ မောင်တောဒေသသို့ သွားရောက်လေ့လာခဲ့ပြီး မြန်မာနိုင်ငံဘက်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေး ဆောင်ရွက်ထားရှိမှုများအား တွေ့ရှိခဲ့ရမှုနှင့် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်၏ ဆောင်ရွက်ချက်များအား ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် ထောက်ခံရပ်တည်ပေးနေမှု၊ မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်တွင် ARSA အကြမ်းဖက်သောင်းကျန်းသူများနှင့် AA သောင်းကျန်းသူများပူးပေါင်းပြီး ရခိုင်ပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိအောင် ဆောင်ရွက်နေသည့်အခြေအနေများ၊ ၂၀၂၀ ခုနှစ် တွင် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန် တပ်မတော်မှ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများ၊ ထိုသို့ဆောင်ရွက်နေခြင်းအပေါ် တရုတ်နိုင်ငံအနေဖြင့် ထောက်ခံအားပေး ကူညီဆောင်ရွက်ပေးနေမှု၊ မြန်မာနိုင်ငံမြောက်ပိုင်းဒေသနှင့် နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှုရှိစေရေး ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစီမံကိန်းအကောင်အထည်ဖော်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**မြန်မာနိုင်ငံစီမံကိန်း (Country Programme ၂၀၁၄-၂၀၁၉) အကောင်အထည်ဖော်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးစုစည်းခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အစည်းအဝေးသို့ စီမံကိန်းအကောင်အထည်ဖော်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂)၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး (UNODC)၏ မြန်မာနိုင်ငံဆိုင်ရာ Country Manager Mr. Troels Vester နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



**မြန်မာနိုင်ငံစီမံကိန်း (Country Programme ၂၀၁၄-၂၀၁၉) အကောင်အထည်ဖော်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပစဉ်။**

**ရှင်းလင်းဆွေးနွေး**

အစည်းအဝေးတွင် မြန်မာနိုင်ငံစီမံကိန်း၏ လုပ်ငန်းနယ်ပယ် ငါးရပ်ဖြစ်သော နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့ ကျူးလွန်မှုများနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတိုက်ဖျက်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ပြစ်မှုဆိုင်ရာတရားစီရင်ရေး၊ မူးယစ်ဆေးဝါးနှင့် ကျန်းမာရေး၊ ရေရှည်တည်တံ့သည့် အသက်မွေးဝမ်းကျောင်းနှင့် ဖွံ့ဖြိုးရေးတို့နှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အချက်များ၊ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းဆွေးနွေးကြပြီး ၂၀၁၉ ခုနှစ်တွင် ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးကြသည်။

**သတင်းစဉ်**

# စစ်တွေမြို့နယ်၌ အခြေခံအပ်ချုပ်စက်သင်တန်းဆင်းပွဲကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် အခြေခံအပ်ချုပ်စက်သင်တန်း အမှတ်စဉ် (၄/၂၀၁၉)ဆင်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့နယ် သင်ပုန်းတန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် စစ်တွေမြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအေးသိန်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော သင်တန်းသူများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးသိန်း၊ မြို့နယ်အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ စစ်တွေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်သက်နှင်းဖြိုးတို့က ဆုများပေးအပ်ချီးမြှင့်ပေးကြပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါချစ်က နှစ်သိမ့်ဆုရရှိသူများအား လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးက သင်တန်းဆင်းလက်မှတ်များအား လည်းကောင်း ပေးအပ်ကြသည်။




အဆိုပါသင်တန်းတွင် ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းမှ သင်တန်းဆရာမများက တစ်လကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး သင်ပုန်းတန်းကျေးရွာမှ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြကြောင်း၊ သင်တန်း၌ ဆုရရှိသူများအား ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ အပ်ချုပ်စက်တစ်လုံးစီ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် **အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ [The Yeomanry Development Party (YDP)]** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့် (၅)လမ်း၊ မြေညီထပ်၊ အမှတ်(၉)တွင် ပါတီရုံးချုပ်တည်ရှိသော **အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ [The Yeomanry Development Party (YDP)]** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၇-၂-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ**
**[The Yeomanry Development Party (YDP)] ၏ အလံပုံစံ**



**အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ**
**[The Yeomanry Development Party (YDP)] ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီး၊ ကာယ(၁၂)လမ်း၊ အမှတ်(၄/၃၆၁)တွင် ပါတီရုံးချုပ်တည်ရှိသော **စေ့စပ်ညှိနှိုင်းရေးနှင့်တည်ငြိမ်အေးချမ်းရေးပါတီ**သည် ၎င်းတို့၏ ပါတီအမည်အား **လူထုပါတီ (The Party for People)** ဟု အမည် ပြောင်းလဲခွင့်ပြုပါရန် ၁၅-၂-၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလျှောက်ထားလာပါသည်။

၂။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **လူထုပါတီ (The Party for People)** ဟူသည့် အမည်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် တရုတ်နိုင်ငံအာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းတို့ တွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းတို့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံစဉ် ဝန်ကြီးဌာနက မြန်မာနိုင်ငံအတွင်းရှိ ဖွံ့ဖြိုးမှုနောက်ကျကျန် နေခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု၊ နယ်စပ်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများ၊ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆိုင်ရာများ၊ နိုင်ငံတော်အစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။**

ဆွေးနွေးပွဲတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက စွမ်းရည်ပြည့်ဝသော လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများနှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ လူတစ်ဦးချင်းစီ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် လူမှုကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းဖြင့် ဆောင်ရွက်ရကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို တိတိကျကျ ကြိုတင်ဆောင်ရွက်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုများကို ဟန့်တားနှောင့်နှေးစေနိုင်သည့် ကိစ္စများကို လျော့နည်းအောင်ကာကွယ်ခြင်းဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် မသန်စွမ်းများနှင့် စပ်လျဉ်း၍ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းကော်မတီများ ပေါ်ပေါက်ခဲ့ပြီး မဟာဗျူဟာကို ရေးဆွဲနေပြီဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး ဦးစားပေးလုပ်ငန်း(၈)ချက်တွင် မသန်စွမ်းသူများအား ထောက်ပံ့ပေးခြင်း ပါဝင်ကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် ကလေးသူငယ်များ၏ ကြီးထွားမှုနှင့်ဖွံ့ဖြိုးမှုကို တိုင်းတာစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် မသန်စွမ်းမှုများကို လျော့ချနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန် ပညာရပ်ကျွမ်းကျင်သူများ လိုအပ်ကြောင်း။

မသန်စွမ်းသူများအတွက် ပိုမိုထိရောက်သော ထောက်ပံ့မှုများနှင့် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးစသည့်အခွင့်အရေးတို့ကို ဖြည့်ဆည်းပေးနိုင်ရန် မသန်စွမ်းအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စာရင်းဇယားများ တိတိကျကျရရှိရန် အရေးကြီးကြောင်း၊ မသန်စွမ်း အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ကနဦးအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် စမ်းသပ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယနေ့ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း အစည်းအဝေးသည် မသန်စွမ်းသူများ၏ အခွင့်အရေးကို ဖော်ဆောင်ရာတွင် အရေးကြီးသည့် အစိတ်အပိုင်းကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆွေးနွေးမှုများတွင် နိုင်ငံတကာ၏ အတွေ့အကြုံများကို လေ့လာပြီးသူများ၊ ကျွမ်းကျင်ပညာရှင်များ ပါဝင်ကြမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ချက်များ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ယူနီဆက်(မြန်မာ)မှ ဌာနေကိုယ်စားလှယ် Ms. June Kunugi က မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များက ဦးဆောင်၍ ဖေဖော်ဝါရီ ၂၈ ရက်အထိ မသန်စွမ်းသူများ၏ မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ၌ တာဝန်ယူဆောင်ရွက်ရမည့် အခန်းကဏ္ဍများ၊ မသန်စွမ်းမှုအဆင့် စိစစ်သတ်မှတ်သည့် အဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ မသန်စွမ်းသူများအသင်းအဖွဲ့နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်တို့ အပါအဝင် မသန်စွမ်းသူများအတွက် ဆောင်ရွက်နေသော အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊ မှတ်ပုံတင်ကြီးကြပ်ရေးမှူး ရွေးချယ်ရန် စံနှုန်းများ၊ မှတ်ပုံတင်ကြီးကြပ်ရေးမှူး၏ တာဝန်များ၊ မှတ်ပုံတင်ကြီးကြပ်ရေးမှူးအတွက် လိုအပ်သောပံ့ပိုးမှုများနှင့် မသန်စွမ်းသူများ မှတ်ပုံတင်လျှောက်ထားရန် လွှဲပို့ခြင်းနှင့် လုပ်ငန်းစဉ် အဆင့်ဆင့်တွင် မသန်စွမ်းသူများအတွက် လိုအပ်သော ပံ့ပိုးမှုများဆောင်ရွက်ပေးရန် စသည့် အချက်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# JICA ၏ CREATE Team အဖွဲ့က ကျောင်းသုံးစာအုပ်ဆိုင်ရာ လိုအပ်သည့် အရည်အသွေးများ ရှင်းလင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၈

**၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးနှင့် ပတ်သက်၍ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ CREATE Team (Curriculum Reform at Primary Level of Basic Education) အဖွဲ့က ကျောင်းသုံးစာအုပ်ဆိုင်ရာ လိုအပ်သည့် အရည်အသွေးများ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။**



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း JICA ၏ CREATE Team အဖွဲ့က ကျောင်းသုံးစာအုပ်ဆိုင်ရာ လိုအပ်သည့် အရည်အသွေးများ ရှင်းလင်းတင်ပြသည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားတွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမှာစကားပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် JICA မှ Project Coordinator Hikari Miyahara နှင့် Printing Technology Specialist Mr. Fumitaka Sato တို့က ကျောင်းသုံးစာအုပ်ဆိုင်ရာ အရည်အသွေး ပိုမိုမြင့်တင်နိုင်ရေးအတွက် ကျောင်းသုံးစာအုပ်များ၏ အရည်အသွေးစံချိန်စံညွှန်းများနှင့် ကုန်ကြမ်းများ၏ အရည်အသွေး၊ ပုံနှိပ်လုပ်ငန်းဆောင်ရွက်ရာတွင်ရှိသင့်သည့် အရည်အသွေးများနှင့် JICA မှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်(၂၀၁၉-၂၀၂၀) ပညာသင်နှစ်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များပုံနှိပ်ဆောင်ရွက်နေမှုနှင့် ပတ်သက်သည့် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ဆောင်ရွက်နေမှု၊ ကျောင်းသုံးစာအုပ်ထုတ်လုပ်ရန် လျာထားမှု၊ ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များကို ပုဂ္ဂလိကသို့ အပ်နှံမှုနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနတို့မှ ရိုက်နှိပ်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (၂၀၁၉-၂၀၂၀) ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဆောင်ရွက်ရန် ကုန်ကြမ်းရောက်ရှိမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းသည်။

### ဖြည့်စွက်ညှိနှိုင်းဆွေးနွေး

ယင်းနောက် ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေသူများအသင်း (ရန်ကုန်)၊ အထက်မြန်မာပြည် ပုံနှိပ်ထုတ်ဝေသူများအသင်း(မန္တလေး)နှင့် Excellent Printing Group တို့မှ တာဝန်ရှိသူများက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ တင်ပြကြပြီး တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ညှိနှိုင်း ဆွေးနွေးသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှုန်းအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှုန်းအား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် မြောက်ပိုင်းမှ နေရပ်စွန့်ခွာသူများ ပြန်လည်လွှဲပြောင်းလက်ခံရေးအတွက် မြန်မာနိုင်ငံက အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ဦးဝင်းကျော်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် အာရှရေးရာ အထူးကိုယ်စားလှယ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှုန်းအား လက်ခံတွေ့ဆုံစဉ်။

# တောင်တရုတ်ပင်လယ်တွင် နိုင်ငံများလိုက်နာရမည့် ကျင့်ထုံးဆိုင်ရာ ကြေညာစာတမ်း အကောင်အထည်ဖော်ရေး အာဆီယံ-တရုတ်ပူးတွဲလုပ်ငန်းအဖွဲ့၏(၂၇) ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

တောင်တရုတ်ပင်လယ်တွင် နိုင်ငံများလိုက်နာရမည့် ကျင့်ထုံးဆိုင်ရာ ကြေညာစာတမ်း အကောင်အထည်ဖော်ရေး အာဆီယံ-တရုတ် ပူးတွဲလုပ်ငန်းအဖွဲ့၏ (၂၇)ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်တွင် အိမ်ရှင်အဖြစ်ကျင်းပခဲ့ရာ အစည်းအဝေးသို့ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။



တောင်တရုတ်ပင်လယ်တွင် နိုင်ငံများလိုက်နာရမည့် ကျင့်ထုံးဆိုင်ရာ ကြေညာစာတမ်း အကောင်အထည်ဖော်ရေး အာဆီယံ-တရုတ်ပူးတွဲလုပ်ငန်းအဖွဲ့၏ (၂၇)ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။

အစည်းအဝေး၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့သည် တောင်တရုတ်ပင်လယ်တွင် လိုက်နာရမည့်ကျင့်ထုံးဆိုင်ရာ တစ်ခုတည်းသော ညှိနှိုင်းစာသားမူကြမ်းကို ဆွေးနွေးခဲ့ကြပြီး တောင်တရုတ်ပင်လယ်အရေးကိစ္စ ဖြစ်ပေါ်တိုးတက်မှုများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြကာ တောင်တရုတ်ပင်လယ်တွင် နိုင်ငံများလိုက်နာရမည့် ကျင့်ထုံးဆိုင်ရာ ကြေညာစာတမ်း (Declaration on the Conduct of Parties in the South China Sea-DOC) အကောင်အထည်ဖော်မှုနှင့် တောင်တရုတ်ပင်လယ်တွင် လိုက်နာရမည့် ကျင့်ထုံးဆိုင်ရာတစ်ခုတည်းသော ညှိနှိုင်းစာသားမူကြမ်း ဆွေးနွေးမှု၏ တိုးတက်မှုအခြေအနေတို့ကို အသိအမှတ်ပြုခဲ့ကြသည်။

ထို့ပြင် အစည်းအဝေးတွင် တောင်တရုတ်ပင်လယ်တွင်း ငြိမ်းချမ်းလုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု ဆက်လက်ထိန်းသိမ်းရေးနှင့် တိုးမြှင့်ရေးတို့၏ အရေးကြီးပုံကို ထပ်လောင်းအတည်ပြုကြပြီး တည်ငြိမ်အေးချမ်း၍ သာယာဝပြောသည့် တောင်တရုတ်ပင်လယ်အဖြစ်ရှိခြင်း၏ အကျိုးကျေးဇူးကိုလည်း အသိအမှတ်ပြုကြသည်။

ဖေဖော်ဝါရီ ၂၇ ရက် ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ခန့်ဆုမ်းက အစည်းအဝေးတက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့များအား နေပြည်တော်ရှိ M Gallery Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အာဆီယံ-တရုတ်ပူးတွဲလုပ်ငန်းအဖွဲ့၏ (၂၈)ကြိမ်မြောက် အစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ၂၀၁၉ ခုနှစ်၊ မေလတွင် တောင်တရုတ်ပင်လယ်တွင် နိုင်ငံများ လိုက်နာရမည့် ကျင့်ထုံးဆိုင်ရာကြေညာစာတမ်း အကောင်အထည်ဖော်ရေး (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ်အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် တစ်ဆက်စပ်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၅၀၀၀ ကျော်ခန့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အဆိုပြုထား

**စစ်တွေ ဖေဖော်ဝါရီ ၂၈**

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ- ၂၀၁၉ ကို ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေတွင် အောင်မြင်စွာကျင်းပခဲ့ပြီး ပြည်တွင်း ပြည်ပမှလုပ်ငန်းရှင်များသည် ရခိုင်ပြည်နယ်အတွင်း၌ အမေရိကန်ဒေါ်လာ သန်း ၅၀၀၀ ကျော်ခန့် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အဆိုပြုခဲ့ကြောင်း ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာထူးမင်းသိမ်းက ပြောသည်။

"ရင်းနှီးမြှုပ်နှံမှုပြပွဲမှာ လက်မှတ်ထိုးဖြစ်တာ အခု ၃၀ ရှိပါတယ်။ EOI လို့ခေါ်တဲ့ Expression of Interest အနေနဲ့က ၂၇ ခု၊ project proposal က နှစ်ခု၊ ကုမ္ပဏီအချင်းချင်း B to B ထိုးတဲ့ MoU က တစ်ခု ဖြစ်ပါတယ်။ ပွဲကိုတက်ရောက်ကြတဲ့ ပြည်တွင်းပြည်ပက လုပ်ငန်းရှင်တွေက ရခိုင်ပြည်နယ်မှာရှိတဲ့ အလားအလာတွေအပေါ် စိတ်ဝင်စားပြီးတော့ သူတို့လုပ်ကိုင်လိုတဲ့ ကဏ္ဍအပေါ်မှာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဘယ်လောက်လုပ်ဖို့ စိတ်ဝင်စားပါတယ်ဆိုတဲ့ အဆိုပြုချက်တွေ ဖြစ်ပါတယ်။ တန်ဖိုးအနေနဲ့ပြောရရင် အမေရိကန်ဒေါ်လာ ၅၂၄၉ သန်း ရှိပါတယ်" ဟု ၎င်းက ပြောသည်။

ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အဆိုပြုရာ၌ ဟိုတယ်နှင့် ခရီးသွားကဏ္ဍကို အထူးစိတ်ဝင်စားမှု များပြားပြီး စိုက်ပျိုးရေး၊ စွမ်းအင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်မှု၊ ဆောက်လုပ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားကဏ္ဍတွင်လည်း စိတ်ဝင်စားမှုရှိကြောင်း သိရသည်။

"ဟိုတယ်နဲ့ခရီးသွားလာရေးကဏ္ဍမှာ စိတ်ဝင်စားမှုရှိတဲ့ နေရာတွေကို ပြောရရင် မာန်အောင်နဲ့ ငပလီကမ်းခြေတစ်ဝိုက်ရှိမယ်၊ ဂွကမ်းခြေရှိမယ်။ အဲဒီနေရာတွေက ဟိုတယ်နဲ့ ခရီးသွားကဏ္ဍမှာ စိတ်ဝင်စားမှုအရှိဆုံးလို့ ပြောလို့ရပါတယ်။ မွေးမြူရေးနဲ့ ရေလုပ်ငန်းမှာဆိုရင် ရခိုင်ပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်းကိုပါ စိတ်ဝင်စားမှုရှိတယ်။ အဓိကက ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းအတွက် ဝင်ရောက်လာဖို့ရှိတယ်။ ပြည်နယ်အစိုးရက လုပ်ငန်းတွေ အကောင်အထည်ဖော်နိုင်ဖို့ စတင်ဖိတ်ခေါ်နေပါပြီ။ လုပ်ငန်းရှင်တွေဘက်ကလည်း ဆက်သွယ်မှုတွေ ရှိနေပါပြီ"ဟု ဒေါက်တာထူးမင်းသိမ်းက ပြောသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုပိုမိုများပြားနေပြီး ရင်းနှီးမြှုပ်နှံရန် အဆိုပြုထားမှု ၁၄ ခုရှိကြောင်း၊ ဟိုတယ်လုပ်ငန်းသည် သဘောသဘာဝအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းအမြောက်အမြား ဖန်တီးပေးနိုင်သည့် လုပ်ငန်းအမျိုးအစားတစ်ခုဖြစ်သည့်အတွက် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ငပလီကမ်းခြေ၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်ထိ ကျင်းပခဲ့သည့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲသို့ ပြည်တွင်း ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင် ၆၀၀ ကျော် တက်ရောက်ခဲ့ပြီး ပြပွဲကာလအတွင်း ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အလားအလာရှိသည့် နေရာများသို့ သွားရောက်လေ့လာသည့် ခရီးစဉ်များလည်း ပါဝင်ခဲ့သည်။

**ဟန်လင်းနိုင်၊ ရာမည**



ရခိုင်ပြည်နယ် ငပလီကမ်းခြေ၌ ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များ လေ့လာကြစဉ်။

# အာဆီယံ - ဟောင်ကောင် (တရုတ်) ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်အား အတည်ပြုရန်ကိစ္စ လွှတ်တော်က သဘောတူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်

**အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို** လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းထားရှိသော အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီတို့ကို ၂၀၁၆ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး တစ်နှစ်လျှင်တစ်ကြိမ် နှစ်စဉ်သက်တမ်းတိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီအဖွဲ့ဝင် မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးအစား မြောင်းမြမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူအားလည်းကောင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ဝင်းကိုကို အစား တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ဇော်ဝင်းအားလည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ပူးပေါင်းကော်မတီနှစ်ခု၏ သက်တမ်းကို ၂၀၁၉ ခုနှစ် မတ် ၁ ရက်မှစ၍ သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ခြင်းနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီအဖွဲ့ဝင် နှစ်ဦးပြောင်းလဲတာဝန်ပေးအပ်ခြင်းတို့ကို အတည်ပြုရန် လွှတ်တော်၏ သဘောတူညီချက်ရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး တစ်နှစ်လျှင်တစ်ကြိမ် နှစ်စဉ်သက်တမ်းတိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မရှင်အတွက် နောက်ထပ်တစ်နှစ်သက်တမ်းထပ်မံတိုးမြှင့်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ မူကြမ်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပါကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ကော်မရှင်အတွက် ၂၀၁၉ခုနှစ် မတ် ၁ ရက်မှစ၍ နောက်ထပ်သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ခြင်းကို အတည်ပြုရန် လွှတ်တော်၏ သဘောတူညီချက်ရယူရာ သဘောမတူသူရှိသည့်အတွက် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၂၀မဲ၊ ကန့်ကွက်မဲ ၅၅၅ မဲ၊ ကြားနေမဲ ၁၀မဲ ဖြစ်၍ ကန့်ကွက်ဆန္ဒမဲများသဖြင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် သက်တမ်းတစ်နှစ်ထပ်မံတိုးမြှင့်ခြင်းကို လွှတ်တော်က အတည်မပြုကြောင်း ကြေညာသည်။

## တီထွင်မှု မူပိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြ

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။**

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်း က **လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ** ကို ဖတ်ကြားတင်ပြရာတွင် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်များအပြင် လွှတ်တော်နှစ်ရပ်က အတည်ပြုခဲ့သည့် ဥပဒေကြမ်းအပေါ်တွင်လည်း ထပ်မံလေ့လာစိစစ်ခဲ့ရာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၈ အရ ဖြည့်စွက်အကြံပြုချက်အနေဖြင့် ဥပဒေကြမ်း၏ အပိုဒ် ၃ အပိုဒ်ခွဲ (ဂ)ကို ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အသစ်ပြင်ဆင်ချက်အတိုင်း အတည်ပြုပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၂ နှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီက အစီရင်ခံစာ တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၃၊ နည်းဥပဒေခွဲ(ဂ)နှင့်အညီ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။


မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ဦးအေးမင်းဟန်


စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်


လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို


ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ

## အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်အသက်ဝင်ရေးအတွက် အတည်ပြုကြောင်း အသိပေးအကြောင်းကြားစာကို စာချုပ်ဝင်နိုင်ငံအားလုံးသို့ ပေးပို့ရန်ကိစ္စ ဆွေးနွေး

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်အသက်ဝင်ရေးအတွက် အတည်ပြုကြောင်း အသိပေးအကြောင်းကြားစာကို စာချုပ်ဝင်နိုင်ငံအားလုံးသို့ ပေးပို့ရန်ကိစ္စနှင့်စပ်လျဉ်း၍** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ဦးအေးမင်းဟန် က ယခုသဘောတူစာချုပ်သည် မြန်မာနိုင်ငံနှင့် ဟောင်ကောင်အကြား Trade Balance ကွာဟမှုမရှိခြင်းကြောင့် မြန်မာနိုင်ငံအတွက် ဆိုးကျိုးနည်းပြီး ကောင်းကျိုးပိုများစေပါကြောင်း၊ သို့သော် သယံဇာတအမျိုးအစားများ ပါဝင်ပတ်သက်၍ ကန့်သတ်ထားမှုများ ရှိသင့်ပါကြောင်း၊ အဆိုပါ ကန့်သတ်ချက်များအပေါ် အခြေခံ၍ မြန်မာနိုင်ငံအနေဖြင့် သင့်လျော်သည့် ကုန်ပစ္စည်းများကို ထုတ်လုပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကန့်သတ်ချက်များအပေါ် အခြေခံ၍ ကုန်ထုတ်လုပ်ငန်းများကို လုပ်ဆောင်နိုင်မှသာ အထူးထုတ်ကုန် ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အထူးထုတ်ကုန်ကို အခြေခံသည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မှသာ ထုတ်လုပ်မှုကုန်ကျစရိတ်လျော့နည်းလာမည်ဖြစ်ပြီး ကုန်ထုတ်စွမ်းအားလည်းမြင့်တက်လာမည် ဖြစ်ပါကြောင်း၊ သို့မှသာ လွတ်လပ်သောကုန်သွယ်မှုကို ဖော်ဆောင်သည့်အချိန်တွင် အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်မည် ဖြစ်ပါကြောင်း၊ လွတ်လပ်သောကုန်သွယ်မှုကို စိန်ခေါ်နိုင်ရန်အတွက် မိမိတို့နိုင်ငံအနေဖြင့် သယံဇာတအမျိုးအစားများကို ကန့်သတ်၍ အထူးထုတ်ကုန်ကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဦးသန်းစိုး(ခေါ်)သန်းစိုး (ဘောဂဗေဒ) နှင့် ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် အဆိုပါ စာချုပ်အသက်ဝင်ပြီးပါက စာချုပ်ဝင်နိုင်ငံများအကြား နိုင်ငံ(၁၀)နိုင်ငံ စုစည်းထားသော ဈေးကွက်တစ်ခုဖြစ်သည့်အာဆီယံနှင့် ကမ္ဘာ့ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအင်အားကြီးနိုင်ငံတစ်ခုဖြစ်သည့် ဟောင်ကောင် (တရုတ်) တို့အကြား စီးပွားရေးဆက်သွယ်မှုကို ပိုမိုခိုင်မာစေမည့် စာချုပ်တစ်ခုဖြစ်သည့်အတွက် ခိုင်မာသည့်ပူးပေါင်းဆောင်ရွက်မှုများနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ဟောင်ကောင် (တရုတ်) တို့အကြား ကုန်စည်နှင့်ဝန်ဆောင်မှု ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့တွင် အကျိုးကျေးဇူးများ ရရှိစေနိုင်မည့်အပြင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ပြီး ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဟောင်ကောင် (တရုတ်)တို့အကြား အပြန်အလှန်ကုန်သွယ်မှုများ ပိုမိုတိုးတက်လာစေနိုင်ပြီး မြန်မာနိုင်ငံ၏ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အကျိုးကျေးဇူးများ ရရှိနိုင်စေမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အတူ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် အာဆီယံ-ဟောင်ကောင်(တရုတ်) လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီမှုစာချုပ်အတွက် အတည်ပြုကြောင်း အကြောင်းပြန်ကြားစာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရန် လွှတ်တော်၏ အတည်ပြုချက်ရယူပေးပါရန် ရှင်းလင်းတင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံ - ဟောင်ကောင် (တရုတ်) ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်အား အတည်ပြုရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ**က မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-ဟောင်ကောင်(တရုတ်) ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်ကို အကောင်းဆုံး အသုံးချပြီး နိုင်ငံသားများ၊ အထူးသဖြင့် အလုပ်အကိုင်ရှားပါးသည့် မိမိတို့ ရခိုင်ပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသများတွင်လည်း ရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိစေရန် ကြိုးပမ်းဆောင်ရွက်သင့်သည်ကို တိုက်တွန်းလိုပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ အရေးအကြီးဆုံးစီးပွားရေးကဏ္ဍဖြစ်သည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ အဆင့်မြှင့်ထုတ်လုပ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများကို အောင်အောင်မြင်မြင် ဖိတ်ခေါ်ရန်သင့်ကြောင်းကို သက်ဆိုင်ရာသို့ အထူးအလေးအနက်ထား တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

**လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို**က ဟောင်ကောင်သည် တရုတ်နိုင်ငံ၏ သီးခြားအုပ်ချုပ်ခွင့်ရ နယ်မြေဖြစ်ပြီး ဒီမိုကရေစီရင့်ကျက်၍ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကောင်းမွန်သည့် နယ်မြေဖြစ်ပါကြောင်း၊ နိုင်ငံခြားကုန်သွယ်ဘက်နိုင်ငံအများအပြားရှိသောနေရာဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများအတွက် အထောက်အကူများစွာပေးနိုင်ပါကြောင်း၊ ဟောင်ကောင်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစွာ တိုးတက်လာနိုင်သကဲ့သို့ ကုန်သွယ်မှုကဏ္ဍတွင်လည်း များစွာ တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း။

## မြန်မာနိုင်ငံအနေဖြင့် လက်ရှိကာလအထိ ကုန်သွယ်ရေးကဏ္ဍတွင် ကုန်သွယ်မှုလိုငွေအမြဲဖြစ်နေသည့်အတွက် ပို့ကုန်မြှင့်တင်နိုင်ရန် လိုအပ်မည်

မြန်မာနိုင်ငံအနေဖြင့် လက်ရှိကာလအထိ ကုန်သွယ်ရေးကဏ္ဍတွင် ကုန်သွယ်မှုလိုငွေအမြဲဖြစ်နေသည့်အတွက် ပို့ကုန်မြှင့်တင်နိုင်ရန် လိုအပ်မည်ဖြစ်ပြီး သွင်းကုန်နှင့် ပို့ကုန်အလွန်အမင်း ကွာဟမှုမဖြစ်စေရန် သတိထားရန်လည်း လိုအပ်ပါကြောင်း၊ ယခုစာချုပ် စည်းကမ်းများအရလည်း မိမိနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ ဝင်လာသည့်အခါ နိုင်ငံ၏အခြေအနေအရ မငြိမ်သက်မှု၊ စစ်မက်ဖြစ်ပွားမှုကြောင့် ရင်းနှီးမြှုပ်နှံလာသူများ၏ ဆုံးရှုံးနစ်နာမှုများ မဖြစ်စေရန်လည်း ဂရုပြုဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံအတွက် နစ်နာဆုံးရှုံးမှုများကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါ စာချုပ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုလာနိုင်မည် ဖြစ်သောကြောင့် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုလက်မှတ်ရေးထိုးမှုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခေါ်) သန်းစိုး(ဘောဂဗေဒ)နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျော်သောင်း တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင် က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ယင်းသဘောတူစာချုပ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဟောင်ကောင်(တရုတ်) တို့အကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေး ရည်ရွယ်လျက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့မှုပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများကို အကာအကွယ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများကို လျင်မြန်ချောမွေ့စေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းတို့အပေါ် အခြေပြုရေးဆွဲထားခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်းစဉ်များတွင် အဓိကဖိတ်ခေါ်မည့်နိုင်ငံများ၌ ဟောင်ကောင်ပါဝင်လျက်ရှိရာ အာဆီယံ-ဟောင်ကောင်(တရုတ်) ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးအတည်ပြုခြင်းအားဖြင့် မိမိတို့၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများကို များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် အာဆီယံ-ဟောင်ကောင်(တရုတ်) ရင်းနှီးမြှုပ်နှံမှု သဘောတူညီမှုစာချုပ် အသက်ဝင်စေရေးအတွက် အတည်ပြုကြောင်း အကြောင်းပြန်ကြားစာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရန်အတွက် လွှတ်တော်၏ အတည်ပြုချက်ရယူပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို မတ် ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်မော်၊ အေးအေးသန့် (သတင်းစဉ်)**




Line Walker-2 ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းတချို့ ရိုက်ကူးနေမှုကို တွေ့ရစဉ်။

# အခွင့်အလမ်းတချို့ သယ်ဆောင်လာမည့် အနုပညာလုပ်ငန်းများ

**အောင်ကျော်အေးချမ်း**

ရန်ကုန်မြို့တွင် Line Walker-2 ဆိုသော လူကုန်ကူးမှုတိုက်ဖျက်ရေးဇာတ်ကားကို ဖေဖော်ဝါရီလ ၁၅ ရက်မှ ၂၇ ရက်နေ့အထိ ၁၂ ရက်ကြာ ရိုက်ကူးသွားခဲ့သည်။ ရိုက်ကူးသည့်ကုမ္ပဏီမှာ ဟောင်ကောင်တွင် သက်တမ်းကြာရှည်လှပြီဖြစ်သော ရှောဘရားသား (Shaw Brothers) ကုမ္ပဏီပင်ဖြစ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဟောင်ကောင်ရဲတပ်ဖွဲ့တို့ကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ကြပုံကို နောက်ခံထား၍ အက်ရှင်ကားအသွင် ရိုက်ကူးခြင်းဖြစ်သည်။ နိုင်ငံခြားရုပ်ရှင် လာရောက်ရိုက်ကူးခြင်းမှာ ရုတ်တရက်ဖြစ်လာခြင်းမဟုတ်ဘဲ လွန်ခဲ့သော အချိန်ကတည်းက တင်ပြဆောင်ရွက်နေခဲ့ခြင်း ဖြစ်ပါသည်။ ဤဖြစ်စဉ်များမှာ ယခင်က မရှိခဲ့သောကြောင့် တာဝန်ရှိသူများ ညှိနှိုင်းပေါင်းစပ်ပြီး စိစစ်၍ ခွင့်ပြုခဲ့ခြင်း ဖြစ်ပေသည်။

**နိုင်ငံရေးအရပင် ပုံရိပ်မြင့်တက်စေနိုင်**

ကမ္ဘာကျော် ရုပ်ရှင်ကားများကို နိုင်ငံတကာလှည့်၍ ရုပ်ရှင်ရိုက်ကူးခြင်းမှာ အထူးအဆန်းတော့မဟုတ်ပေ။ ထိုသို့သော ရုပ်ရှင်ကားများ လက်ခံရိုက်ကူးခြင်းအတွက် ထိုနိုင်ငံများအဖို့ စီးပွားရေးအခွင့်အလမ်းများသာမက နိုင်ငံရေးအရပင် ပုံရိပ်မြင့်တက်စေနိုင်သည်ကို အတွေ့အကြုံများအရ သိရှိကြပြီးဖြစ်သည်။

**အောင်မြင်မှုရနေသော ဗီယက်နမ်နိုင်ငံ**

ယခု မိမိတို့အိမ်နီးချင်းနိုင်ငံများကို ကြည့်လျှင် နယ်ပယ်ပေါင်းစုံတွင် ပိုမိုအောင်မြင်မှုရနေသော ဗီယက်နမ်နိုင်ငံကို တွေ့ရမည်ဖြစ်သည်။ ဗီယက်နမ်သည်ပင်လျှင် ယခင်က သံသယပွားသော အကဲဆတ်သော တံခါးပိတ်ပေါ်လစီများကြောင့် အခွင့်အလမ်းကောင်းများ လက်လွှတ်ခဲ့ဖူးသည်။ ၁၉၉၅ လောက်က ရိုက်ကူးခဲ့သည့် Tomorrow never Dies ဆိုသော ဂျိမ်းစ်ဘွန်း ဇာတ်ကားကို မူလက ဒေါ်လာသန်း ၃၀ ခန့်သုံး၍ ဗီယက်နမ်တွင် ရိုက်ကူးရန်စီစဉ်ခဲ့သည်။ ထိုအချိန်က ဘီလ်ကလင်တန် ဗီယက်နမ်သို့ လာရောက်လည်ပတ်ပြီးကာလနောက်ပိုင်းမှာဖြစ်သည်။ သို့သော် နောက်ဆုံးမိနစ်ကျမှ ဝင်ရောက်ခွင့် အငြင်းပယ်ခံရသည့်အတွက် ရိုက်ကူးရေးတစ်ဖွဲ့လုံး ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့ရိုက်ကူးခဲ့ကြရသည်။ ရိုက်ကွင်းများကို မူလရိုက်ကူးရန် စီစဉ်ထားသည့် ဗီယက်နမ်၏ ဟလုံပင်လယ်ကွေ့ (Ha Long Bay) နှင့် ဟိုချီမင်းမြို့တော်နေရာများအစား ထိုင်းနိုင်ငံတွင် နေရာရွေးချယ်၍ ရိုက်ကူးခဲ့ရသည်။

သို့သော် နောက် ဆယ်စုနှစ် နှစ်ခုလောက်တွင်တော့ ဗီယက်နမ်သည် ဟောလီးဝုဒ်ရုပ်ရှင်များအတွက် အဆင်သင့်ဖြစ်လာခဲ့သည်။ ၂၀၁၇ ခုနှစ်အတွင်း ဟောလီးဝုဒ်၏ လူကြည့်အများဆုံး ဇာတ်ကားများတွင် ပါဝင်ခဲ့သော Kong; Skull Island ဆိုသော ဇာတ်ကားကို ဗီယက်နမ်တွင် ရိုက်ကူးခဲ့သည်။ ဗီယက်နမ်၏ နာမည်ကျော် Quang Binh, Ninh Binh နှင့် Ha Long Bay စသောနေရာများတွင် ရိုက်ကူးခဲ့သည်။ ထိုဇာတ်ကားအောင်မြင်ပြီးနောက် ဗီယက်နမ်က Long: Skull Island ရိုက်ကူးသော ဒါရိုက်တာ Jordan Roberts ကို ဗီယက်နမ်၏ ခရီးသွားသံတမန်အဖြစ် ခန့်အပ်ခဲ့သည်ကို တွေ့ရသည်။

**အိမ်ရှင်နိုင်ငံများအတွက် ဝင်ငွေရလမ်းတစ်ခု**

ထိုစဉ်က ရုပ်ရှင်ကားရိုက်ကူးရာတွင် အဖွဲ့သား ၁၂၀ ခန့်နှင့် တန်ချိန် ၄၀ ခန့်ရှိ ပစ္စည်းများ သယ်ဆောင်လာကြရသည်။ ယခုမူ ထိုသို့ သယ်ဆောင်ခြင်းမပြုတော့ဘဲ အိမ်ရှင်နိုင်ငံမှ ပစ္စည်းအများစုကို ထိုက်တန်သော အခကြေးငွေပေး၍ ငှားရမ်းရိုက်ကူးခြင်းဖြစ်ရာ အိမ်ရှင်နိုင်ငံများအတွက် ဝင်ငွေရလမ်းတစ်ခု ဖြစ်လာပါသည်။ ၁၉၉၅ ခုနှစ်က တစ်ကြိမ်လွဲချော်သွားပြီးနောက်ပိုင်း ရုပ်ရှင်ရိုက်ကူးရေးစီမံကိန်းအတော်များများ ဗီယက်နမ်ကို ရှောင်ကြဉ်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ်တွင် ဝါနာဘရားသားစ် (Warner Brother's) ၏ နတ်သမီးပုံပြင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတချို့ ပြန်လည်ရိုက်ကူးခဲ့သည်။

**အာရှဘက်သို့ လှည့်လာ**

ယခု ရှောဘရားသား၏ Line Walker-2 ဇာတ်ကားရိုက်ကူးရာတွင် ပစ္စည်းအတော်များများကို ရန်ကုန်တွင်ပင် ငှားရမ်းသုံးစွဲခဲ့သည်ကို တွေ့ရသည်။ ရိုက်ကူးရေးကင်မရာပင် ယူမလာဘဲ ရန်ကုန်တွင် ငှားရမ်းရန် စီစဉ်ခဲ့သည်။ သို့သော် ရန်ကုန်တွင် ၎င်းတို့ အသုံးပြုသည့် တန်ဖိုးကြီးခေတ်မီ ကင်မရာ မရှိ၍ ဟောင်ကောင်မှ ယူခဲ့ရသည်ဟု ဆိုသည်။ မီးပိုင်းဆိုင်ရာ ဆက်တင်များအတွက် မြန်မာငွေ သိန်း ၅၀၀ ဖိုး ငှားရမ်းအသုံးပြုသွားသည်။ ဆူးလေဘုရားဘေးမှ ဆိုင်ခန်းတစ်ခု ပိတ်ပေးရသည့်အတွက် သိန်း ၃၀ ပေးသည်။ ရဟတ်ယာဉ်ကို တစ်ရက်ငှားရမ်းခ ဒေါ်လာနှစ်သောင်းခွဲနှင့် လောင်ချာပစ်မည့် တိုက်ခန်းကို တစ်နာရီ ၁ သိန်း ပေး၍ရိုက်သည်။ ရိုက်ကွင်းအတွင်း ဖြတ်လျှောက်များကို ဒေါ်လာ ၃၀ ပေးသည်စသဖြင့် ကြားသိရသည်။ သူတို့အတွက်လည်း အိမ်နီးချင်းနိုင်ငံများတွင် ရိုက်သည်ထက် သက်သာသည်။ ယခင်က အက်ရှင် အတော်များများကို ဥရောပမြို့ကြီးများဖြစ်သော ဘူဒါပက် (သို့)ပရပ် (Budapest or Prague) မြို့များတွင် ရိုက်ကူးခဲ့ရာ ယခု ထိုနေရာများတွင် စရိတ်စက မြင့်တက်လာသောကြောင့် အချို့ကို အာရှဘက်သို့ လှည့်လာခြင်းဖြစ်သည်။

**ညှိနှိုင်းယူဆွဲဆောင်နိုင်စွမ်းကြီးမား**

ရုပ်ရှင်ဆိုသည်မှာ လူကြီးလူငယ်မရွေး သူ့အကြောင်းအရာအလိုက် ညှိနှိုင်းယူဆွဲဆောင်နိုင်စွမ်းကြီးမားလှသည်။ ထို့ကြောင့်ပင် ကမ္ဘာ့ရုပ်ရှင်လုပ်ငန်းကြီးများသည် ဘီလီယံပေါင်းများစွာတန်သော ဈေးကွက်လုပ်ငန်းကြီးများ ဖြစ်လာကြသည်။ ၁၉၆၀၊ ၁၉၇၀ ခု အလွန်နှစ်များက ဟောင်ကောင်ရုပ်ရှင်သည် ဟောလီးဝုဒ်ပြီးလျှင် အအောင်မြင်ဆုံးဖြစ်သည်။ နောက်ပိုင်းတွင် အိန္ဒိယဘောလီးဝုဒ်က ပိုမိုအောင်မြင်လာပြီး ယခုအခါ ကိုရီးယားဒရာမာဇာတ်လမ်းတွဲများက အာရှကို ဖမ်းစားသောခေတ် ဖြစ်လာသည်။

**ပိုမိုထွန်းတောက်လာ**

ရုပ်ရှင်အဆင့်အတန်းဆိုသည်မှာ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုနှင့် စီးပွားရေးကို ပြဆိုခြင်းပင်ဖြစ်သည်။ လူမျိုးအသီးသီးတွင် နှစ်ပေါင်းထောင်ချီသော ယဉ်ကျေးမှုအမွေအနှစ်များရှိသည့်တိုင် စီးပွားရေးအဆင့်မမြင့်မားပါက အောင်မြင်သော အနုပညာပစ္စည်းများ ပေါ်ထွက်မလာနိုင်ပေ။ ထိုသို့ စီးပွားရေးမြင့်မားလာရန်မှာလည်း နိုင်ငံရေးစနစ်များက အဆုံးအဖြတ်နေရာတွင် ရှိနေပါသည်။ အာရှနိုင်ငံအတော်များများတွင် နိုင်ငံရေးအရ ပွင့်လင်းမှု၊ လွတ်လပ်မှုတစ်စုံတစ်ရာ ရှိလာမှသာ အနုပညာပစ္စည်းများ ပိုမိုထွန်းတောက်လာသည်ကို တွေ့နိုင်သည်။

*စာမျက်နှာ ၉ သို့*



Line Walker-2 ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းတချို့ ရိုက်ကူးနေမှုကို တွေ့ရစဉ်။

# ရောဝတီတိုင်းဒေသကြီး၌ တောင်သူလယ်သမားနေ့ အခမ်းအနားကို အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာတွင် ၂၀၁၉ ခုနှစ် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့သည်။**

**ဦးတင်အောင်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပတာဟာ တောင်သူလယ်သမားတွေကို ဂုဏ်ပြုချင်တဲ့အတွက် စည်စည်ကားကား ကျင်းပတာဖြစ်ပါတယ်။ ရောဝတီတိုင်းဒေသကြီး ကိုယ်စားပြုတဲ့ လယ်သမားတွေကို အခုလိုပြုလုပ်ပေးနေတာကို ကျန်တဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ လယ်သမားတွေ သိစေချင်လို့ ထူးထူးခြားခြား ခမ်းခမ်းနားနား ကျင်းပရတာဖြစ်ပါတယ်။

ရောဝတီတိုင်းဒေသကြီး ၂၆ မြို့နယ်မှာ တောင်သူလယ်သမား ၃၀၀၀ နဲ့ အခြားစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်တဲ့ဝန်ထမ်းတွေ စုစုပေါင်း ၃၃၀၀ ကို ဖိတ်ခေါ်ထားပါတယ်။ တောင်သူလယ်သမားတွေ ဒီကိုလာတဲ့အခါ တစ်မနက်စာအတွက် အစားအသောက်၊ အကြိုအပို့၊ ဝတ်ဆင်ဖို့အတွက် တီရှပ်တွေ၊ လွယ်အိတ်တွေကို ပြည့်ပြည့်စုံစုံဆောင်ရွက်ထားပါတယ်။ ရောဝတီတိုင်းဒေသကြီးဟာ မြန်မာနိုင်ငံရဲ့ စပါးကျီလို့ တင်စားတဲ့အတိုင်း တစ်နိုင်ငံလုံးရဲ့ဆန်စပါးထုတ်လုပ်မှု ၂၈ ရာခိုင်နှုန်းဆိုတော့ သုံးပုံတစ်ပုံနီးပါးကို ရောဝတီတိုင်းဒေသကြီးက ထုတ်လုပ်နေတာဖြစ်ပါတယ်။ တောင်သူလယ်သမားတွေ လူနေမှုအဆင့်အတန်းမြင့်မားဖို့နဲ့ သူတို့ရဲ့ဘဝတွေ တိုးတက်လာတာဟာ မြန်မာပြည် လယ်သမားတွေရဲ့ပုံရိပ်တွေပဲ ဖြစ်ပါတယ်။ အစိုးရသစ်လက်ထက်မှာ အထူးသဖြင့် ရောဝတီတိုင်းဒေသကြီးမှာ လယ်သမားတွေ အချိန်တိုအတွင်း သိသိသာသာ ဝင်ငွေတိုးတက်ပြီးတော့ မိသားစုအဆင့်အတန်းမြင့်မားလာအောင် စဉ်းစားပြီး ပြီးခဲ့တဲ့နှစ် မိုးမကျခင်က စခဲ့တာပါ။

လယ်သမားတွေရဲ့ စပါးသီးနှံအထွက်တိုးဖို့အတွက် လိုအပ်တဲ့၊ အခြေခံဖြစ်တဲ့ မြေဆီလွှာတွေကို စမ်းသပ်ပြီး လိုအပ်တဲ့မြေဆီလွှာ အချဉ်အငန်ဓာတ်ပြုပြင်ဖို့ လုပ်ငန်းတွေကို စပြီး စပါးမစိုက်ခင်ကတည်းက ပြုပြင်ထိန်းသိမ်းတဲ့ ပညာပေးလုပ်ငန်းတွေကို လုပ်ခဲ့တယ်။ စမ်းသပ်ကွက်တွေ၊ စံပြကွက်တွေလုပ်ပေးခဲ့တယ်။ လုပ်ပေးခဲ့တဲ့အပေါ်မှာ လိုက်နာဆောင်ရွက်ကြတဲ့ တောင်သူလယ်သမားတွေကိုယ်တိုင် ပါဝင်ပြီးတော့ ဆောင်ရွက်ကြတဲ့ စမ်းသပ်ကွက်တွေရဲ့အဖြေတွေကလည်း အားရဖို့ကောင်းပါတယ်။ ကျွန်တော်တို့ အလေးအနက်ထားပြီး ဆောင်ရွက်ခဲ့တဲ့ သီးနှံအထွက်တိုးပြီး ဝင်ငွေမြင့်မားလာအောင် ကျွန်တော်တို့ သွားချင်တဲ့ နည်းပညာတွေ၊ လိုက်နာကျင့်သုံးရမယ့်အချက်တွေကို ဆောင်ရွက်မယ်ဆိုရင် အမှန်အကန်အောင်မြင်လာမှာဖြစ်ပါတယ်။ ဒါတွေကို သိစေချင်တာပါ။

**ဦးမျိုးဇော် ၊ တိုင်းဒေသကြီးဦးစီးဌာနမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရောဝတီတိုင်းဒေသကြီး**

ကျွန်တော်တို့ အခုနှစ်မှာ ၂၀၁၉ ခုနှစ် မတ်လ ၂ ရက်နေ့မှာ ကျရောက်မယ့် တောင်သူလယ်သမားနေ့ကို ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ စည်စည်ကားကားနဲ့ ဆောင်ရွက်မယ်ဆိုပြီး ရောဝတီတိုင်းဒေသကြီး တစ်တိုင်းလုံးမှာရှိတဲ့ တောင်သူလယ်သမားတွေက အိမ်မဲမြို့နယ် တောင်စုကျေးရွာမှာ ကျင်းပတာဖြစ်ပါတယ်။

ရောဝတီတိုင်းဒေသကြီး တစ်တိုင်းလုံးမှာ စပါးကို စိုက်ဧကအများဆုံးစိုက်ပျိုးတဲ့အတွက် တစ်နိုင်ငံလုံး စပါးထုတ်လုပ်မှုရဲ့ ၂၈ ရာခိုင်နှုန်းကို ရောဝတီတိုင်းဒေသကြီးက ဖြန့်ချိပေးနေတာဖြစ်ပါတယ်။ ဆောင်းသီးနှံမှာဆိုရင် ပဲမျိုးစုံအပြင် တခြားဆီထွက်သီးနှံတွေ၊ အစေ့ထုတ်ပြောင်းသီးနှံတွေကို အများဆုံးစိုက်ပျိုးတဲ့ တိုင်းဒေသကြီးဖြစ်ပါတယ်။ ရောဝတီတိုင်းဒေသကြီးက တောင်သူလယ်သမားတွေ အများဆုံးနေထိုင်တဲ့နေရာဖြစ်တဲ့အတွက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုချီးမြှင့်တဲ့အနေနဲ့ ကျင်းပရခြင်းဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ တိုင်းဒေသကြီးဦးစီးဌာနမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ရောဝတီတိုင်းဒေသကြီး**

တိုင်းဒေသကြီး အစိုးရသစ်လက်ထက်မှာ ခုနစ်မြို့နယ်က တောင်သူ စုစုပေါင်း ၁၀၃၈ ဦးကို လယ်ယာမြေဧက ၇၅၁၄ ဧကပေးအပ်မှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားနေ့ အခမ်းအနားမှာ မြို့နယ် လေးမြို့နယ်ကို လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ် ပုံစံ(၃)၊ ပုံစံ (၇)တွေ ထုတ်ပေးပါမယ်။ ထုတ်ပေးတာဟာ ပထမ ကြံခင်းမြို့နယ် ၅၄၉ ဧကကို တောင်သူ ၂၅၇ ဦး လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ် ၄၈၁ ဧကကို ပုံစံ (၇)တွေ ထုတ်ပေးမှာဖြစ်ပါတယ်။ ကျန်တဲ့ ၆၈ ဧကဟာ ရွာမြေလယ်မြေတွေဖြစ်ပါတယ်။ ပန်းတနော်မြို့နယ်မှာ ယုဇနကုမ္ပဏီကစွန့်လွှတ်တဲ့ မြေဧကတွေရှိပါတယ်။ ပုံစံ(၃)ကို တောင်သူ ၁၀၃ ဦးကို ဧက ၆၁၆ ဧက ထုတ်ပေးမှာဖြစ်ပါတယ်။ မြောင်းမြမြို့နယ်မှာ နယ်မြေခံတပ်ရင်းက စွန့်လွှတ်တဲ့ဧက ၂၀၉ ဧကရှိပါတယ်။ တောင်သူ ၆၆ ဦးကို ပုံစံ(၃) ယာယီလုပ်ကိုင်ခွင့်လက်မှတ် ထုတ်ပေးမှာဖြစ်ပါတယ်။ ရေကြည်မြို့နယ်မှာ နယ်မြေခံတပ်က စွန့်လွှတ်တဲ့ ၈၄ ဧကကို တောင်သူ ၂၉ ဦးကို ပုံစံ(၇)တွေ ထုတ်ပေးမှာ ဖြစ်ပါတယ်။

**ဦးဟန်မျိုးဝင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာနမှူး၊ မြောင်းမြခရိုင်**

နိုင်ငံတော်အဆင့် ကျင်းပမယ့် တောင်သူလယ်သမားနေ့အခမ်းအနားမှာ ကျွန်တော်တို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ၂၀၁၂ လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များအရ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) လျှောက်ထားရမယ့်အခြေအနေ၊ မြေလွတ်မြေရိုင်း စီမံခန့်ခွဲမှုဥပဒေကို ပြန်လည်ပြင်ဆင်တဲ့ ဥပဒေအရ လျှောက်ထားရမယ့် ပုံစံနည်းစနစ်အဆင့်ဆင့်နဲ့ မြေတိုင်းတာတဲ့ ပုံစံ(၁၀၅) ရေးကူးခြင်း၊ အဆင့်ဆင့်အပြင် ယခင်က PT ခုံနဲ့ မြေတိုင်းတာတဲ့စနစ်ကနေ အခု စနစ်သစ်မှာ RTK - GPS စနစ်နဲ့ တိုင်းတာတဲ့ ကိရိယာတွေကိုပါ တောင်သူလယ်သမားတွေ ဗဟုသုတရရှိဖို့အတွက် ပြသပေးသွားမှာဖြစ်ပါတယ်။ **အောင်မင်း(မြောင်းမြ)**




ဦးတင်အောင်ဝင်း



ဦးမျိုးဇော်



ဦးဝင်းမြင့်



ဦးဟန်မျိုးဝင်း

*စာမျက်နှာ ၈ မှ*

တရုတ်နိုင်ငံတွင် ၁၉၉၀ မတိုင်မီအထိ ရုပ်ရှင်အပါအဝင် စာပေအနုပညာလုပ်ငန်းများအားလုံးသည် ဝါဒဖြန့်ချိမှုကဲသော အရာများဖြစ်ခဲ့သည်။ အနုပညာစံအရ အဆင့်မမီဖြစ်ခဲ့သည်။ သို့သော်လည်း ယခုနောက်ပိုင်းရိုက်သော ရုပ်ရှင်များ၊ ယခုနောက်ပိုင်း ထွက်ပေါ်လာသော ဝတ္ထုများ၊ အက်ဆေးများတွင် ယခင်ခေတ်များက အခြေအနေများကို ထည့်သွင်းဖော်ပြခွင့်ရလာသဖြင့် အောင်မြင်သော အနုပညာလက်ရာများ ပေါ်ထွက်လာသည်။ ခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိရိုက်ကူးသော ဇာတ်ကား တရုတ်ပြည်တွင် အများအပြားရှိခဲ့သည်။ သို့သော် ဝါဒဖြန့်ချိမှုသက်သက်ဖြစ်ခဲ့သဖြင့် အနုပညာစံတွင် နိမ့်ကျနေခဲ့သည်။

### ကမ္ဘာသို့ ထိုးဖောက်လာနိုင်ခဲ့

သို့သော် ၂၀၁၂ လောက်က ထုတ်လုပ်ခဲ့သော 'Founding of the Republic' ဆိုသည့် ဇာတ်ကားမှာ ခေါင်းဆောင်မော်စီတုန်း၏ လူသားဆန်သောဘက်မှ ရိုက်ကူးချက်များ ပါဝင်သည့်အတွက် အတော်ပင်အောင်မြင်ခဲ့သည်။ ယခုအခါ တရုတ်သည် 'Dramatize Documentary' ပုံစံဖြစ်သည့် အတ္ထုပ္ပတ္တိများ ရိုက်ကူးရာတွင် လေ့လာအတုယူလောက်သည့်အဆင့်ဖြစ်လာသည်ကို တွေ့ရသည်။ ဝတ္ထုရှည်ဘက်တွင်ဆိုလျှင်လည်း ယဉ်ကျေးမှုတော်လှန်ရေးကာလက လူမှုရေးအခြေအနေများကို တို့ထိရေးသားခွင့်ရလာ၍ မို့ယန်၊ ယုဟွာ စသူတို့၏ ဝတ္ထုများ ကမ္ဘာကျော် ဖြစ်လာခဲ့သည်။ တောင်ကိုရီးယားဆိုလျှင်လည်း အာဏာရှင်စနစ်များကို အချိန်ကြာဖြတ်သန်းခဲ့ရသော်လည်း စီးပွားရေးတိုးတက်မှုနှင့် နိုင်ငံရေးလွတ်လပ်ခွင့် ရှိလာသောကြောင့် ယဉ်ကျေးမှုအရ ကမ္ဘာသို့ ထိုးဖောက်လာနိုင်ခဲ့သည်ကို တွေ့ရပါမည်။

ဗီယက်နမ်မှာမူ အခြေအနေတစ်မျိုးဖြစ်သည်။ ၁၉၇၅ နောက်ပိုင်းတွင် ဟောလီးဝုဒ်က ဗီယက်နမ်စစ်ပွဲအခြေပြု ရုပ်ရှင်ကားပေါင်း ၉၀ ခန့် ရိုက်ကူးခဲ့သည်။ ၎င်းရုပ်ရှင်များမှာ အများအားဖြင့် ဗီယက်ကောင်း(မြောက်ဗီယက်နမ်)တပ်များကို လူဆိုးနေရာမှထားကာ အမေရိကန်တစ်ကိုယ်တော် သူရဲကောင်းဝါဒမြှင့်တင်ရေးကားများဖြစ်ခဲ့သည်။ ထိုဇာတ်ကားများကို အင်ဒိုနီးရှား၊ ဖိလစ်ပိုင်စသော နေရာများတွင် အများစုရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်သည် ၁၉၇၀ အလွန်နှစ်များတွင် အမေရိကန်နှင့် နှစ်ရှည်ကြာစွာ ကမ္ဘာကျော်စစ်ပွဲ ဖြစ်ခဲ့သလို တရုတ်နိုင်ငံနှင့်လည်း စစ်ဖြစ်ခဲ့သည်။

သို့သော် အတိတ်ကာလ၏ အမုန်းတရားများ၊ သံသယများ၊ ဝါဒစွဲများကို ဘေးဖယ်၍ နှစ်နိုင်ငံဆက်ဆံရေးများ ကောင်းမွန်အောင် ထူထောင်ခဲ့သည်။ ယခုဆိုလျှင် တရုတ်နိုင်ငံသို့ ဗီယက်နမ်ကုန်ပစ္စည်းအများအပြား တင်သွင်းနေသလို အမေရိကန်နှင့်လည်း ကင်ဂျုံအမ်နှင့် ဒေါ်နယ်ထရမ့် တွေ့ဆုံပွဲမျိုး လက်ခံကျင်းပသည်အထိ နိုင်ငံတကာယုံကြည်မှုရလာသည်ကို တွေ့ရပါသည်။ ယခု နောက်ဆုံးသတင်းများအရ ဗီယက်နမ်က ဘိုးရင်းကုမ္ပဏီထံမှ Boeing 787 လေယာဉ်အစီး ၁၁၀ (အမေရိကန်ဒေါ်လာ ဘီလျံ ၂၀ ကျော်ဖိုး) ဝယ်ယူသည့်စာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ ဗီယက်နမ်စီးပွားရေး၏ အံ့မခန်းတိုးတက်မှုကို တွေ့မြင်နိုင်ပါသည်။ ယခု First & Furious ဇာတ်ကားများအပါအဝင် အခြားသော ကမ္ဘာကျော်ကုမ္ပဏီများမှ ရုပ်ရှင်ဇာတ်ကားများ လာရောက်ရိုက်ကူးမည့်သတင်းများ ကြားသိနေရပါသည်။

### ခရီးသွားလုပ်ငန်းအတွက်လည်း အထောက်အကူရ

ကမ္ဘာ့အဆင့်ရုပ်ရှင်များ လက်ခံရိုက်ကူးခြင်းသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက်လည်း အထောက်အကူရသည်ကို တွေ့ရသည်။ ၂၀၁၃ ခုနှစ်တွင် ရုံတင်ပြသသည့် ဒါရိုက်တာ Jonathan Teplitzk ရိုက်ကူးသည့် 'Railway man' ဇာတ်ကားကြောင့် ထိုင်းနိုင်ငံဘက်ခြမ်းရှိ သေမင်းတမန်ရထားလမ်းသို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်လည်ပတ်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ သံဖြူဇရပ်ရှိ ရထားလမ်း စတင်ဖောက်လုပ်ရာနေရာသို့လည်း ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်လည်ပတ်ကြောင်း တွေ့ရှိရသည်။ ဒါရိုက်တာ Peter Jackson ရိုက်ကူးသည့် 'The Lord of the Rings' ဇာတ်ကားများကြောင့် နယူးဇီလန်နိုင်ငံတွင် ခရီးသွားပိုများခဲ့သည်။ ထိုဇာတ်ကားရိုက်ကွင်းနေရာများသို့ ကမ္ဘာလှည့် တစ်နှစ်လျှင် ၄၇၀၀၀ ကျော် လာရောက်ခဲ့သည်ဟု ဆိုပါသည်။ The Da Vinci Code (2016) ဇာတ်ကားကြောင့် ပဲရစ်မြို့ရှိ မူလစည်ကားပြီး Lourve ပြတိုက်ကြီးတွင် ဧည့်သည်များ ပိုမိုဝင်ရောက်ခဲ့သည်။ Line Walker ဇာတ်လမ်းတွဲများအဖို့ အထက်ဖော်ပြပါ ဇာတ်ကားများလောက် နာမည်ကြီးခြင်း မရှိသော်လည်း မြန်မာနိုင်ငံကဲ့သို့ နိုင်ငံတစ်ခုအဖို့ အာရှထိပ်တန်းဇာတ်ကားအဆင့်လောက်ကို စတင်လက်ခံရမည်သာ ဖြစ်ပေသည်။

ယခုဇာတ်လမ်းရိုက်ကူးသော ရှောဘရားသားကုမ္ပဏီသည် ဟောင်ကောင်တွင် အောင်မြင်မှုအရှိဆုံး ကုမ္ပဏီတစ်ခုပင်ဖြစ်သည်။ ၁၉၅၈ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ရာ ယခုသက်တမ်း နှစ် ၆၀ ကျော်ပြီဆိုရပါမည်။ ၎င်းတို့ ရှောညီနောင်သုံးဦး (Ranje Shaw, Runme Shaw နှင့် Runde Shaw) လည်း ကုမ္ပဏီအဖြစ် မထူထောင်မီ ၁၉၅၁ ခုနှစ်ကတည်းက ရုပ်ရှင်ကားများ စတင်ရိုက်ကူးခဲ့သည်။ တစ်နှစ်လျှင် တစ်ကား၊ နှစ်နှစ်လျှင် တစ်ကား စသဖြင့် ရိုက်ကူးခဲ့ရာ ရုပ်ရှင်ဇာတ်ကားများစွာ ရှိခဲ့ပြီဖြစ်သည်။

### အမြင်ကျဉ်းမြောင်းမှုများ ရှိနေ

အမေရိကန်ဒါရိုက်တာ ဂျွန်ဝူးကဲ့သို့သော ပုဂ္ဂိုလ်များ လာရောက်ရိုက်ကူးခြင်းမဟုတ်သည့်အတွက် မိမိနိုင်ငံကို မိမိအပြစ်တင်နေရန်မလိုပါ။ ကိုယ်ဖြတ်သန်းခဲ့သည့် အခြေအနေများကို ပြန်လည်သုံးသပ်ကြည့်ရန် လိုပါသည်။ တံခါးပိတ်ဝါဒများကို နှစ်ပေါင်းများစွာ ကျင့်သုံးလာသောအခါ အနုပညာလုပ်ငန်းများအပါအဝင် နယ်ပယ်အသီးသီးတွင် အမြင်ကျဉ်းမြောင်းမှုများ ရှိနေကြသည်။ အပြောင်းအလဲများအတွက် အဆင့်မြင့်တက်ရမည့် အခြေအနေတွင် မလိုလားအပ်သော ဝေဖန်သံအချို့ကိုလည်း တွေ့မြင်ရသည်။ အမြင်ကျဉ်းမြောင်းမှု တည်ဆဲနေရာများကို ထိန်းသိမ်းလိုမှုက များလာပြီး တံခါးဖွင့်ခြင်းနှင့် ပန်းပေါင်းတစ်ရာပွင့်စေမည့် အပြုသဘော အပြောင်းအလဲများကို မျက်ကွယ်ပြုလိုသည့် သဘောဖြစ်လာသည်။

သို့သော် ရန်ကုန်လူထုကမူ ထိုအခြေအနေကို သဘောအပေါက်ဆုံးဖြစ်သည်ကို တွေ့ရသည်။ ကမ္ဘာ့အဆင့်ရုပ်ရှင်များကို အမြဲမပြတ်ကြည့်ရှုနေကြသူများဖြစ်သော်လည်း ဤသို့သော ရိုက်ကူးမှုမျိုးကို မတွေ့ဖူးကြသူက များပါသည်။ အနုပညာလုပ်ငန်းနှင့် အနုပညာရှင်များကို အစွဲကင်းစွာ အားပေးသူများမှာ ပြည်သူများသာဖြစ်ပါသည်။ ကဏ္ဍစုံအသီးသီးမှ ဖြန့်ခွဲရောက်ရှိလာနိုင်သော အခွင့်အလမ်းများကို မြင်သူများမှာ လူထုသာဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများ၏ စေတနာအမြော်အမြင်ကို နားလည်သဘောပေါက်သူများမှာ ပြည်သူများသာဖြစ်သည်ကို ဤဖြစ်ရပ်မှ တွေ့မြင်ရခြင်း ဖြစ်ပေသည်။

## တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်အတွက် ညှိနှိုင်းဆွေးနွေးပွဲ တပ်ကုန်းမြို့၌ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

၂၀၁၉ ခုနှစ် မတ် ၁ ရက်တွင် စတင်ဆောင်ရွက်မည့် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို တပ်ကုန်းမြို့နယ်တရားရုံး၌ ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် ချမှတ်အကောင်အထည်ဖော်ခြင်း ဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်နှင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းတို့က အမှာစကားပြောကြားပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ပါမောက္ခ Yoshino Takayoshi က တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြား ဆွေးနွေးသည်။

အခမ်းအနားသို့ JICA တရားရေးရာနှင့် ဥပဒေရေးရာစီမံကိန်းမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးနှင့် တရားရေးအရာရှိများ၊ မန္တလေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ဒက္ခိဏခရိုင်တရားသူကြီးနှင့် တပ်ကုန်းမြို့နယ်တရားရုံးမှ တရားသူကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ စမ်းသပ်အစီအစဉ်သည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် JICA တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး နေပြည်တော်နယ်မြေ ဒက္ခိဏခရိုင်တရားရုံး၊ တပ်ကုန်းမြို့နယ်တရားရုံး၊ ပဲခူးတိုင်းဒေသကြီးအတွင်း တောင်ငူခရိုင်တရားရုံးနှင့် တောင်ငူမြို့နယ်တရားရုံးတို့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

# ရှာဖွေလေ တွေ့ရှိလေ သုတေသနကဏ္ဍ

## ဒေါက်တာစန်းဝင်း (သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်)

**ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ကျေးလက်ဒေသနေ ပြည်သူများသည် ၎င်းတို့၏ စားဝတ်နေရေး အခြေခံလိုအပ်ချက်အတွက် သစ်တော၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ သုံးခုအပေါ်တွင် အဓိက မှီခိုနေထိုင်ကြရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သော မြန်မာနိုင်ငံသည်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍများသည် ၎င်းနိုင်ငံသူ နိုင်ငံသားများအဖို့ စားဝတ်နေရေး တိုက်ရိုက်အကျိုးပြုကဏ္ဍများ ဖြစ်သဖြင့် အရေးပါလှသည်။**

သို့သော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သစ်တောကဏ္ဍများအတွက် မွေးထုတ်ပေးနေသော မျိုးဆက်အခြေအနေမှာ အားရစရာ မကောင်းကြောင်း အောက်ပါဇယားတွင် တွေ့နိုင်ပါသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောမျိုးဆက်သစ် မွေးထုတ်နိုင်မှုမှာ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့၏ ၁၂ ပုံ ၁ ပုံ၊ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့၏ ၄ ပုံ ၁ ပုံသာ မွေးထုတ်နေသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံအတွက် ပင်မ ကျောရိုးသဖွယ်ဖြစ်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောကဏ္ဍများက ယခုလက်ရှိ ပမာဏထက်သုံးဆလောက် မွေးထုတ်ပေးနိုင်ရန် စီမံခန့်ခွဲသင့်သည်။

တကယ်တွင် အဆိုပါ ဘာသာရပ်များသည် ၂၀ ရာစု နှစ်အစောပိုင်းကတည်းက တက္ကသိုလ်အဆင့်အနေဖြင့် သင်ကြားပေးခဲ့သောဘာသာရပ်များ ဖြစ်ကြသည်။ ဥပမာ သစ်တောပညာရပ်ကို ၁၉၂၃ တွင် ရန်ကုန်တက္ကသိုလ်၌ စတင် သင်ကြားပေးခဲ့ရာ ၂၀၂၃ ခုနှစ်ဆိုလျှင် နှစ် ၁၀၀ ပြည့်တော့မည်။

**ဇယား (၁) နိုင်ငံအချို့၏ ဘာသာရပ်အလိုက် ဘွဲ့ရရှိမှု အနေအထားပြဇယား**

| Programme | Myanmar | Lao | Vietnam | Malaysia | Japan |
|---|---|---|---|---|---|
| Agriculture | 0.5 | 5.9 | 6.2 | 1.9 | 2.2 |
| Education | 2.3 | 25.2 | 22.6 | 13.5 | 13.3 |
| Engineer, Manufacture & Construction | 3.9 | 7.8 | 24 | 21.4 | 11.5 |
| Health &Welfare | 1.3 | 2.5 | 3.9 | 11.6 | 15.7 |
| Humanities & Arts | 34.4 | 9.4 | 4.1 | 11.6 | 2.1 |
| Unspecified field | 0 | 0 | 2 | 0 | 4.7 |
| Science Programme | 43.3 | 4 | 0 | 9.5 | 14 |
| Service programme | 0.3 | 1.8 | 3.5 | 5.4 | 4.9 |
| Social Science, Business & Law | 14.1 | 43.4 | 33.6 | 25.1 | 31.5 |
| | 100 | 100 | 100 | 100 | 100 |

Source: UNESCO/ WORLD BANK (The information was accepted at a NEPC meeting)

(မှတ်ချက်။ Agriculture စာလုံးအဓိပ္ပာယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောဘာသာရပ်များ အကျုံးဝင်ပါသည်။)

ယခုအခါ သီးနှံများကို စားရပြီးရော ထုတ်လုပ်သော စိုက်ပျိုးရေးခေတ် ကုန်ဆုံးပါတော့မည်။ အဘယ့်ကြောင့်ဆိုသော် စားသုံးသူများအတွက် ဓာတုဆေး အကြွင်းအကျန်နည်းသော သီးနှံထုတ်လုပ်ရေး တစ်နည်းအားဖြင့် အော်ဂဲနစ်စိုက်ပျိုးရေးကို စားသုံးသူဘက်က တောင်းဆိုလာမှုကြောင့် ကျယ်ပြန့်လာနေပြီဖြစ်သည်။ လေ့လာရသော သတင်းအချက်အလက်များအရ ကမ္ဘာ့အော်ဂဲနစ်သီးနှံ ရောင်းဝယ်မှုတန်ဖိုးသည် တစ်စတစ်စ တိုးတက်လာရာ ၂၀၀၂ ခုနှစ်တွင် အမေရိကန်သုံးငွေကြေး ၂၃ ဘီလီယံရှိခဲ့ရာမှ ၂၀၁၅ တွင် ၁၀၅ ဘီလီယံအထိ ရောက်ရှိလာပြီဖြစ်သည်(UNEP, 2013)၊ ဆိုလိုသည်မှာ သစ်တော၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် ပညာရပ်တို့မှာလည်း ခေတ်နဲ့အညီ တိုးတက်ပြောင်းလဲနေကြသည်။

### လေ့လာမှုရလဒ်

ယခုဆောင်းပါးတွင် တင်ပြလိုသည်မှာ ကျောင်းသားတစ်ဦး၏ သုတေသနမှာ နှစ်ရှည်သီးနှံများ ရောနှောစိုက်ပျိုးခြင်းနှင့် သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းတို့၏ အကျိုးအမြတ်နှိုင်းယှဉ်တွက်ချက်ခြင်း လေ့လာမှုရလဒ်အကြောင်း ဖြစ်သည်။ သုတေသနအမျိုးအစားမှာ Mixed Approach - Qualitative & Quantitative- Research ဖြစ်သည်။ ၎င်း၏ သုတေသနတွင် ရော်ဘာပင်၊ သီဟိုဠ်ပင်၊ ကွမ်းသီးပင်နှင့် သံပရာပင်တို့၏ တစ်မျိုးခြင်း စိုက်ပျိုးမှုနှင့် ယင်းအပင်မျိုးများ နှစ်မျိုး/ သုံးမျိုးရောနှောစိုက်ခြင်းတို့ကြောင့် ရရှိသောငွေကြေးအကျိုးအမြတ်ကို လေ့လာခြင်းဖြစ်သည်။ ရော်ဘာပင်သည် မြန်မာနိုင်ငံ၏ သတ်မှတ်ချက်များအရ စိုက်ပျိုးရေးသီးနှံအနေဖြင့် ပါဝင်နေသော်လည်း ယခုလေ့လာမှုတွင် ရော်ဘာကို သစ်တောပင်အနေဖြင့် ယူဆထားပါသည်။ အခြားနိုင်ငံများ (ဥပမာ - မလေးရှားနိုင်ငံ)တို့တွင် ရော်ဘာပင်ကို သစ်တောအမျိုးအစားတွင် ထည့်သွင်းထားကြပါသည်။

### လေ့လာနည်းနှင့်ဒေသ

ယခုလေ့လာမှုအား တနင်္သာရီသဘာဝကြီးဝိုင်းအတွင်းရှိ ရွာသုံးရွာရှိ လက်ရှိလုပ်ကိုင်နေသော ဥယျာဉ်ခြံပိုင်ရှင် ၁၀၅ ဦး၏ ဥယျာဉ်ခြံ ကေ ၁၇၀ ကို လေ့လာပြုလုပ်ခဲ့သည်။ ထိုဒေသခံပြည်သူများ၏ လူမှုစီးပွားရေးအခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရသော လူမှုစီးပွားရေးအခြေအနေများကို လေ့လာရန်၊ ထိုဒေသရှိ လက်ရှိကျင့်သုံးနေသော သစ်တောသီးနှံ ရောနှောစိုက်ပျိုးခြင်းနှင့် သီးနှံမျိုးစိတ်တစ်မျိုးတည်း စိုက်ပျိုးခြင်း၊ စိုက်ပျိုးနည်းစနစ်နှစ်ခု၏ စီးပွားရေးအကျိုးအမြတ်များကို နှိုင်းယှဉ်ရန် စသည့် ရည်ရွယ်ချက်နှစ်ချက်ဖြင့် လေ့လာဆောင်ရွက်ခဲ့သည်။ အဆိုပါဒေသတွင် လတ်တလော လုပ်ကိုင်ဆောင်ရွက်နေသော သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းနည်းနှင့် သစ်တော၊ သီးနှံ ရောနှောစိုက်ပျိုးခြင်းတို့၏ အကျိုးအမြတ်နှိုင်းယှဉ်မှု၊ စိုက်ပျိုးလုပ်ကိုင်နေကြသူတို့ ရရှိသော လူမှုရေးဆိုင်ရာ အကျိုးရလဒ်များ၊ ရှုထောင့်များကိုသုံးသပ်ရန် အိမ်ထောင်စု ၁၀၅ ခုကို ကျပန်းနမူနာ ကောက်နည်းဖြင့် ရွေးချယ်ပြီး အိမ်ထောင်စုတစ်ခုချင်းအလိုက် စစ်တမ်းကောက်ယူခြင်းနည်းလမ်းနှင့် ဝင်ငွေနှင့်ကုန်ကျစရိတ် လေ့လာတွက်ချက်ခြင်း နည်းလမ်းတို့ကို အသုံးပြုလေ့လာခဲ့ခြင်း ဖြစ်ပါသည်။

လူမှုစီးပွားရေးဆိုင်ရာ စစ်တမ်းကောက်ယူခြင်းကို အုပ်စုဖွဲ့ဆွေးနွေးခြင်း (Focus Group Discussion) မှတစ်ဆင့် ကျေးလက်နေ ဒေသခံပြည်သူများ၏ ရင်ဆိုင်ကြုံတွေ့နေရသော လူမှုစီးပွားရေးဆိုင်ရာ အခက်အခဲများ၊ ယင်းဒေသရှိ လူမှုစီးပွားရေး ဆိုင်ရာအားနည်းချက်၊ အားသာချက်များ၊ စိုက်ပျိုးခြင်းနည်းစနစ်များနှင့် စီးပွားဖြစ် စိုက်ပျိုးနေသည့် အပင်နှင့်နည်းစနစ်များကို အောက်တွင် ဖော်ပြထားသောနည်းလမ်း ငါးသွယ်ဖြင့် လေ့လာဆောင်ရွက်ခဲ့ပါသည်။

- လူမှုစီးပွားရေးဆိုင်ရာ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် ခြိမ်းခြောက်နေမှုများကို လေ့လာခြင်း (SWOT -Strength, Weakness , Opportunity, Threat)
- ထုတ်ကုန်များနှင့် ပတ်သက်၍ တွေ့ကြုံနေရသော အခက်အခဲများ (Analysis of constraints on products)
- ဦးစားပေးအရင်းအနှီး ငါးမျိုးအမြင်မှ လေ့လာခြင်း (Analysis of five capitals by prioritization)
- ဒေသခံပြည်သူများ၏ လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသည့် လူမှုစီးပွားရေးဆိုင်ရာ ပြဿနာများကို လေ့လာခြင်း (Problem analysis on socio-economic status)နှင့်
- အဆိုပါဒေသရှိ စိုက်ပျိုးသော သီးနှံပင်များ၏ ရာသီအလိုက် လုပ်ဆောင်နေကြသည့် လုပ်ငန်းစဉ်များကို လေ့လာခြင်း (Seasonal calendar) တို့ ဖြစ်ပါသည်။

### တွေ့ရှိချက်

လေ့လာတွေ့ရှိချက်များအရ ဒေသခံပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် နှစ်ရှည်ဥယျာဉ်ခြံသီးနှံများ စိုက်ပျိုးခြင်းဖြစ်ပြီး အများစုသည် သီးနှံအမျိုးအစားတစ်မျိုးတည်း စိုက်ပျိုးခြင်းနည်းကိုသာ အသုံးပြုကြပြီး အနည်းစုသာ ရောနှောစိုက်ပျိုးခြင်းနည်းကို အသုံးပြုနေကြပါသည်။ အချို့မှာ နေ့စားအလုပ်သမားများနှင့် အချို့မှာ နီးစပ်ရာသစ်တောများမှ ထင်းနှင့် အခြားသစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို စုဆောင်းရောင်းချနေကြသော ကျပန်းလုပ်ကိုင်နေကြသူများ ဖြစ်ကြပါသည်။

ဒေသခံပြည်သူများက ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းနှင့် လူမှုစီးပွား လိုအပ်ချက်များအတွက် လေ၊ ရေ၊ မြေ၊ သစ်တောကဲ့သို့သော ဂေဟစနစ်နှင့် သဘာဝအရင်းအနှီးများ (Natural capital) အပေါ်တွင် များစွာမှီခိုနေရသည်ကို တွေ့ရသည်။ မြေဆီလွှာသည် စိုက်ပျိုးရန် ကောင်းမွန်သော အခြေအနေတွင် ရှိနေသေးကြောင်း တွေ့ရှိရပါသည်။ စီးပွားဖြစ် စိုက်ပျိုးသော သီးနှံများမှာ ရော်ဘာ၊ သီဟိုဠ်၊ ကွမ်းသီးနှင့် သံပရာပင်တို့ ဖြစ်ကြသည်။

သုတေသနတွေ့ရှိချက်တွင် သစ်တောပြုန်းတီးလာခြင်း၊ စိုက်ပျိုးမြေရှားပါလာခြင်း၊ ထုတ်ကုန်များ၏ ဈေးကွက်ဝယ်လိုအားနှင့် အထွက်နှုန်း မမှန်ခြင်း၊ ဈေးအတက်အကျဖြစ်ခြင်း စသည်တို့သည် လယ်ယာဥယျာဉ်ခြံသမားများ ရင်ဆိုင်ကြုံတွေ့နေရသော သိသာထင်ရှားသည့် အားနည်းချက်(တစ်နည်း) စိန်ခေါ်မှုများဖြစ်သည်။

ထို့ကြောင့် ကျေးလက်နေပြည်သူတို့၏ အသက်မွေးဝမ်းကျောင်း အဆင်ပြေစေရန်နှင့် စီးပွားရေးအတွက် ရေရှည်သီးနှံ၊ သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းထက် သစ်တောသီးနှံ ရောနှောစိုက်ပျိုးခြင်းကဲ့သို့ ပိုမိုကောင်းမွန်သည့် အခြားစိုက်ပျိုးနည်းတစ်မျိုး လိုအပ်နေကြောင်း တွေ့ရပေသည်။

ဒေသခံပြည်သူများ၏ ထုတ်ကုန်သီးနှံများ ထုတ်လုပ်ခြင်းဆိုင်ရာ အခက်အခဲများမှာ ရာသီအလိုက် ဈေးကွက်နှင့် ဝယ်လိုအား အပြောင်းအလဲရှိခြင်း၊ ဈေးအတက်အကျရှိခြင်း၊ အထွက်နှုန်း မတည်ငြိမ်ခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ပြန်လည်အခြေချနေသူနှင့် ရွှေ့ပြောင်းနေထိုင်သူများအတွက် စိုက်ပျိုးရန် မြေအခက်အခဲရှိခြင်း စသည့်တို့ကို ကြုံတွေ့ရပြီး ပွင့်လင်းရာသီတွင် မီးလောင်ခြင်းကိစ္စသည် အဓိကခြိမ်းခြောက်နေသော အန္တရာယ်တစ်ခုအဖြစ် တွေ့ရှိရပါသည်။

### လေ့လာမှု

လေ့လာမှုတွင် ဒေသခံပြည်သူများသည် အသေးစားအလတ်စား လုပ်ငန်းဆိုင်ရာနှင့် ပိုမိုခေတ်မီကောင်းမွန်သော စိုက်ပျိုးခြင်းနည်းလမ်းဆိုင်ရာ စသည်တို့နှင့် ပတ်သက်သော နည်းလမ်းများကို သင်ယူလိုစိတ်ရှိပါသော်လည်း ယင်းတို့နှင့် ပတ်သက်သော သင်တန်းပို့ချမှုများ အားနည်းနေသည်ကို တွေ့ရပါသည်။ လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျန်းမာရေးကဏ္ဍတို့တွင် ထောက်ပံ့မှု အားနည်းနေသည်ကို တွေ့ရှိရပါသည်။ အကယ်၍ လျှပ်စစ်မီးသာ ရခဲ့မည်ဆိုလျှင် တစ်နှစ်ပတ်လုံး ရေသွင်းစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးနိုင်ရုံမျှမက အသေးစား၊ အလတ်စားလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ကျပန်းလုပ်ကိုင်သူများအတွက်လည်း အလုပ်အကိုင်သစ် ထွက်ရှိလာပြီး ၎င်းတို့၏ စားဝတ်နေရေး အဆင်ပြေစေနိုင်မည် ဖြစ်ပါသည်။

သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းနှင့် သီးနှံတစ်မျိုးတည်း စိုက်ပျိုးခြင်းတို့၏ စီးပွားရေး အကျိုးအမြတ် နှိုင်းယှဉ်မှု ခွဲခြမ်းစိတ်ဖြာခြင်း (Cost benefit analysis)မှ တွေ့ရှိချက်များအရ ရော်ဘာနှင့် အခြားနှစ်ရှည်သီးနှံပင်များ ရောနှောစိုက်ပျိုးခြင်း (၁။ ရော်ဘာ + ကွမ်းသီး+ သံပရာ၊ ၂။ ရော်ဘာ+ သီဟိုဠ်၊ ၃။ ရော်ဘာ + ကွမ်းသီး+သီဟိုဠ်၊ ၄။ ရော်ဘာ+ ကွမ်းသီး၊ ၅။ ရော်ဘာ+သံပရာ) ၏ နှစ်စဉ် ပျမ်းမျှဝင်ငွေသည် ရော်ဘာ၊ သံပရာ၊ ကွမ်းသီး၊ သီဟိုဠ် သီးနှံ တစ်မျိုးချင်းစီ သီးသန့် စိုက်ပျိုးခြင်းထက် နှစ်ဆခန့် ပိုမိုများကြောင်း လေ့လာတွေ့ရှိရပါသည်။

ယခုလေ့လာမှုအရ သီးနှံတစ်မျိုးတည်း စိုက်ပျိုးသူတို့သည် တစ်နှစ်ပတ်လုံးတွင် သီးနှံပေါ်သည့် ရာသီတစ်ခုအတွင်း ဝင်ငွေတစ်မျိုးသာ ရသည်။ အဆိုပါ ပုဂ္ဂိုလ်များသည် တစ်နှစ်ပတ်လုံးတစ်ချိန်တွင် ဝင်ငွေတစ်မျိုးတည်းသာ ရရှိသောကြောင့် ထွက်ကုန်သီးနှံဈေးနှုန်း လျှော့နည်းခြင်း၊ ရာသီအလိုက် ဈေးကွက်ဝယ်လိုအား မငြိမ်မသက်ဖြစ်ခြင်းတို့နှင့် ကြုံတွေ့ရသောအခါ ဝင်ငွေမတည်မငြိမ်ဖြစ်ခြင်း၊ နည်းပါးခြင်း စသည့် ဝင်ငွေနည်း ပြဿနာများကို ကြုံတွေ့နေကြရသည်။ အဓိကအချက်မှာ ရော်ဘာဈေးနှုန်းသည် ၂၀၁၁-၂၀၁၂ လောက်မှစ၍ ကျဆင်းလာခဲ့သောကြောင့် ရော်ဘာတစ်မျိုးတည်း စိုက်သောတောင်သူများအဖို့ စီးပွားရေးပိုင်းအရ များစွာနစ်နာ နေကြရရှာသည်။ ဇယား(၂)လေ့လာရာဒေသ၏ နှစ်အလိုက် သီးနှံဈေးများတွင် ရော်ဘာဈေး ကျဆင်းနေမှုကို တွေ့မြင်နိုင်ပါသည်။

**ဇယား(၂) သုတေသနပြုလုပ်ရာဒေသ၏ နှစ်အလိုက် သီးနှံဈေးများ (ယူနစ် - ကျပ်)**

| ခုနှစ် | ရော်ဘာ | ကွမ်းသီး | သီဟိုဠ်ပင် | သံပရာ |
|---|---|---|---|---|
| ၂၀၀၉ | ၁၀၀၀-၁၃၀၀ | ၃၂၀၀ | ၁၅၀၀ | ၄၀ |
| ၂၀၁၀ | ၁၀၀၀-၁၃၀၀ | ၃၅၀၀ | ၁၈၀၀ | ၄၀ |
| ၂၀၁၁ | ၇၀၀-၈၀၀ | ၃၅၀၀ | ၂၀၀၀ | ၄၀-၅၀ |
| ၂၀၁၂ | ၈၀၀ | ၃၈၀၀ | ၂၂၀၀ | ၄၅-၅၀ |
| ၂၀၁၃ | ၇၅၀ | ၄၀၀၀ | ၂၃၀၀ | ၅၀ |
| ၂၀၁၄ | ၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀ |
| ၂၀၁၅ | ၈၀၀-၉၀၀ | ၅၀၀၀ | ၂၅၀၀ | ၅၀-၆၀ |
| ၂၀၁၆ | ၈၀၀ | ၅၀၀၀ | ၂၆၀၀ | ၅၀-၆၀ |
| ၂၀၁၇ | ၈၅၀ | ၅၇၀၀ | ၃၇၀၀ | ၅၀-၆၀ |

(မှတ်ချက်။ ။ ရော်ဘာအတွက် တစ်ပေါင်ဈေးနှုန်း၊ ကွမ်းသီးနှင့် သီဟိုဠ်သီးအတွက် တစ်ပိဿာဈေးနှုန်း၊ သံပရာသီးအတွက် တစ်လုံးချင်းဈေးနှုန်းတို့ ဖြစ်ကြပါသည်)။

*ဆက်လက်ဖော်ပြပါမည်*

**"ယခုလေ့လာမှုအရ သီးနှံတစ်မျိုးတည်း စိုက်ပျိုးသူတို့သည် တစ်နှစ်ပတ်လုံးတွင် သီးနှံပေါ်သည့် ရာသီတစ်ခုအတွင်း ဝင်ငွေတစ်မျိုးသာရသည်။ အဆိုပါ ပုဂ္ဂိုလ်များသည် တစ်နှစ်ပတ်လုံးတစ်ချိန်တွင် ဝင်ငွေတစ်မျိုးတည်းသာ ရရှိသောကြောင့် ထွက်ကုန်သီးနှံဈေးနှုန်း လျှော့နည်းခြင်း၊ ရာသီအလိုက် ဈေးကွက်ဝယ်လိုအား မငြိမ်မသက်ဖြစ်ခြင်းတို့နှင့် ကြုံတွေ့ရသောအခါ ဝင်ငွေမတည်မငြိမ်ဖြစ်ခြင်း၊ နည်းပါးခြင်း စသည့်ဝင်ငွေနည်း ပြဿနာများကို ကြုံတွေ့နေကြရသည်"**

# ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပြဋ္ဌာန်း

**ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ။)**

**၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်**

**(၂၀၁၉ ခုနှစ်၊ဖေဖော်ဝါရီလ ၂၈ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ယဉ်ကျေးမှုအမွေအနှစ်** ဆိုသည်မှာ သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရ ဖြစ်စေ၊ ရှေးဟောင်းသုတေသနအရဖြစ်စေ၊ အနုပညာလက်ရာမြောက်မှုအရဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ၊ ဘူမိဗေဒအရဖြစ်စေ၊ ဇီဝဗေဒအရဖြစ်စေ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းရန် လိုအပ်သည့် ရှေးဟောင်းနေရာ သို့မဟုတ် ရှေးဟောင်းအဆောက်အအုံကို ဆိုသည်။

(ခ) **အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်** ဆိုသည်မှာ ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်ကို ဆိုသည်။

(ဂ) **ကမ္ဘာ့အမွေအနှစ်** ဆိုသည်မှာ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ကြေညာသည့် ၁၉၇၂ ခုနှစ်၊ ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်ဆိုင်ရာ ကွန်ဗင်းရှင်းအရ စာရင်းသွင်းသတ်မှတ်ထားသော ယဉ်ကျေးမှု အမွေအနှစ်ကို ဆိုသည်။

(ဃ) **ယဉ်ကျေးမှုအမွေအနှစ်ဒေသ** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သည့် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသနှင့် ကြားခံဒေသကို ဆိုသည်။

(င) **ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ** ဆိုသည်မှာ ရှေးဟောင်း အဆောက်အအုံများဖြစ်စေ၊ ရှေးဟောင်းနေရာများဖြစ်စေ တည်ရှိသည့် ဤဥပဒေအရ တိကျစွာသတ်မှတ်ဖော်ပြထားသော ဒေသကို ဆိုသည်။

(စ) **ကြားခံဒေသ**ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသကို ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ဤဥပဒေအရ တိကျစွာ သတ်မှတ်ဖော်ပြထားသော ဒေသကို ဆိုသည်။

(ဆ) **ရှေးဟောင်းနေရာ** ဆိုသည်မှာ ဦးစီးဌာနက ရှေးဟောင်းနေရာ ဟုတ်မဟုတ် စုံစမ်းစစ်ဆေးသည့်နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ နှင့် အထက် သက်တမ်းရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်သော တူးဖော်ဆဲဖြစ်သည့် သို့မဟုတ် တူးဖော်ခြင်းမပြုရသေးသည့် နေရာ၊ သဘာဝအရ ဖြစ်ပေါ်နေသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကျောက်လက်နက်များတွေ့ရှိရာနေရာ၊ ရှေးခေတ်လူတို့ အခြေချ နေထိုင်ခဲ့သော သို့မဟုတ် နားခိုခဲ့သောနေရာကို ဆိုသည်။

(ဇ) **ရှေးဟောင်းအဆောက်အအုံ** ဆိုသည်မှာ မြေပေါ် သို့မဟုတ် မြေအောက်တွင်ဖြစ်စေ၊ ရေပေါ် သို့မဟုတ် ရေအောက်တွင်ဖြစ်စေ ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာ ဘူမိသဘာဝပတ်ဝန်းကျင်နေရာများအပါအဝင် လူသားတို့ နေထိုင်ပြုလုပ်သုံးစွဲတည်ဆောက်ခဲ့သည့် နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် အောက်ပါ အဆောက်အအုံနေရာများကို ဆိုသည်-

(၁) စေတီ၊ ပုထိုး၊ ဂူဘုရား၊ ဘုန်းတော်ကြီးကျောင်း၊ အုတ်ကျောင်း၊ ဇရပ်၊ သိမ်အပါအဝင် သာသနိကဆိုင်ရာ အဆောက်အအုံများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံများ၊ အုတ်ကုန်းများ၊ ပြိုကျပျက်စီးသွားပြီးဖြစ်သည့် အပျက်အစီးများ၊

(၂) ရှေးမြို့ဟောင်း၊ နန်းတော်၊ မြို့ရိုး၊ ကျုံး၊ မြေကတုတ်၊ တံခါး၊ မုခ်ဝ၊ မြို့ဝင်ပေါက်၊ ခံတပ်များ၊ လူနေအဆောက်အအုံများ၊ လူနေရာဌာန၊ ဥယျာဉ်၊ အလုပ်လုပ်ရာဌာနနှင့် လူသားတို့ နေထိုင်ခဲ့သည့် ကုန်းဟောင်းများ၊ ယင်းတို့၏ အကြွင်းအကျန်များ၊

(၃) သဘာဝအလျောက်တည်ရှိသည့် သို့မဟုတ် လူတို့ဖန်တီးသည့် ခိုအောင်းနေထိုင်ခဲ့သော ဂူ၊ သဘာဝလိုဏ်ဂူ၊ ရှေးဟောင်းကျောက်ဂူ၊ အခြားနေထိုင်ရာနေရာနှင့် လူသားတို့ သွားလာနေထိုင်ခဲ့သည့် ကုန်း၊ ရိုး၊ ချိုင့်၊ ကျင်း၊လှိုဏ်မြောင်း၊ မြစ်ကမ်းဆင့်နှင့် ပရိုင်းမိတ်များ၊ အခြားကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာနေရာများအပါအဝင် ဘူမိသဘာဝပတ်ဝန်းကျင်နေရာများ၊

(၄) လူသားတို့အသုံးအဆောင်ပစ္စည်းများ ပြုလုပ်သည့်နေရာ၊ အိုးဖို၊ စဉ့်ဖို၊ သံချက်ဖို၊ ဖန်ချက်ဖိုနှင့် အခြားသတ္တုကျိုချက်သည့် ဖိုများနှင့် ဆက်စပ်နေရာများ၊

(၅) ရှေးခေတ်အဆောက်အအုံ၊ လမ်း၊ တံတား၊ တူးဖော်ထားသောနေရာ၊ ရေတွင်း၊ ရေကန်၊ ရေအိုင်၊ ဆည်မြောင်းနှင့် အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားသော ကျောက်ပုံ၊ ကျောက်တိုင်၊ ကျောက်စု၊ သင်္ချိုင်း၊ မြေမြှုပ်သင်္ဂြိုဟ်သောနေရာ၊ သင်္ဂြိုဟ်သော အဆောက်အအုံ၊ ဂူ၊ ပြာသာဒ်၊

(၆) ကမ္ပည်းကျောက်စာ၊ မော်ကွန်းစသည်တို့နှင့် ၎င်းတို့ကိုထားရှိရာ အဆောက်အအုံ သို့မဟုတ် ကျောက်စာဂူ၊ အထိမ်းအမှတ်အဖြစ် ပြုလုပ်စိုက်ထူထားသည့် အရာဝတ္ထုများ၊ တိုင်များ၊ ကျောက်ချပ်များ။

ခြွင်းချက်။ ရှေးဟောင်းစာရင်းဝင်အဆောက်အအုံအဖြစ် သတ်မှတ်သင့်သည့်အဆောက်အအုံများနှင့် ယဉ်ကျေးမှု၊ သမိုင်း၊ ဗိသုကာ၊ အနုပညာလက်ရာတန်ဖိုးမြင့်မား၍ နိုင်ငံတော်က ရှေးဟောင်းအဆောက်အအုံကဲ့သို့ ကာကွယ်ထိန်းသိမ်းသင့်သည့် အဆောက်အအုံများကို နှစ်ပေါင်း ၁၀၀ သက်တမ်း မပြည့်သော်လည်း ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

(ဈ) **ရှေးဟောင်းအဆောက်အအုံပရဝဏ်** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သော ရှေးဟောင်းအဆောက်အအုံ၏ နယ်နိမိတ်ကို ဆိုသည်။

(ည) **မြို့ပြ** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း တည်ဆဲဥပဒေအရ သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြို့မြေအဖြစ် သတ်မှတ်ထားသည့်နယ်မြေကို ဆိုသည်။

(ဋ) **ကျေးရွာ** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း တည်ဆဲဥပဒေအရ သက်ဆိုင်ရာဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရွာမြေအဖြစ် သတ်မှတ်ထားသည့်နယ်မြေကို ဆိုသည်။

(ဌ) **ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်း** ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်တွင် ဒြပ်ရှိဒြပ်မဲ့ လူမှုဓလေ့များပေါင်းစပ်ဖွဲ့စည်း ဖြစ်တည်လျက်ရှိသည့် နယ်မြေနှင့် ယင်းတို့၏ ဖြစ်တည်မှုကို ပေါ်လွင်ထင်ရှားစွာ တွေ့မြင်မှတ်သားနိုင်သည့် ရှုမြင်ကွင်းကို ဆိုသည်။

(ဍ) **အမျိုးသားအဆင့်ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီကို ဆိုသည်။

(ဎ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီ** ဆိုသည်မှာ ကမ္ဘာ့အမွေအနှစ်ဒေသနှင့်အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသတို့အတွက် ဤဥပဒေအရဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီကို ဆိုသည်။

(ဏ) **ဒေသဆိုင်ရာထိန်းသိမ်းရေးကော်မတီ** ဆိုသည်မှာ ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသမှအပ ကျန်ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုချင်းအတွက် ဤဥပဒေအရ ဖွဲ့စည်းသည့် ဒေသဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီကို ဆိုသည်။

(တ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **ဦးစီးဌာန** ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်စွာ တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒကို မြှင့်တင်အကောင်အထည်ဖော်ရန်၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှု အမွေအနှစ်များအား သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ ပြုလုပ်မှုကြောင့်ဖြစ်စေ၊ သစ်ပင်သစ်ဉကြောင့်ဖြစ်စေ၊ ပိုးမွှားများ၊ ငှက်၊ တိရစ္ဆာန်များကြောင့်ဖြစ်စေ ယိုယွင်းဆုံးရှုံးပျက်စီးခြင်း မရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊

(ဃ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ကာကွယ်ထိန်းသိမ်းခြင်း၏ တန်ဖိုး ကြီးမားမှုကို အများပြည်သူတို့ နားလည်ခံယူနိုင်ကြစေရန်၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးမှုမခံရစေရေးအတွက် အကာ အကွယ်ပေးရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် အညီ ဆောင်ရွက်ရန်၊

(ဆ) ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဇ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းနှင့်ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီစွာဆောင်ရွက်နိုင်ရန်။

**အခန်း (၃)**

**အမျိုးသားအဆင့်ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ အစိုးရအဖွဲ့သည်-

(က) အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

(ခ) ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အမျိုးသားအဆင့် ကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၆။ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် မူဝါဒများ၊ လမ်းညွှန်ချက်များ ချမှတ်ပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီတို့၏ နှစ်စဉ် အစီရင်ခံစာကို စိစစ်ပြီး အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း (၄)**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ထိန်းသိမ်းရေးကော်မတီများနှင့် ဒေသဆိုင်ရာ ထိန်းသိမ်းရေးကော်မတီများ ဖွဲ့စည်းခြင်း**

၇။ အမျိုးသားအဆင့်ကော်မတီသည်-

(က) ကမ္ဘာ့အမွေအနှစ်ဒေသကို လည်းကောင်း၊ အမျိုးသားအဆင့် ယဉ်ကျေးမှု အမွေအနှစ်ဒေသကို လည်းကောင်း ကာကွယ်ထိန်းသိမ်းရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းရမည်-

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် — ဥက္ကဋ္ဌ

(၂) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး တစ်ဦး — ဒုတိယဥက္ကဋ္ဌ

(၃) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၄) ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဟိုတယ်နှင့်ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန — အဖွဲ့ဝင်

(၇) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ — အဖွဲ့ဝင်

(၈) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန — အဖွဲ့ဝင်

(၉) ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၀) ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန — အဖွဲ့ဝင်

(၁၁) ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူ သုံးဦး — အဖွဲ့ဝင်

(၁၂) ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသော ဒေသခံ အနည်းဆုံး သုံးဦးမှ အများဆုံး ငါးဦးထိ — အဖွဲ့ဝင်

(၁၃) သက်ဆိုင်ရာ ဦးစီးဌာနခွဲတာဝန်ခံ — အတွင်းရေးမှူး

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေး ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ထိန်းသိမ်းရေးကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည်။ *(ဆက်လက်ဖော်ပြပါမည်)*

## စာပေချစ်သူများအတွက် ရန်ကုန်စာအုပ်လမ်းသို့ လာရောက်လေ့လာဝယ်ယူနိုင်ရန်ဖိတ်ခေါ်

**ရန်ကုန်    ဖေဖော်ဝါရီ   ၂၈**

ရန်ကုန်မြို့ သိမ်ဖြူလမ်းတွင် အပတ်စဉ် စနေ-တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသော ရန်ကုန်စာအုပ်လမ်း၏ မတ် ၃ ရက် (တနင်္ဂနွေနေ့) အစီအစဉ်အဖြစ် နံနက် ၁၀ နာရီတွင် ရန်ကုန်လမ်းမများ စာအုပ်တိုက်မှ ထုတ်ဝေသည့် စာရေးဆရာငွေစိုး၏ "သေမင်းတမန်လမ်းမပေါ်က စစ်သားတစ်ယောက်" စာအုပ်မိတ်ဆက်ပွဲ၊ မွန်းလွဲ ၁ နာရီတွင် ဆရာမောင်ကိုကို (အမရပူရ) ၏ "ရှင်တုန်း အရေးကြီးသလို သေသွားလည်း အရေးကြီးပါစေ" စာပေဟောပြောပွဲ၊ မွန်းလွဲ ၃ နာရီတွင် အလှမယ် ထက်ထက်ထွန်း ပါဝင်ကူညီပြီး လောကသရဖူစာအုပ်တိုက်ထုတ် နာမည်ကြီးစာအုပ်ကောင်းများကို ထိုက်တန်စွာ လက်ဆောင်ပေးမည့် မေးကြည့်ဖြေကြည့်စာအုပ်ပဟေဠိ အစီအစဉ်နှင့် စာအုပ်လမ်းသို့လာရောက်မည့် စာဖတ်သူများအား တစ်ယောက်လျှင် တစ်အုပ်နှုန်းဖြင့် စာအုပ်စတုဒိသာပေးဝေမည့် အစီအစဉ်တို့ကို ပြုလုပ်ပေးမည်ဖြစ်သဖြင့် စာပေချစ်မြတ်နိုးသူများ လာရောက်လေ့လာ ဖြေဆိုဝယ်ယူနိုင်ကြပါရန် သတင်းကောင်းပါး ဖိတ်ခေါ်အပ်ပါသည်။

**မြန်မာ့အလင်း**

## မီးအလှပွဲတော် ပြည်သူ့ရင်ပြင်၌ ကျင်းပမည်

**ရန်ကုန်   ဖေဖော်ဝါရီ   ၂၈**

ရန်ကုန်မြို့ မြေနီကုန်းပြည်သူ့ရင်ပြင်တွင် မီးအလှပွဲတော်ကြီးကို ပြည်သူ့ရင်ပြင် ပြည်လမ်းမဝင်ပေါက်တွင် မတ် ၁ ရက် ညနေ ၅ နာရီခွဲတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

## အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ ပြည်ထဲရေးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအသင်း တံခွန်စိုက်ဆုဖလား ဆွတ်ခူး

**နေပြည်တော်   ဖေဖော်ဝါရီ   ၂၈**

(၆၄)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ ပြည်ထဲရေးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအသင်းတို့ တံခွန်စိုက်ဆုဖလားများ ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် အမျိုးသမီးတံခွန်စိုက်ဆုကို ပြည်ထဲရေး၊ အမျိုးသားတံခွန်စိုက်ဆုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအသင်း၊ အမျိုးသား+အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆုကို ပြည်ထဲရေးအသင်းတို့က ရရှိခဲ့သည်။ အမျိုးသမီးပြိုင်ပွဲတွင် ပြည်ထဲရေးအသင်းက ၁၄၇ မှတ်ဖြင့် ပထမ၊ ကာကွယ်ရေးအသင်းက ၁၃၈ မှတ်ဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးအသင်းက ၅၁ ဒသမ ၅ မှတ်ဖြင့် တတိယ၊ အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအသင်းက ၁၃၅ မှတ်ဖြင့် ပထမ၊ ပြည်ထဲရေးအသင်းက ၁၀၄ မှတ်ဖြင့် ဒုတိယ၊ ကာကွယ်ရေးအသင်းက ၈၅ မှတ်ဖြင့် တတိယ၊ အမျိုးသား+အမျိုးသမီး စုပေါင်းပြိုင်ပွဲတွင် ပြည်ထဲရေးအသင်းက ၂၄၄ မှတ်ဖြင့် ပထမ၊ ကာကွယ်ရေးအသင်းက ၂၂၃ မှတ်ဖြင့် ဒုတိယ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအသင်းက ၁၃၇ မှတ်ဖြင့် တတိယတို့ ရရှိခဲ့သည်။



**အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် အမျိုးသားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။** ဓာတ်ပုံ-ကိုကိုစိုးညွန့်

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲ ကျင်းပရာ အမျိုးသမီး ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ပြည်ထဲရေးအသင်း၊ အမျိုးသား ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအသင်း၊ အမျိုးသား + အမျိုးသမီးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ပြည်ထဲရေးအသင်း၊ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရခဲ့သည့် ကစားသမားများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ ပြေးခုန်ပစ် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

**ရဲရင့်ရှိုင်း**

❒ *ကျောဖုံးမှ*

ငယ်ရွယ်သူတွေများပြီး ကိုယ်တိုင် စွန့်စွန့်စားစားနဲ့ သွားလာလှုပ်ရှားတာကို စိတ်ဝင်စားတာကို တွေ့ရတဲ့အတွက် နိုင်ငံတကာနဲ့အညီလိုက်နိုင်အောင် ဒီလိုခရီးသွားအမျိုးအစားနဲ့ ဖြည့်စွက်ပြီး ဆောင်ရွက်ရတာပါ" ဟု ၎င်းက ပြောသည်။

အဆိုပါ ကျောက်နံရံတက်ခြင်း အားကစားလှုပ်ရှားမှုကို ရေတံခွန်တောင်အနီးရှိ ကျောက်နံရံများပေါ်တွင် မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်မှ အားကစားသမားများ၊ Technical Climbing Club of Myanmar နှင့် Outdoor Adventure Myanm a r မန္တလေးမြို့ရှိ ကျောက်နံရံတက်အားကစားသမားများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၄ ရက်က လက်တွေ့တက်ရောက်၍ လေ့ကျင့်မှုများ ပြုလုပ်ကြသည်။

"ဒီရေတံခွန်တောင် ကျောက်နံရံတွေမှာ ကျွန်တော့်သူငယ်ချင်း တစ်ဦးကလည်း အမေရိကန်နိုင်ငံသား တယ်လာဟော့ဘတ်နဲ့ အတူ ၂၃ ရက်ကြာနေပြီးတော့ ကျောက်နံရံတက်ခဲ့ကြပါတယ်။ ဒီမှာ ဗို့ပေါင်း ၄၀၀ လောက် ဆွဲထားပါတယ်။ Rock Climbing ဟာ အန္တရာယ်များတဲ့အတွက်ကြောင့် safety ဖြစ်အောင် ဦးစားပေးရတယ်။ ဒီကို လာတက်မယ့်သူတွေ တကယ် တတ်သိနားလည်သူတွေနဲ့ နယ်မြေခံ တောင်တက်သမားတွေကို ချိတ်ဆက်ပြီးတော့မှ လာစေချင်တယ်" ဟု Technical Climbing of Myanmar founder ကိုပြည့်ဖြိုးအောင်က ပြောသည်။

မန္တလေး ရေတံခွန်တောင်အနီးရှိ ကျောက်နံရံများတွင် ကျောက်နံရံတက်ခြင်း အားကစားလုပ်ဆောင်နိုင်ရန် ၂၀၁၁ ခုနှစ်က အမေရိကန်နိုင်ငံသားတစ်ဦးနှင့်အတူ မန္တလေး၊ ရန်ကုန်မှ ကျောက်နံရံတက် အားကစားသမား ပူးပေါင်း၍ ကျောက်နံရံတက်ခြင်းကို စတင်ဖော်ဆောင်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

◆ *ကျောဖုံးမှ*

ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးတွင် ပထမဆုံး ဦးဆောင်ခွင့်ရခဲ့သည့် ရခိုင်အသင်းသည် အိမ်ကွင်းဆက်လက် ကစားရမည်ဖြစ်သော်လည်း လက်ရှိ ချန်ပီယံ ရန်ကုန်အသင်းနှင့် တွေ့ဆုံနေသောကြောင့် ရုန်းကန်ရဖွယ်ရှိနေသည်။

ရှောဝတီအသင်းသည် ယခုရာသီတွင် ပထမဆုံးအိမ်ကွင်းပွဲအဖြစ် Southern အသင်းနှင့် ကစားရမည်ဖြစ်ပြီး အမှတ်တူနေသည့် ရခိုင်နှင့် ရတနာပုံအသင်းတို့ ပွဲကျပ်ကစားရခြင်းကို အခွင့်ကောင်းယူဖွယ်ရှိနေသည်။

နှစ်ပွဲဆက်အနိုင်ရထားသည့် ရတနာပုံအသင်းသည် အိမ်ကွင်း၌ ဟံသာဝတီအသင်းနှင့် ကစားရမည်ဖြစ်ပြီး ရလဒ်များဆိုးရွားနေသည့် မကွေးနှင့် တနင်္သာရီ ဒဂုံအသင်းတို့ပွဲမှာလည်း ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။

MNL အမှတ်ပေးပြိုင်ပွဲကို ပွဲစဉ် (၅) ပြီးပါက ထပ်မံရပ်နားမည်ဖြစ်ပြီး အာရှ ယူ-၂၃ ခြေစစ်ပွဲပြီးဆုံးသည့် မတ်လကုန်မှသာ ပြန်လည်ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (ခ) ဒုတိယနေ့ပွဲများ ယနေ့ယှဉ်ပြိုင်ကစားမည်

**မန္တလေး   ဖေဖော်ဝါရီ   ၂၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီး ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စု (ခ) ဒုတိယနေ့ကို မတ် ၁ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဒုတိယနေ့အဖြစ် ညနေ ၃ နာရီတွင် တရုတ်အသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင်မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပထမပွဲတွင် အာရှအင်အားကြီး တရုတ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သော်လည်း ခြေစစ်ပွဲအောင်မြင်ရန် လက်ကျန်နှစ်ပွဲက အရေးပါလျက်ရှိသည်။ လက်ကျန်နှစ်ပွဲတွင် ယနေ့ယှဉ်ပြိုင်ကစားမည့် ဘင်္ဂလားဒေ့ရှ်နှင့်ပွဲမှာ အရေးပါနေပြီး နိုင်ပွဲရယူနိုင်မှသာ ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်အသင်းသည် အဖွင့်ပွဲတွင် ဖိလစ်ပိုင်အသင်းကို ၁၀ ဂိုးပြတ်အနိုင်ရခဲ့သလို ဘင်္ဂလားဒေ့ရှ် လက်ရွေးစင်ကစားသမားများ ပါဝင်လာသောကြောင့် မြန်မာအသင်းအနေဖြင့် ခက်ခက်ခဲခဲကစားရဖွယ်ရှိနေသည်။ ဘင်္ဂလားဒေ့ရှ်အသင်း၏ သွင်းဂိုးအနေအထားအရ မြန်မာအသင်းအနေဖြင့် သရေကျ၍ပင်မရဘဲ အနိုင်ရမှသာ အခြေအနေကောင်းမည် ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ယခုပြိုင်ပွဲတွင် အာရှခြေစစ်ပွဲအောင်မြင်ရန် ရည်မှန်းထားပြီး တရုတ်နှင့်ပွဲမှ လိုအပ်ချက်များကို ပြင်ဆင်နိုင်ရန် လိုအပ်နေသည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### ဘာစီလိုနာ ကိုပါဒယ်ရေး ဗိုလ်လုပွဲသို့ တက်ရောက်

ယမန်နေ့က ကိုပါဒယ်ရေးဒုတိယအကျော့ပွဲစဉ်အဖြစ် ရီးရဲမက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက သုံးဂိုးပြတ်အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-တစ်ဂိုးဖြင့် ကိုပါဒယ်ရေးဗိုလ်လုပွဲစဉ်သို့ တက်ရောက်သွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထိုပွဲအနိုင်ရရှိခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းသို့ ကိုပါဒယ်ရေးဗိုလ်လုပွဲစဉ်သို့ ခြောက်နှစ်ဆက်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### လူကာကူ ဂျူဗင်တပ်စ်သို့ ပြောင်းရွှေ့လို

မန်ယူအသင်းမှ လူကာကူ (၂၅နှစ်) သည် ၎င်းအား အိုးထရက်ဖို့ဒ်မှ ထွက်ခွာဖို့ တွန်းအားပေးခဲ့ပါက ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ဂျူဗင်တပ်စ်သို့ ပြောင်းရွှေ့လိုနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

### လူကာဂျိုဗစ်အား စောင့်ကြည့်လျက်ရှိ

မန်စီးတီးသည် ဘင်ဖီကာမှ ဆားဘီးယားတိုက်စစ်ကစားသမား လူကာဂျိုဗစ် (၂၁နှစ်) အား စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။ ၎င်းသည် လက်ရှိတွင် ဖရန့်ဖတ်တွင် အငှားကစားလျက်ရှိနေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

### မာဆယ်လိုနေရာ အစားထိုးဖွယ်ရှိ

ရီးရဲမက်ဒရစ်အသင်းသည် အသင်းမှ အသက် ၃၀ အရွယ် မာဆယ်လို၏ နေရာတွင် အိုင်းယက်စ်အသင်းမှ အာဂျင်တီးနား ဘယ်နောက်ခံကစားသမား နီကိုလပ်စ်တာလီယာဖီကိုနှင့် အစားထိုးဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

## အသင်းကြီးများနိုင်ပွဲရယူနိုင်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် ၂၈

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂၈) ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၈ရက် ကြာသပတေးနေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးနှင့် ဝက်ဖို့ဒ်ပွဲတွင် အန်ဖီးလ်ကွင်း၌ လီဗာပူးအသင်း ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်လီဗာပူးအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် ဝက်ဖို့ဒ်အသင်းသည် ၄-၂-၂-၂ ပုံစံဖြင့် ပွဲထွက်လာသည်။ လီဗာပူးအသင်းသည် ပွဲစပြီး ၉မိနစ်တွင် မာနေးက အဖွင့်ဂိုးသွင်းယူခဲ့ပြီး မိနစ် ၂၀တွင် မာနေးက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့ကာ ပထမပိုင်းကို နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းတွင် လီဗာပူးအတွက် အနိုင်ဂိုးများကို ပွဲချိန် ၆၆မိနစ်တွင် အိုရီဂီ၊ ပွဲချိန် ၇၉ မိနစ်နှင့် ၈၂ မိနစ်တွင် ဗန်ဒိုက်က သွင်းယူခဲ့သည်။ ယင်းပွဲအနိုင်ရရှိခဲ့သည့် လီဗာပူးအသင်းသည် ရမှတ် ၆၉ မှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်ထားသည်။

အခြားပွဲစဉ်များဖြစ်သော လန်ဒန်ဒါဘီပွဲတွင် ချယ်လ်ဆီးအသင်းသည် စပါးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။ စပါးအသင်းသည် ပရီမီယာလိဂ် နှစ်ပွဲဆက် ရှုံးနိမ့်ခဲ့ရပြီး ပွဲကျပ်ကာလနှင့် ရင်ဆိုင်နေရသည်။ အာဆင်နယ်က ဘုန်းမောက်ကို ငါးဂိုး-တစ်ဂိုးနှင့် မန်ယူက ပဲလေ့စ်ကို သုံးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြသည်။ ဆောက်သမ်တန်က ဖူလ်ဟမ်ကို နှစ်ဂိုး-ဂိုးမရှိနှင့် မန်စီးတီးက ဝက်စ်ဟမ်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပရီမီယာလိဂ် ပွဲစဉ်(၂၈)အပြီးတွင် အသင်းကြီးများ နိုင်ပွဲရရှိခဲ့ပြီး ဇယားရပ်တည်မှုမှာ ပြောင်းလဲမှုမရှိခဲ့ပေ။ ပွဲစဉ်(၂၉)ကို မတ် ၂ ရက် စနေနေ့ညတွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး စပါးအသင်းသည် အာဆင်နယ်နှင့်ယှဉ်ပြိုင်ရမည်ဖြစ်ကာ ဘုန်းမောက်နှင့် မန်စီးတီး၊ မန်ယူနှင့် ဆောက်သမ်တန်၊ ဖူလ်ဟမ်နှင့် ချယ်လ်ဆီး၊ အဲဗာတန်နှင့် လီဗာပူးတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သီဟ**

# သံတွဲမြို့မှ စစ်တွေမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် လေးစီးအား AA သောင်းကျန်းသူအဖွဲ့က မိုင်းဖောက်ခွဲပြီး လက်နက်ငယ်များဖြင့်ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင် နှစ်ဦးကျဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရခိုင်ပြည်နယ် သံတွဲမြို့မှ စစ်တွေမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်လေးစီးအား ဖေဖော်ဝါရီ ၂၇ ရက် ညပိုင်းက AA သောင်းကျန်းသူအဖွဲ့က မိုင်းဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင် နှစ်ဦး ကျဆုံးခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ပိုင်မော်တော်ယာဉ်သုံးစီးနှင့် Mark IIယာဉ်တစ်စီးတို့အား ရဲတပ်ဖွဲ့ဝင်လေးဦးက မောင်းနှင်၍ သံတွဲမြို့မှ စစ်တွေမြို့သို့ ထွက်ခွာလာစဉ် ပုဏ္ဏားကျွန်းမြို့နယ် ကြံခင်းကျေးရွာနှင့် ပန်းနီလာကျေးရွာကြား ရန်ကုန် - စစ်တွေကားလမ်း မိုင်တိုင် အမှတ် (၁၆၅) အနီးအရောက်တွင် ဖေဖော်ဝါရီ ၂၇ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်က AA သောင်းကျန်းသူအဖွဲ့က ယာဉ်များကို မိုင်းဖောက်ခွဲသဖြင့် ယာဉ်များရပ်တန့်သွားစဉ် လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သောကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးကျဆုံးသွားခဲ့ကြောင်း သိရသည်။

အများပြည်သူအသုံးပြုနေသော စစ်တွေမြို့သို့ အဓိက ဆက်သွယ်သည့် လမ်းမကြီးပေါ်တွင် လက်နက်ကိုင်တိုက်ခိုက်မှုအတွက် ရည်ရွယ်ချီတက်လှုပ်ရှားသွားလာမှု မဟုတ်သည့် ယာဉ်များနှင့် ပြည်သူများဒုက္ခရောက်စေရန် AA သောင်းကျန်းသူအဖွဲ့က အဖျက်လုပ်ငန်းများကျူးလွန်လျက်ရှိသည်ကို ထင်ရှားစွာတွေ့ရှိသည့်အတွက် ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

၂၇.၂.၂၀၁၉ ရက် ၁၉၄၅ နာရီတွင် ပုဏ္ဏားကျွန်းမြို့နယ် ကြံခင်းကျေးရွာနှင့် ပန်းနီလာကျေးရွာကြား ရန်ကုန်-စစ်တွေကားလမ်း မိုင်တိုင်(၁၆၅)အနီး၌ မတယ ၄ စီးအား AA သကာသအဖွဲ့မှ မိုင်း(စီစစ်ဆဲ)ဖြင့် ဖောက်ခွဲတိုက်ခိုက်သည့် နေရာပြမြေပုံ




# ဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းမှ ဒေါ်လာများခိုးယူသူကို ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ်အတွင်း ခိုးမှုကျူးလွန်ထားကြောင်း သတင်းရရှိထားသူ လှမျိုးနိုင်(ခ)ရန်ကျော်လင်း (ခ)မင်းခန့်အား လိုက်လံစုံစမ်းရှာဖွေခဲ့ရာ ၎င်းအား ပန်းဘဲတန်းမြို့နယ် Junction City တွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ အလုံမြို့နယ် ဌာနရပ်ကွက် နံ့သာလမ်းနေ လှမျိုးနိုင်(ခ) ရန်ကျော်လင်း (ခ)မင်းခန့် (၂၃ နှစ်)သည် ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် ဘင်္ဂလားတိုက် မစိုးရိမ်ကျောင်း၏ အပေါ်ထပ်ဘုရားခန်းဘေးရှိ အိပ်ခန်းတံခါးအားဖွင့်ပြီး ခုတင်ခေါင်းရင်းတွင်ထားရှိသော ဘေးလွယ်အိတ်ကို တွေ့ရှိသဖြင့် ဖွင့်ကြည့်ရာ အမေရိကန်ဒေါ်လာ ၁၀၀ တန် အရွက် ၁၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ခိုးယူလာသည့်သက်သေခံဒေါ်လာများအား ရောင်းချရရှိသည့် ငွေများအနက် ငွေကျပ် ၄၈ သိန်း ကျန်ရှိနေသေးကြောင်းနှင့် ကျန်ငွေများအား ရွှေထည်ပစ္စည်းများ၊ လက်တော့ပ်၊ ဖုန်း၊ အင်္ကျီအဝတ်အစားများ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် သက်သေခံပစ္စည်းပြန်လည်သိမ်းဆည်းပြီး လှမျိုးနိုင်(ခ)ရန်ကျော်လင်း (ခ)မင်းခန့်အား **(အောက်ပုံ)** ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ယာဉ်များတွေ့ရှိဖမ်းဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ်မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၈၅၇ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ သန်း စုစုပေါင်းတားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၈၅၇ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် ဖေဖော်ဝါရီ ၂၇ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်စဉ် ကျိုက်ထိုမြို့ဘက် နန်းရဂုံထမင်းဆိုင်အနီးနှင့် It ထမင်းဆိုင်အနီးတွင်လည်းကောင်း၊ မုပ္ပလင်ကျေးရွာဘက် မုပ္ပလင်ကျေးရွာအနီးတွင် လည်းကောင်း၊ စစ်တောင်းတံတားသစ်ဘက် မရမ်းချောင်ကျေးရွာအနီးတွင် လည်းကောင်းရပ်တန့်ထားသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ တိုယိုတာအမျိုးအစား NOAH၊ PRADO၊ CROWN နှင့် WISH ယာဉ်လေးစီးနှင့် ဟွန်ဒါဖစ်တစ်စီး စုစုပေါင်းယာဉ်ငါးစီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောက်တံခါးမြို့နယ် အိုင်တုံကွန်းကြိုးဝိုင်းအတွင်း၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်လျက်ရှိရာ ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်အရ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီတွင် ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန၊ တပ်မတော်တပ်ဖွဲ့ဝင်များနှင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အိုင်တုံကွန်းကြိုးဝိုင်းအတွင်းမှ တရားမဝင်တောင်သရက်ခွဲသား ၆၄ ချောင်း (၇ ဒသမ ၅၂၇၆) တန်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုမျိုး**

## မြန်မာ့ရုပ်မြင်သံကြား

၁- ၃ -၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၉း၁၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၀း၃၀ - (၂၀၁၉) ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသိကောင်းစရာများ (ရူပဗေဒဘာသာရပ်)
၁၄း၁၀ - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီထွန်းအောင်ဇော်
၁၅း၁၀ - "နင်"(အကယ်ဒမီနေအောင်၊ ကျော်ထက်အောင်၊ ပိုင်ဖြိုးသု) ဒါရိုက်တာ- မင်းခိုက်စိုးစန်

**ညပိုင်း**

၁၆း၂၅ - (၂၀၁၉) ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိကောင်းစရာများ (စိတ်ကြိုက်မြန်မာစာဘာသာရပ်)
၁၆း၅၀ - ကျန်းမာရေးမဂ္ဂဇင်း "အာဟာရပြည့်ဝတဲ့ ကိုယ်ဝန်ဆောင်မိခင်ကောင်းတွေ ဖြစ်စေဖို့" (ဒေါက်တာဒေါ်ဝင်းဝင်းမြင့်) (အပိုင်း-၂)
၁၇း၁၀ - Catch Asia News (Season-II)(Epi-27)
၁၇း၂၀ - Weekly Sport Info
၁၇း၄၅ - **''AFC U-16 Women's Championship Thailand 2019 Qualifiers Round(2) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်အစီအစဉ်''** (မြန်မာအမျိုးသမီးအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အမျိုးသမီးအသင်း)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - ပြည်သူ့အတွက်ဥပဒေစကားဝိုင်း "တရားရုံးများကို မထီမဲ့မြင်ပြုသည်ဆိုခြင်းမှာ"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့လင်းရောင်ခြည်" (အပိုင်း-၄)

# ဖားကန့်မြို့နယ်တွင် ကျရောက်လာနိုင်သောအန္တရာယ်ကို ကြိုတင်ပြုပြင်ဆောင်ရွက်ရန် လိုအပ်

**ဖားကန့် ဖေဖော်ဝါရီ ၂၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အေးမြသာယာအုပ်စု မော်မောင်းလယန်နှင့် မော်ဝမ်း အုပ်စု မော်ဝမ်းလေးမှော်နယ်မြေတွင် ကျောက်ကြောခုံမှာ အက်ကြောင်းများ**(ယာပုံ)** ဖြစ်ပေါ်လာသဖြင့် အန္တရာယ်ရှိလာနိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

"မော်ဝမ်းကလေးမှော်နယ်မြေထဲမှာ အမြင့်ပေ ၅၀၀ ခန့်ရှိတဲ့ ကျောက်ကြောခုံမှာ လွန်ခဲ့တဲ့ ၁၅ ရက်လောက်ကစပြီး အက်ကွဲကြောင်းပေါ်လာတာကို တွေ့ရပါတယ်။ အခုလိုရာသီချိန်မှာ ပြိုကျရင်တော့ အောက်မှာတူးဖော်နေတဲ့ ယူနီတီကုမ္ပဏီနဲ့ ကြွယ်ဝသော ကုမ္ပဏီမှလုပ်ငန်းလုပ်ကိုင်ကြသူတွေ ထိခိုက်နိုင်ပါတယ်။ ဒါမှမဟုတ် မိုးတွင်းအချိန်ကျမှ ပြိုကျမယ်ဆိုရင်တော့ ကျင်းထဲရေပြည့်နေတဲ့အတွက် ရေထွက်ပေါက်လမ်းကြောင်းမှာရှိတဲ့ ရပ်ကွက်တွေ၊ ရွာတွေကနေ ဖားကန့်မြို့တွေကိုပါ ထိခိုက်လာနိုင်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဒေသခံပြည်သူများနှင့် ဖားကန့်မြို့နေထိုင်သူများ မထိခိုက်မနစ်နာစေရန်အတွက် တာဝန်ရှိသူများက ကွင်းဆင်း၍စစ်ဆေးကာ လိုအပ်သည်များကို ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။ **၀၇၈**



# ပြုံယမ်း၌ အမေရိကန်သံတမန်ထားရှိရန် ခေါင်းဆောင်ကင်မျှော်လင့်



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်များနှင့်ပတ်သက်၍ သဘောတူညီမှုတစ်ခုကို အလောတကြီးလုပ်ဆောင်လိုခြင်းမရှိဟု အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဆိုထားသည်ဖြစ်ရာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် ပြုံယမ်း၌ အမေရိကန်က သံတမန်ရေးအရ အမြဲတမ်းကိုယ်စား လှယ်ထားရှိရန် မျှော်မှန်းကြောင်း ကြာသပတေးနေ့တွင် ဖော်ပြခဲ့သည်။

**သံခင်း တမန်ခင်းဆက်ဆံရေး ပုံမှန်ပြန်ဖြစ်ရန်**

မြောက်ကိုရီးယားမြို့တော် ပြုံယမ်း၌ အမေရိကန်ပူးပေါင်းဆောင်ရွက်မှုရုံး တစ်ရုံးဖွင့်လှစ်ထားရှိရေးကို ဝမ်းမြောက်စွာ ကြိုဆိုမည်ဖြစ်ကြောင်း မြောက်ကိုရီးယား ခေါင်းဆောင်က ပြောကြားခဲ့သည်။ ယင်းသို့ ဖွင့်လှစ်ထားရှိမည်ဆိုပါက ကိုရီးယားကျွန်း ဆွယ်စစ်ပွဲနှင့် ဆန့်ကျင်စွာ နှစ်နိုင်ငံအကြားသံခင်းတမန်ခင်းဆက်ဆံရေးအခြေအနေ ပုံမှန်ပြန်ဖြစ်စေရန် လမ်းကြောင်းပေါ်ရောက်ရှိမည့် ကနဦးခြေလှမ်းတစ်ခုဖြစ်လာနိုင်ကြောင်း ၎င်းကပြောသည်။

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေး ဒုတိယနေ့ ဆွေးနွေးမှုအတွင်း သံရုံးအောက် အဆင့်နိမ့်သည့် ပူးပေါင်းဆောင်ရွက်ရေးရုံးဖွင့်လှစ်ထားရှိနိုင်မှုနှင့်ပတ်သက်၍ မေးမြန်းရာတွင် ခေါင်းဆောင်ကင်က ထိုသို့ပူးပေါင်းဆောင်ရွက်ရေးရုံးဖွင့်လှစ်မှုသည် လက်ခံကြိုဆိုထိုက်သည့်အရာဖြစ်ကြောင်း ၎င်းကသတင်းထောက်များသို့ ဖြေကြားခဲ့သည်။ **အေအက်ဖ်ပီ**

## အင်ဒိုနီးရှားအနောက်ပိုင်းတွင် ငလျင်လှုပ်ခတ်မှုကြောင့် လူ ၄၀ကျော် ဒဏ်ရာရပြီး နေအိမ်ရာချီပျက်စီး

**ဂျကာတာ ဖေဖော်ဝါရီ ၂၈**

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း အနောက်စုမားတြားပြည်နယ်တွင် ကြာသပတေးနေ့က ပြင်းအား ၅ ဒသမ ၆ ရစ်ချ်တာစကေးရှိသည့် မြေငလျင်တစ်ခုလှုပ်သွားခဲ့ရာ ကျေးရွာနေပြည်သူ ၄၈ ဦး ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ် ၃၇၇ လုံး ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီမှ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

ဆိုလော့ခ်ဆီလတန် ဒေသတွင် ဖြစ်ပွားခဲ့သည့် မြေငလျင်လှုပ်မှုတွင် လူ ၁၉၀ ကျော်တို့ ဘေးမသီရန်မခ လွတ်မြောက်ခဲ့ပြီး ယာယီအမိုးအကာများအောက်နှင့် ဆွေမျိုးသားချင်းတို့၏ နေအိမ်များတွင် အကာအကွယ်ယူခဲ့ကြရကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီမှ အရေးပေါ်အခြေအနေနှင့် ထောက်ပံ့ပို့ဆောင်ရေးဌာန အကြီးအကဲဖြစ်သူ အာဝင်အက်စ်တီက ပြောကြားခဲ့သည်။ ငလျင်လှုပ်မှုကြောင့် ကျေးရွာနေပြည်သူ ၁၉၂ ဦးတို့ နေအိမ်မှ ထွက်ပြေးခဲ့ရပြီး အမိုးအကာများအောက်တွင် အကာအကွယ်ယူခဲ့ရကြောင်း ၎င်းက ဆင်ဟွာသို့ ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့သည်။

မြေငလျင်လှုပ်မှုသည် ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် ကျန်းမာရေးဆေးပေးခန်းများကိုလည်း ထိခိုက်ပျက်စီးစေခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ မြေငလျင်သည် အနက် ၁၀ ကီလိုမီတာတွင် ပါစမန်မြို့၏ အရှေ့မြောက်ဘက်မှ ၃၈ ကီလိုမီတာအကွာကို ဗဟိုပြုကာ လှုပ်သွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## တင်းမာမှုများလျော့ကျလာစေမည်ဆိုပါက ဖမ်းဆီးထားသည့် အိန္ဒိယလေယာဉ်မှူးကို ပြန်လွှတ်ပေးမည်ဟု ပါကစ္စတန်ပြော

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၈

**ပါကစ္စတန်ကဖမ်းဆီးထားသည့် အိန္ဒိယလေယာဉ်မှူးကို ပြန်လွှတ်ပေးခြင်းကြောင့် နှစ်နိုင်ငံအကြားဖြစ်ပွားနေသည့် တင်းမာမှုများကို လျော့ကျစေမည်ဆိုပါက ထိုသို့လွှတ်ပေးရန်အဆင်သင့်ပင်ဖြစ်သည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားလိုက်ကြောင်း သိရသည်။**



နျူကလီးယားလက်နက်ယှဉ်ပြိုင်ဘက် နိုင်ငံနှစ်ခုဖြစ်သည့် ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံအကြားတွင် ပဋိပက္ခများဖြစ်ပွားကာ စစ်ရေးတင်းမာမှုများ မြင့်တက်နေချိန်တွင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ အငြင်းပွားကက်ရှ်မီးယားဒေသကိစ္စနှင့် ပတ်သက်၍ တောင်အာရှအိမ်နီးချင်းနိုင်ငံနှစ်ခုအကြား ဖြစ်ပွားခဲ့သည့် ကြံုတောင့်ကြံုခဲ လေကြောင်းတိုက်ပွဲတစ်ခုအတွင်း ပစ်ချခံလိုက်ရသည့် အိန္ဒိယဂျက်လေယာဉ်မှ လေယာဉ်မှူးကို ဖမ်းဆီးခဲ့ပြီး တစ်ရက်အကြာတွင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရှာမာမွတ် ကျူရီရှီက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံအကြားဖြစ်ပွားခဲ့သည့် စစ်ဆင်ရေးတင်းမာမှုကို တရုတ်၊ အမေရိကန်နှင့် ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့အင်အားကြီးနိုင်ငံများက ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ရန် တိုက်တွန်းခဲ့ကြသည်။ ယင်းဖြစ်ရပ်ကြောင့် ကက်ရှ်မီးယားဒေသအရေးနှင့် ပတ်သက်၍ စစ်ပွဲနှစ်ပွဲဖြစ်ပွားခဲ့ပြီး အသေးစားပစ်ခတ်တိုက်ခိုက်မှုများ မရေမတွက်နိုင်လောက်အောင်ဖြစ်ပွားခဲ့သည့် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံကို ခြိမ်းခြောက်မှုများ ကျရောက်လာစေခဲ့သည်။ လက်တုံ့ပြန်ခြင်းနှင့် နှစ်ဖက်ထိပ်တိုက်ပစ်ခတ်တိုက်ခိုက်မှုသံသရာထဲတွင် ကျရောက်ကာ နှစ်နိုင်ငံတင်းမာမှုများ ပိုမိုပြင်းထန်လာခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

**ကက်ရှ်မီးယားဒေသအတွင်း၌ ပစ်ချခံခဲ့ရသည့် ဂျက်လေယာဉ်အပျက်အနီးတွင် ပါကစ္စတန်တပ်ဖွဲ့ဝင်နှစ်ဦးကို တွေ့ရစဉ်။**

## ကုန်သွယ်ရေးသဘောတူညီချက်ရရှိရန် အလှမ်းဝေးသေးကြောင်း အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်ပြော

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီချက်ရရှိရန် အလှမ်းဝေးသေးကြောင်း အမေရိကန်ထိပ်တန်းကုန်သွယ်ရေး အရာရှိက ယမန်နေ့က ပြောကြားလိုက်သည်။

အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေးတွင် သဘောတူညီချက်တစ်ရပ်ရရှိရန် လုပ်စရာတွေ အများကြီးကျန်ရှိနေသေးကြောင်း၊ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သင်ဇာက လွှတ်တော်တွင် ပြောကြားလိုက်သည်။

အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ် လုပ်ဆောင်နိုင်မှသာ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးပိုင်းတွင် အချိုးအကွေ့တစ်ရပ်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သဘောတူညီချက်တစ်ရပ်ရရန် အရေးကြီးကြောင်း လိုက်သင်ဇာက ပြောကြားလိုက်သည်။

စီးပွားရေးအင်အားကြီးနိုင်ငံနှစ်နိုင်ငံဖြစ်သည့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် အမေရိကန်ဒေါ်လာ သန်းထောင်ချီသည့် ပို့ကုန်များအပေါ် ကြီးမားသည့် အခွန်အတုတ်များ အပြန်အလှန်စည်းကြပ်ကောက်ခံနေကြပြီး သဘောတူပြေလည်မှုရရှိရေးအတွက် လအတန်ကြာညှိနှိုင်းနေခဲ့ကြောင်း သိရသည်။

ဝါရှင်တန်နှင့် ပေကျင်းမြို့တို့တွင် ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများတွင် စစ်မှန်သည့် တိုးတက်မှုရရှိနေကြောင်းလည်း ကုန်သွယ်ရေးဆိုင်ရာကိုယ်စားလှယ်က ပြောကြားခဲ့သည်။

တရုတ်ကုန်ပစ္စည်းများအပေါ် တိုးမြှင့်ကောက်ခံမည့် ဒေါ်လာ ဘီလီယံ ၂၀၀ ကို သောကြာနေ့တွင် စတင်ဆိုင်းငံ့မည်ဟု သမ္မတ ထရမ့်က ပြောကြားပြီးနောက် တရုတ်နိုင်ငံဘက်ကလည်း အမေရိကန်စိုက်ပျိုးရေးထွက်ကုန်နှင့် လောင်စာများ ပိုမိုဝယ်မည်ဟု ကမ်းလှမ်းထားကြောင်း သိရသည်။

အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေးတွင် တိုးတက်မှုများရှိသော်လည်း ထင်သာမြင်သာမရှိသေးကြောင်း သိရသည်။ **အေအက်ဖ်ပီ**



**အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ် လိုက်သင်ဇာ**

## ယူကရိန်းအရေး ရုရှားနှင့် ဆက်လက်ဆွေးနွေးရန် အမေရိကန်စိတ်ဝင်စား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

အမေရိကန်နိုင်ငံသည် ယူကရိန်းနိုင်ငံ၏ အခြေအနေနှင့် ပတ်သက်ပြီး ရုရှားနိုင်ငံနှင့် ဆက်လက်ဆွေးနွေးမှုများ ပြုလုပ်သွားရန် စိတ်ဝင်စားနေကြောင်း ယူကရိန်းနိုင်ငံသို့ ရောက်ရှိနေသည့် ယူကရိန်းအရေးညှိနှိုင်းဆွေးနွေးရေးဆိုင်ရာ အမေရိကန် အထူးသံတမန် ကာ့ဒ်ဗော်ကာ၏ ပြောကြားချက်ကို ကိုးကားကာ ပြည်တွင်းသတင်းများတွင် ဖော်ပြလိုက်သည်။

ယူကရိန်းနိုင်ငံ၏ နယ်မြေပိုင်ဆိုင်မှုနှင့် အချုပ်အခြာအာဏာပိုင်စိုးမှုတို့ကို ပြန်လည်တည်ဆောက်ရန်၊ ရုရှားနိုင်ငံနှင့် ဆွေးနွေး ညှိနှိုင်းမှုများ ရှေ့ဆက်လက်လုပ်ဆောင်သွားရန် စိတ်ဝင်စားကြောင်း၊ ပထမဆုံးအနေဖြင့် ဒွန်ဘတ်ဒေသနှင့် ပတ်သက်ပြီး ဆွေးနွေးနေကြောင်း ဗော်ကာ၏ပြောကြားချက်ကို ကိုးကားကာ ယူကရိန်းနိုင်ငံပိုင် ယူကရင်ဖောင်သတင်းဌာနက ဖော်ပြခဲ့သည်။

**ဆက်လက်ထောက်ပံ့သွားမည်**

အမေရိကန်နိုင်ငံသည် ယူကရိန်းနိုင်ငံရှိ ဒွန်ဘတ်ဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများနှင့် အချုပ်အခြာအာဏာပိုင်စိုးမှုကို ပြန်လည်တည်ဆောက်နိုင်သည်အထိ ယူကရိန်းနိုင်ငံကို ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ကြောင်း ဗော်ကာက ပြောခဲ့သည်။

၂၀၁၄ ခုနှစ် ဧပြီလမှစကာ ယူကရိန်းနိုင်ငံ အရှေ့ပိုင်း ဒွန်ဘတ်ဒေသတွင် အစိုးရတပ်ဖွဲ့များနှင့် ခွဲထွက်ရေးသောင်းကျန်းသူများကြား အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ငြင်းဆိုခဲ့**

ရုရှားနိုင်ငံသည် သောင်းကျန်းသူများအား ထောက်ပံ့ပေးခြင်းနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများကို တပ်ဖွဲ့ဝင်များ ပို့လွှတ်ပေးနေကြောင်း ယူကရိန်းနိုင်ငံက ကာလကြာရှည်စွာပြစ်တင်စွပ်စွဲခဲ့သော်လည်း ရုရှားနိုင်ငံက ကြိမ်ဖန်များစွာ ငြင်းဆိုခဲ့သည်။

အဆိုပါ ပဋိပက္ခတွင် ရုရှားနိုင်ငံပါဝင်နေသည့် သက်သေအထောက်အထားများကိုလည်း ယူကရိန်းနိုင်ငံက ပြသနိုင်ခြင်းမရှိသေးကြောင်း ရုရှားက တုံ့ပြန်ပြောဆိုခဲ့သည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### နီပေါ၌ ရဟတ်ယာဉ်ပျက်ကျ၍ ခုနစ်ဦးသေဆုံး

**ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၈**

နီပေါ၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားရာ ခရီးသွားလုပ်ငန်းဝန်ကြီးအပါအဝင် လူခုနစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျမှုသည် ဗုဒ္ဓဟူးနေ့တွင် Taplejung အရှေ့ပိုင်းဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း နီပေါနိုင်ငံလေကြောင်းအဖွဲ့အစည်းမှ အာဏာပိုင်များက ပြောကြားခဲ့သည်။

ခရီးသွားလာရေးဝန်ကြီး ရာဘင်ဒရာ အက်ဟီကာရီနှင့် ခရီးသည်ငါးဦးတို့သည် လေဆိပ်တစ်ခုတည်ဆောက်ရန်ရှိသည့်နေရာသို့ စစ်ဆေးရန်သွားရောက်ခဲ့ပြီးနောက် ခတ္တမန္ဒူသို့ ပြန်လာရာလမ်းတွင် ထိုသို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

အခင်းဖြစ်ပွားချိန်တွင် တောင်တန်းထူထပ်ရာနေရာဖြစ်သည့် အဆိုပါဒေသ၌ နှင်းများကျဆင်းနေပြီး မြင်ကွင်းရှင်းလင်းမှုမရှိကြောင်း အာဏာပိုင်များက ပြောသည်။

ရဟတ်ယာဉ်ပျက်ကျမှု ဖြစ်ပွားရခြင်းအကြောင်းကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

---

### အမေရိကန်တပ်ဖွဲ့ဝင်များကို ဆီးရီးယားမှ ရုပ်သိမ်းရန် တောင်းဆို

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၈**

ဆီးရီးယားနိုင်ငံတွင် ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန် ဆီးရီးယား-ရုရှား ပူးပေါင်းကော်မတီက ဗုဒ္ဓဟူးနေ့တွင် တောင်းဆိုလိုက်ကြောင်း ဆီးရီးယားနိုင်ငံပိုင် ဆာနာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ဆီးရီးယားဒုက္ခသည်များ နေရပ်ပြန်ရေးဆိုင်ရာ ပူးပေါင်းလုပ်ငန်းဆောင်ရွက်မှုကော်မတီက ဖော်ပြချက်၌ အမေရိကန်သည် ဆီးရီးယားမြေပေါ်တွင် တရားမဝင်ထားရှိသည့် ၎င်း၏တပ်ဖွဲ့ဝင်များကို မဖြစ်မနေ ရုပ်သိမ်းသွားရမည်ဖြစ်သည်ဟု ဆိုထားသည်။

ဆီးရီးယားအစိုးရသည် ရုရှားနှင့်အတူပူးပေါင်းကာ ဆီးရီးယားတောင်ပိုင်း ရပ်ကဘန်ဒုက္ခသည်စခန်းရှိ အိုးအိမ်မဲ့နေသည့် ဆီးရီးယားပြည်သူများ နေရပ်ပြန်နိုင်ရေးအကူအညီပေးရန်အတွက် မတ်လအစပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သံတမန်များကို စီစဉ်ပေးသွားမည်ဖြစ်သည်ဟု သိရသည်။

ရပ်ကဘန်ဒုက္ခသည် စခန်းသည် အိုးအိမ်မဲ့ဆီးရီးယားပြည်သူ ငါးသောင်းခန့် စုဝေးရာဖြစ်ပြီး အကူအညီအထောက်အပံ့များ မလုံလောက်မှုကို ခံစားနေရသည်။

**ဆင်ဟွာ**

---

# ဘရီးဇစ်အတွက် ဗြိတိန်အဆင်သင့်ဖြစ်ပြီလား

**ခြူးစန္ဒီနွေး**

**လာမယ့်မတ်လ ၂၉ ရက်နေ့ဆိုရင် ဗြိတိန်ဟာ ဥရောပသမဂ္ဂကနေ အပြီးသတ် နုတ်ထွက်ရတော့မှာပါ။ အချိန်ဟာလည်း တဖြည်းဖြည်းနဲ့ နီးကပ်လာပါပြီ။ ဒီအတောအတွင်း ဗြိတိန်ဟာ လုံလုံလောက်လောက် ပြင်ဆင်နိုင်ခဲ့ပြီလားဆိုတာကတော့ စိတ်ဝင်စားဖွယ်မေးခွန်းတစ်ခုပါပဲ။ ဥရောပသမဂ္ဂကနေ အပြီးသတ် နုတ်ထွက်ပြီးတဲ့နောက် ဘယ်လိုမျိုး ရိုက်ခတ်မှုတွေနဲ့ကြုံတွေ့လာနိုင်ဖွယ်ရှိပါသလဲ။**



ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ

### ကုန်ကျစရိတ်အသစ်တွေတိုးလာနိုင်

အစားအသောက်တွေ ရှားပါးလာမှုနဲ့လည်း ရင်ဆိုင်ရဖွယ်ရှိပါတယ်။ ဒါ့အပြင် ကုန်သွယ်ရေးမှာလည်း အနှောင့်အယှက်အဟန့်အတားတွေ ဖြစ်လာနိုင်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေမှာ ၁၇ ဘီလီယံထက်မနည်း ကုန်ကျစရိတ်အသစ်တွေ တိုးလာနိုင်ပါတယ်။ ဘရီးဇစ်ရဲ့ အစီအစဉ် မကျနမှုကြောင့် နောက်ဆက်တွဲအကျိုးဆက်တွေ ခံစားရဖွယ်ရှိတယ်လို့ လေ့လာသုံးသပ်ရေး ပညာရှင်တစ်ဦးက အင်္ဂါနေ့မှာပဲ ပြောကြားခဲ့ပါတယ်။ အခုဆိုရင် ဗြိတိန်အစိုးရဟာ အသွင်ကူးပြောင်းရေး စာချုပ်မရှိဘဲ ဥရောပသမဂ္ဂကနေ နုတ်ထွက်ရတော့မယ့်ပုံစံပဲလို့ ၎င်းက ဆက်ပြောပါတယ်။ အစိုးရဟာ ခွဲထွက်ရေးစာချုပ်အတွက် ပါလီမန်က ထောက်ခံမှုကို အခုထက်ထိတိုင် မရသေးပါဘူး။

### လိုအပ်ချက်တွေရှိနေဆဲ

ခွဲထွက်ရေးစာချုပ်မှာ ဗြိတိန်ရဲ့ကုန်သွယ်ရေးကို အကာအကွယ်ပြုပေးဖို့ အချက်ရယ်၊ ပြီးခဲ့တဲ့ နှစ်နှစ်တာကာလအတွင်း အီးယူကနေ နုတ်ထွက်ရေး ကာလရှည်စီမံမှုတွေပြုလုပ်စဉ် ဥရောပသမဂ္ဂနဲ့ ချည်နှောင်မှုတွေ ပါဝင်ပါတယ်။ စီမံကိန်းကို ပြင်ဆင်ရာမှာ အရေးကြီးတဲ့ အစိတ်အပိုင်းရဲ့ သုံးပုံနှစ်ပုံ ပြီးစီးသွားပြီလို့ အစိုးရဘက်က ပြောထားပါတယ်။

မတ်လအတွင်း ဥရောပသမဂ္ဂကနေ နုတ်ထွက်တဲ့အခါ ကုမ္ပဏီအများစုနဲ့ တစ်ဦးချင်းမှာတော့ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားမှုတွေမှာ လိုအပ်ချက်တွေ ရှိနေပါသေးတယ်။ ခွဲထွက်ရေးစာချုပ် အဆင်သင့်မဖြစ်သေးဘဲ စီးပွားရေးအတွက် အကောင်းဆုံးပြင်ဆင်နေတယ်ဆိုတာကို သက်သေပြနိုင်ဖို့ အချက်အနည်းငယ်ပဲ ရှိပါတယ်။ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းတွေရဲ့ ပြင်ဆင်ထားမှုအခြေအနေကတော့ အခုအချိန်အထိ နိမ့်ကျနေတုန်းပဲ ရှိတယ်လို့ အစိုးရဘက်က ပြောပါတယ်။

### နုတ်ထွက်မယ့်အချိန် နောက်ကျနိုင်

ပြီးခဲ့တဲ့ အင်္ဂါနေ့မှာတော့ ထရီဆာမေဟာ ဘရီးဇစ်အတွက် နှောင့်နှေးရတဲ့အချက်နဲ့ ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်းပဲ ပြောခဲ့ပါတယ်။ တကယ်လို့များ ဗြိတိန်လွှတ်တော်အမတ်တွေဟာ ခွဲထွက်ရေးစာချုပ်ကို ကန့်ကွက်ကြဦးမယ်ဆိုရင် အီးယူကနေ နုတ်ထွက်မယ့်အချိန် နောက်ကျတာတွေ ဖြစ်လာနိုင်တယ်လို့ ထရီဆာမေက ပြောပါတယ်။ အခုလို ဖရိုဖရဲဖြစ်နေတဲ့ ဘရီးဇစ်စာချုပ်ကို ဖယ်ထုတ်ပစ်လိုက်ခြင်းတော့ မရှိသေးပါဘူး။

### ဘယ်လိုကုန်ကျမှုတွေရှိလာမလဲ

အစိုးရ လေ့လာသုံးသပ်သူတွေကတော့ ဒီစာချုပ်ကြောင့် ဘယ်လောက်အကုန်အကျရှိသလဲဆိုတာကို ချပြကြပါတယ်။ သူတို့ချပြတဲ့ အချက်တွေကတော့ အချို့သော အစားအသောက်အမျိုးအစားတွေ ပြတ်လပ်မှုတွေ ဖြစ်လာမယ်။ အထူးသဖြင့် လတ်ဆတ်တဲ့ အသီးအနှံတွေ၊ သစ်သီးသစ်ရွက်တွေ ပြတ်လပ်မှုနဲ့ ကြုံတွေ့လာနိုင်ပါတယ်။

အချို့သော အစားအသောက်တွေမှာ ဈေးနှုန်းမြင့်တာတွေ ဖြစ်လာခဲ့ပြီး ကုမ္ပဏီတွေဟာ ဒေါ်လာ ၁၇ ဘီလီယံလောက်အထိ ကျသင့်လာပါတယ်။ အီးယူရဲ့ သွင်းကုန်အပေါ် အခွန်ကောက်ခံမှုဟာ အမဲသားအပေါ်မှာ ၇၀ ရာခိုင်နှုန်းရှိပြီး သိုးသားတင်ပို့မှုအတွက်တော့ ၄၅ ရာခိုင်နှုန်း အခွန်စည်းကြပ်ထားပါတယ်။

### လွတ်လပ်စွာကုန်သွယ်ခွင့်ဆုံးရှုံး

ဂျပန်တို့၊ တူရကီတို့နဲ့ လွတ်လပ်စွာ ကုန်သွယ်ခွင့်ဆုံးရှုံးမယ်။ ဈေးကွက်ရရှိမှု ဆုံးရှုံးပြီးတော့ ဗြိတိန်ရဲ့ဝန်ဆောင်မှုပေးတဲ့လုပ်ငန်းမှာ အခက်အခဲအတားအဆီးတွေ ရှိလာတယ်။ အင်္ဂလန်အရှေ့တောင်ပိုင်း ကမ်းရိုးတန်းမြို့ဖြစ်တဲ့ ဒိုဗာမှာ အင်္ဂလန်ရေလက်ကြားကနေ ကုန်သွယ်စီးဆင်းမှုတွေ လျော့ကျသွားပါတယ်။

ဒါကြောင့်လည်း ၂၀၁၆ ခုနှစ် ဇွန်လအတွင်းမှာ ဗြိတိန်အီးယူကနေ ခွဲထွက်ရေးအတွက် မဲပေးပြီးတဲ့နောက်ပိုင်း ဗြိတိန်စီးပွားရေး လော်ဘီအုပ်စုကအနာဂတ်မှာ ဥရောပသမဂ္ဂနဲ့ ဗြိတိန်တို့ရဲ့ဆက်ဆံရေးနဲ့ ပတ်သက်ပြီး ပွက်ပွက်ညံ ကုန်ကြပါတယ်။ မကြာသေးခင်သီတင်းပတ်အတွင်းမှာတော့ သူတို့ရဲ့ ဦးတည်ချက်ဟာ အခြားဘက်ကို ပြောင်းသွားပါတယ်။ အဲဒါကတော့ အစီအစဉ်တကျမဟုတ်ဘဲ ခွဲထွက်ရေး အစီအစဉ်တွေ လုပ်လိုက်မှာကို ကာကွယ်ထားဖို့ပါပဲ။

### ကုန်သွယ်ရေးဆိုင်ရာ အဟန့်အတားများ

ဥရောပသမဂ္ဂကနေ ခွဲထွက်ခြင်းကြောင့် ကုန်ကျစရိတ်တွေများလာနိုင်ပြီး ဗြိတိန်မှာရှိတဲ့ ကုမ္ပဏီတွေမှာလည်း ကုန်သွယ်ရေးဆိုင်ရာ အဟန့်အတားတွေရှိလာနိုင်ပါတယ်။ နောက်ပြီးတော့ထုတ်လုပ်ရေးကုမ္ပဏီတွေမှာလည်း ခက်ခဲတဲ့ အခြေအနေတွေ ရှိလာနိုင်ပါတယ်။ ဗြိတိန်ရဲ့ စီးပွားရေးအတွက်တော့ ကပ်ဆိုးဆိုက်တာပါပဲ။ ဗြိတိန်ရဲ့ ကုန်သွယ်ရေးဌာနကတော့ ဥရောပသမဂ္ဂကနေ ကစဉ့်ကလျားနဲ့ နုတ်ထွက်လိုက်မယ်ဆိုရင် ဗြိတိန်ရဲ့ စီးပွားရေးမှာ ဘေးအန္တရာယ်ကျလာနိုင်ပြီး စီးပွားရေးသမားတွေသာမက တစ်ဦးချင်းစီရဲ့ နေထိုင်မှုဘဝတွေကိုပါ ထိခိုက်စေနိုင်တယ်လို့ သတိပေးခဲ့ပါတယ်။ မက်ဒေါ်နယ်နဲ့ ကေအက်ဖ်စီတို့ဟာ ဗြိတိန်ရဲ့စူပါမားကတ်တွေမှာ ဖွင့်လှစ်ထားပြီး အကယ်၍ ဥရောပသမဂ္ဂကနေသာ ဖြစ်သလိုနုတ်ထွက်လိုက်မယ်ဆိုရင် သူတို့ရဲ့ ဆိုင်ခွဲတွေကို ထောက်ပံ့တဲ့နေရာမှာ အနှောင့်အယှက်တွေ ဖြစ်လာနိုင်တယ်လို့ သတိပေးထားပါတယ်။ ကုမ္ပဏီတွေက ပြောကြတာကတော့ သူတို့ဟာ ကုန်ပစ္စည်းတွေကို ရတဲ့နေရာမှာ သိုလှောင်ထားရပြီး ကုန်ပစ္စည်းသိုလှောင်ဖို့အတွက် နေရာလွတ် အနည်းငယ်ပဲရှိလိမ့်မယ်လို့ ပြောခဲ့ပါတယ်။

### နောက်ကျနေပြီ

ကားထုတ်လုပ်ရေး ကုမ္ပဏီတွေကလည်း ရင်းနှီးမြှုပ်နှံဖို့ အစီအစဉ်တွေကို ဖျက်ပစ်ခဲ့ကြပါတယ်။ အဲဘတ်စ်ကုမ္ပဏီကလည်း ဗြိတိန်နိုင်ငံအပြင်ဘက်နေပဲ သွယ်ဝိုက်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ပြုလုပ်သွားတော့မယ်လို့ ပြောပါတယ်။ ဘဏ်လုပ်ငန်းမှာလည်း ဒီလိုပါပဲ။ ဘဏ်တွေနဲ့ အခြားသော ဘဏ္ဍာရေးဆိုင်ရာ ကုမ္ပဏီတွေဟာ ပေါင် ၈၀၀ ဘီလီယံထက်မနည်းတဲ့ အဖိုးတန်ပစ္စည်းတွေကို ဗြိတိန်နိုင်ငံအပြင်ဘက်ကို ရွှေ့ပြောင်းလိုက်ကြပါတယ်။ အခုအချိန်ဟာ စီးပွားရေးသမားတွေအတွက် ပြင်ဆင်မှုကို ပြုလုပ်ဖို့ အလွန်ကို နောက်ကျနေပြီလို့ ပြောရင်းပဲ အစိုးရလေ့လာသုံးသပ်သူတွေက သူတို့ရဲ့ပြောကြားချက်ကို နိဂုံးချုပ်ထားပါတယ်။ ၂၀၁၉ မတ်လ ၂၉ရက် မတိုင်မီအချိန်ပိုင်းကလေးဟာ ဘရီးဇစ်ကြောင့် ဖြစ်ပေါ်လာမယ့် ရိုက်ခတ်မှုတွေကို လျော့ပါးစေဖို့ မတတ်နိုင်လောက်ဘူးလို့ ပြောခဲ့ပါတယ်။ စီးပွားရေးအရ ပြင်ဆင်မှုတွေမလုပ်ဘဲ တစ်ဖက်သတ်ပြုမူဆောင်ရွက်တဲ့အပြုအမူမျိုး လုပ်လို့ရပါတယ်။ ဒါပေမယ့်လည်း ဆိုးကျိုးတွေကိုတော့ တစ်ဦးချင်းစီက ခံစားရမှာပါလို့လည်း သတိပေးခဲ့ပါတယ်။

### ဖိအားတွေနဲ့ရင်ဆိုင်နေရ

ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေဟာလည်း အခုအခါမှာတော့ သူ့ရဲ့ကွန်ဆာဗေးတစ်အစိုးရနဲ့ လွှတ်တော်တို့မှာ ဖိအားတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အကယ်၍များ ဥပဒေပြုလွှတ်တော်အမတ်တွေအနေနဲ့ ထရီဆာမေရဲ့ ခွဲထွက်ရေး သဘောတူညီချက်ကို မထောက်ခံကြဘူးဆိုရင် မတ်လ ၂၉ ရက်နောက်ပိုင်း ဥရောပသမဂ္ဂကနေ အပြီးသတ်ခွဲထွက်ရေးကို နောက်ကျဖို့ အခွင့်အရေးပေးမယ်ဆိုတဲ့ ကတိကို စောင့်ထိန်းဖို့ ဖိအားတွေ များနေရပါပြီ။ ဒီအချက်ကြောင့် ဥရောပသမဂ္ဂကနေ ခွဲမထွက်လိုတဲ့ အမတ်တွေအတွက် အကြိုက်တွေ့စရာ ဖြစ်ပေမယ့် ခွဲထွက်ရေးကို လိုလားတဲ့ အမတ်တွေရဲ့ ဆူညံသံတွေထွက်လာဦးမှာကလည်း အမှန်ပါပဲ။ ။

**ကိုးကား - စီအင်န်အင်န်**

> “ ဗြိတိန်ရဲ့ စီးပွားရေးအတွက်တော့ ကပ်ဆိုးဆိုက်တာပါပဲ။ ဗြိတိန်ရဲ့ ကုန်သွယ်ရေးဌာနကတော့ ဥရောပသမဂ္ဂကနေ ကစဉ့်ကလျားနဲ့ နုတ်ထွက်လိုက်မယ်ဆိုရင် ဗြိတိန်ရဲ့ စီးပွားရေးမှာ ဘေးအန္တရာယ်ကျလာနိုင်ပြီး စီးပွားရေးသမားတွေသာမက တစ်ဦးချင်းစီရဲ့ နေထိုင်မှုဘဝတွေကိုပါ ထိခိုက်စေနိုင်”

# မန္တလေး မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၈**
မန္တလေး မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ အကြိမ်(၃၀)မြောက် သံဃာတော်အပါး ၁၁၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဘုရားကြီးပရဝဏ် အတွင်း၌ ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်၊ စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်းနှင့်မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ရေတော်ဆရာတော်ကြီးနှင့် ဆရာတော် သံဃာတော် အပါး ၁၁၀၀ တို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မဟာမုနိ ဂေါပကအဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းဝင်များနှင့် ပြည်သူများက ဆွမ်းဆန်စိမ်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဆေးဝါးများ၊ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူခဲ့ကြသည်။

မဟာမုနိ ရုပ်ရှင်တော်ကြီး ဗုဒ္ဓပူဇနိယ ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် အစီအစဉ်များအဖြစ် သံဃာတော်အပါး ၁၃၀ ကျော်ဖြင့် (၄၁)ကြိမ်မြောက် မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ဓမ္မသဘင်များ၊ သံဃာတော်အပါး ၁၁၀၀ စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းပွဲ စသည့် အစီအစဉ်များကို ယခင်နေ့များက ကျင်းပခဲ့ပြီးဖြစ်ကာ ယနေ့တွင် သံဃာတော်အပါး ၁၁၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အစီအစဉ်ကို ဆက်လက်ကျင်းပခြင်းဖြစ်ကြောင်း ဘုရားကြီး ဂေါပကအဖွဲ့မှ သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**


သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူနေစဉ်။

# မြို့ပြဘေးကင်းလုံခြုံရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ တောင်ကြီးမြို့၌ ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၂၈**
အာရှဖောင်ဒေးရှင်း နှင့် WAPN Network တို့ ပူးပေါင်းပြုလုပ်သည့် မြို့ပြဘေးကင်းလုံခြုံရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်က တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ တောင်ကြီးဟိုတယ်ခန်းမ၌ ကျင်းပရာ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက အမှာစကားပြောကြားသည်။

ထို့နောက် အာရှဖောင်ဒေးရှင်းမှ မြို့ပြရေးရာကျွမ်းကျင်သူ ဒေးဗစ်နေက စီမံချက်လုပ်ဆောင်ချက်များနှင့် မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်များကို နည်းပညာပိုင်းဆိုင်ရာရှုထောင့်မှ ရှင်းလင်းတင်ပြခဲ့ပြီး မြေပုံကျွမ်းကျင်ပညာရှင်ကိုပြည့်ဖြိုးကျော်ကလည်း မြို့ပြဘေးကင်းလုံခြုံစိတ်ချမှုအကြောင်း အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**


နှီးနှောဖလှယ်ပွဲသို့ တက်ရောက်သော အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်များ

# ဝက်မွေးမြူရေးဆိုင်ရာ နည်းပညာများ ဒီးမော့ဆိုမြို့နယ်၌ ပညာပေးဆွေးနွေး

**ဒီးမော့ဆို ဖေဖော်ဝါရီ ၂၈**
ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်းမှ ဒေသခံပြည်သူများအား ဝက်မွေးမြူရေးဆိုင်ရာနည်းပညာများ အသိပညာပေး ဆွေးနွေးပွဲကို ဒီဟတ်မြန်မာနှင့် Myanmar Pigs Project တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၇ ရက်က ဒီးမော့ဆိုမြို့မရပ်ကွက်ရှိ စိန်ပေါလ်ဓမ္မာရုံခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စကိုက မြို့နယ်အတွင်းမှ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသူများ၏ ဝက်မွေးမြူရေးစနစ် တိုးတက်လာစေရန်၊ လိုအပ်သော မျိုးကောင်းမျိုးသန့်များ ရရှိစေရန်၊ မွေးမြူရေးအသိပညာများ ရရှိနိုင်စေရန်၊ ပိုမိုကောင်းမွန်သောဝင်ငွေ ရရှိစေပြီး တစ်နိုင်တစ်ပိုင် မွေးမြူရေးသမားများ၏အနာဂတ် ပိုမိုတောက်ပလာအောင် ထောက်ပံ့ပေးရန်နှင့် တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေးလုပ်ငန်းရှင်များအတွက် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရန် ရည်ရွယ်လျက် ဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး Myanmar Pigs Project မှ ကျွမ်းကျင်ပညာရှင် ဒေါက်တာမောင်စိုးက ဝက်မွေးမြူရေးဆိုင်ရာ လုပ်ငန်းစဉ်အကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကိုယ်ဝန်ဆောင် မျိုးဝက်မများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ နို့စို့ဝက်ငယ်လေးများအား အစာကျွေးခြင်းနည်းစနစ်၊ ဝက်ငယ်လေးများကို နို့ဦးရေတိုက်ကျွေးခြင်း၏ အရေးပါပုံ၊ ဝက်မေထုံမဲ့ သားဖောက်ခြင်း၊ သားဆက်ခြားခြင်းနှင့် ဝက်ကျန်းမာရေး ပြုစုစောင့်ရှောက်ခြင်းစသည့် အကြောင်းအရာများကို Myanmar Pigs Project မှ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးဟောပြောကြပြီး တက်ရောက်လာသော ဒေသခံများကလည်း ဝက်မွေးမြူရေးဆိုင်ရာ သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။


အဆိုပါ ဆွေးနွေးပွဲသို့ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့်အတူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဲရယ်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းမှ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသူများနှင့် မွေးမြူရေးလုပ်ငန်းကို စိတ်ပါဝင်စားသော ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**



ဝက်မွေးမြူရေးဆိုင်ရာ သိကောင်းစရာများကို အသိပေးဆွေးနွေးနေစဉ်။

# အိမ်မဲမြို့၌ တောင်သူလယ်သမားနေ့ အခမ်းအနားအတွက် ပြခန်းများ ပြင်ဆင်လျက်ရှိ



**အိမ်မဲ ဖေဖော်ဝါရီ ၂၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာ၌ မတ်လ ၂ ရက်တွင် ကျင်းပမည့် တောင်သူလယ်သမားနေ့ အခမ်းအနားအတွက် ပြခန်းများကို ကြိုတင်ပြင်ဆင်လျက်ရှိရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၇ ရက်က လာရောက်ကြည့်ရှုခဲ့သည်။ **(ဓါတ်ပုံ)**

ထို့နောက် ပြခန်းများ ပြင်ဆင်ထားမှုများကို ဝန်ကြီးက လိုက်လံကြည့်ရှုခဲ့ပြီး ပြခန်းတာဝန်ရှိသူများက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**
နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# တောင်ငူမြို့ အဆင့်မြင့်ဈေးသစ်ကြီးကို အမြန်ဆုံးတည်ဆောက်နိုင်ရန် တိုင်းဒေသကြီးအစိုးရနှင့် ကုမ္ပဏီတို့ MoU လက်မှတ်ရေးထိုး

**ပဲခူး ဖေဖော်ဝါရီ ၂၈**
ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ အဆင့်မြင့်ဈေးသစ်ကြီးကို အမြန်ဆုံး တည်ဆောက်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆောက်လုပ်ခွင့်ရသည့် First Altitudez ကုမ္ပဏီလီမိတက်တို့ MoU လက်မှတ်ရေးထိုးပွဲကို ပဲခူးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

လက်မှတ်ရေးထိုးပွဲတွင် တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာစောညိုဝင်းက ဈေးအသစ်ပြန်လည်တည်ဆောက်ရန် ပြည်သူများက လိုလားလျက်ရှိသဖြင့် အမြန်ဆုံး ဆောက်လုပ်နိုင်ရန် မိမိတို့အစိုးရက ကုမ္ပဏီနှင့် MoU (နားလည်မှုစာချွန်လွှာ) လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း၊ တောင်ငူဈေးသစ်ကြီး တည်ဆောက်ခြင်းသည် ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ခုဖြစ်၍ စေတနာထားပြီး ဆောင်ရွက်စေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် First Altitudez ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးအောင်မျိုးခိုင်က မိမိတို့ကုမ္ပဏီအနေဖြင့် တောင်ငူဈေးသစ်ကြီးကို တည်ဆောက်ရန် MoU ရေးထိုးနိုင်ခဲ့ပြီးဖြစ်၍ ဈေးတည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အစိုးရအဖွဲ့သို့ တင်ပြထားသည့် လုပ်ငန်းစီမံချက်များအတိုင်း အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ MoU လက်မှတ်ရေးထိုးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်ငူမြို့နယ် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဈေးသူဈေးသားများ တက်ရောက်ခဲ့သည်။

**ဟိန်းထက်(ပဲခူး)**


လက်မှတ်ရေးထိုးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးက အမှာစကားပြောကြားစဉ်။

# ပုပ္ပားတောင်ကလပ်၌ စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးပြုလုပ်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၈**

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာအုပ်စု တောင်ကလပ်ကျေးရွာ၌ ဖွဲ့စည်းထားသည့် ငြိမ်းချမ်းရေး ပရဟိတအမှိုက်ကောက်အဖွဲ့မှ အဖွဲ့ဝင် အင်အား ၆၀ ခန့်သည် ဖေဖော်ဝါရီ ၂၇ ရက်က တောင်ကလပ်သို့တက်သည့် လမ်းတစ်လျှောက်နှင့် အောင်သိဒ္ဓိကုန်း အုတ်လှေကားအတက်အဆင်းလမ်း၌ စုပေါင်း အမှိုက်ကောက်ကြပြီး သန့်ရှင်းရေးလုပ်ငန်းများလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ငြိမ်းချမ်းရေး ပရဟိတအမှိုက်ကောက်အဖွဲ့သည် ပုပ္ပား၌ ဗုဒ္ဓဟူးနေ့တိုင်း စုပေါင်း အမှိုက်ကောက်လာခဲ့ရာ ယခုဆိုလျှင် ခြောက်လကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ငြိမ်းချမ်းရေး ပရဟိတ အမှိုက်ကောက်အဖွဲ့ ဥက္ကဋ္ဌ ကိုပြည့်ဖြိုးအောင်က ပြောသည်။

ပုပ္ပား တောင်ကလပ်ဒေသသည် မြန်မာနိုင်ငံအရပ်ရပ်မှ လာရောက်ကြသည့် ပြည်တွင်းခရီးသွားများနှင့် ပြည်ပခရီးသွားများဖြင့် အမြဲစည်ကားသောဒေသတစ်ခုဖြစ်ကာ ဈေးရောင်းချသည့် ဈေးသည်များနှင့် ဘုရားဖူးလာ ခရီးသွားများ စွန့်ပစ်ထားခဲ့သည့် အမှိုက်များမှာ မြင်မကောင်းအောင် ဖြစ်နေသောကြောင့် အပတ်စဉ် အမှိုက်ကောက်နိုင်ရန်အတွက် ပရဟိတ အမှိုက်ကောက်အဖွဲ့ကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။




တောင်ကလပ် လမ်းတစ်လျှောက်၌ စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးလုပ်ငန်းများ လုပ်ဆောင်နေကြစဉ်။

အမှိုက်ကောက်အဖွဲ့၏ နာယက ဦးသိန်းဝင်းကလည်း "ကျွန်တော်တို့အဖွဲ့ အမှိုက်ကောက် အမှိုက်သိမ်းနေတာကို မြင်တော့ တောင်ကလပ် ဂေါပကအဖွဲ့က အမှိုက်သိမ်းယာဉ်တစ်စီး ဝယ်ပေးခဲ့လို့ ပိုအဆင်ပြေသွားတယ်"ဟု ပြောသည်။

ပုပ္ပားတောင်ကလပ်ဒေသတွင် ပလတ်စတစ်အမှိုက်များကြောင့် နွေရာသီတွင် အမြင်မတင့်တယ်သလို မိုးရာသီဆိုလျှင် အမှိုက်များကြောင့် ရေစီးလမ်းကြောင်းများကို အဟန့်အတားဖြစ်စေကာ သာသနိက အဆောက်အအုံများနှင့် လူနေအိမ်များပါ ထိခိုက်လာနိုင်ကြောင်း၊ ထို့အပြင် စွန့်ပစ်အမှိုက်များ များပြားလာပါက ပုပ္ပားတောင် ဘေးမဲ့သဘာဝတောများကိုပါ ပျက်စီးစေနိုင်သည့်အတွက် သန့်ရှင်းရေးလုပ်မည့်သူများ စုပေါင်း၍ ပရဟိတအဖွဲ့ ဖွဲ့စည်းပြီး အမှိုက်ကောက်ခြင်းနှင့် အမှိုက်သိမ်းခြင်းများ ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# အာဆီယံအသိအမှတ်ပြု အသက်မွေးဝမ်းကျောင်းသင်တန်းအောင်လက်မှတ်များပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံ၏ နည်းပညာဆိုင်ရာ လုပ်သားအင်အားစု ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၊ မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(PTTEP)၊ MOGE နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်နေသည့် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ အာဆီယံနိုင်ငံများက အသိအမှတ်ပြုသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအောင်လက်မှတ်များ ချီးမြှင့်ပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့သည်။

အောင်လက်မှတ်များပေးအပ်ပွဲတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မာအေး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးလင်းနှင့် PTTEP မှ အထွေထွေမန်နေဂျာ Mr. Piya Sukhumpanumet တို့က အမှာစကားပြောကြားသည်။

ထို့နောက် လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)မှ စစ်ဆေးအကဲဖြတ်မှုဖြင့် ၂၀၁၈ ခုနှစ်အတွင်း ဂဟေဆော်သင်တန်း၊ လေအေးပေးစက် တပ်ဆင်ပြုပြင်သင်တန်းနှင့် လျှပ်စစ်သင်တန်း အပါအဝင် သင်တန်း ၁၆ ခုမှ အောင်မြင်ခဲ့သော သင်တန်းသား ၄၆၄ ဦးအား အသိအမှတ်ပြု သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင်လည်း ရွေးချယ်ခံရသော သင်တန်းသား ၆၁၈ ဦးအား PTTEP မှ သင်တန်းစရိတ်နှင့် စာမေးပွဲကြေးများ ထောက်ပံ့ပေးသွားမည့်အပြင် အဆင့်မြင့်လျှပ်စစ်ပညာ သင်တန်း အသစ်နှစ်ခု အပါအဝင် သင်တန်းအမျိုးအစား ၂၁ ခုကိုလည်း ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

PTTEP မြန်မာ့စီမံကိန်း အထွေထွေမန်နေဂျာက "PTTEP စီမံကိန်းဟာ မြန်မာနိုင်ငံမှာ လုပ်ငန်းတွေလည်ပတ်ဆောင်ရွက်ခဲ့တာ နှစ် ၃၀ ရှိပါပြီ၊ မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးရေးတို့မှာ တစ်စိတ်တစ်ပိုင်းပါဝင်ခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူပါတယ်၊ ၂၀၁၉ ခုနှစ်မှာလည်း သင်တန်းသား ၆၁၈ ဦးကို ကျွမ်းကျင်သင်တန်းနဲ့ အကဲဖြတ်စစ်ဆေးမှုအတွက် ဆက်လက်ထောက်ပံ့သွားမှာပါ"ဟု ပြောသည်။



အာဆီယံအသိအမှတ်ပြု သင်တန်းအောင်လက်မှတ်များ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

မြန်မာနိုင်ငံတွင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနအောက်၌ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ခြောက်ကျောင်းရှိနေပြီး ရန်ကုန်(ရန်ကင်း)၊ ရန်ကုန်(မြောက်ဒဂုံ)၊ မန္တလေးမြို့ ပုသိမ်မြို့ မွန်ပြည်နယ် စက်စဲနှင့် ကရင်ပြည်နယ် ဘားအံမြို့သင်တန်းကျောင်းများဖြစ်ကာ ထိုကျောင်းများတွင် လုပ်ငန်းခွင်များမှ လုပ်သားလိုအပ်ချက်အတိုင်း လေ့ကျင်သင်ကြားပေးလျက်ရှိသည်။ ထိုသင်တန်းကျောင်းများအနက် ရန်ကင်းကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းကို ၁၉၇၂ ခုနှစ်က ဦးစွာဖွင့်လှစ်ခဲ့၍ စက်စဲနှင့် ဘားအံ သင်တန်းကျောင်းများမှာ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး နောင်တွင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း သင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၁၉၇၂ မှ ၁၉၈၈ ခုနှစ်အတွင်း အဆိုပါ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများမှ သင်တန်းသားလေးထောင်ခန့်ကို မွေးထုတ်ခဲ့သော်လည်း ဌာနဆိုင်ရာဝန်ထမ်းများကိုသာ ကျွမ်းကျင်ဝန်ထမ်းများအဖြစ် မွေးထုတ်နိုင်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၀ ခုနှစ်မှစ၍ နောက်ပိုင်းတွင် အခြေခံဂဟေဆက်သင်တန်း၊ လျှပ်စစ်သင်တန်း၊ လေအေးပေးစက် တပ်ဆင်သင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့် တွင်ခုံ ဖောက်ခုံ သင်တန်းတို့မှ တစ်နှစ်လျှင် ပုဂ္ဂလိကသင်တန်းသား ၅၀၀ ခန့် မွေးထုတ်နိုင်ခဲ့ကာ PTTEP နှင့် ပူးပေါင်းဆောင်ရွက်ပြီး နောက်ပိုင်းတွင်မူ သင်တန်းသား ၁၂၀၀ ခန့်အထိကို နှစ်စဉ် လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အဆင့်မြင့်ပညာကို ဆက်လက်မသင်ကြားနိုင်သော လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများကို ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများက သင်တန်းကာလတစ်လခွဲဖြင့် သင်ကြားပို့ချလျက်ရှိကာ သင်တန်းပြီးဆုံးပါက အသက်မွေးဝမ်းကျောင်းအနေဖြင့် လုပ်ကိုင်နိုင်သလို ဆက်လက် လေ့ကျင့်သင်ကြားခြင်းဖြင့် အတတ်ပညာရှင်အဆင့်အထိ ဖြစ်လာနိုင်သောကြောင့် လူငယ်များ အားကိုးအားထားပြုရသော သင်တန်းတစ်ခုဖြစ်နေကြောင်း သိရသည်။ **သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# ကျိုက်ဝိုင်းဘုရားဈေးရုံကြီးကို အဆင့်မြှင့်တင်ပြုပြင်မှုများ ဆောင်ရွက်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မရမ်းကုန်းမြို့နယ်တွင် တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင် အပရာဇိတ ကျိုက်ဝိုင်း ဆံတော်ရှင်စေတီတော်ကြီး၏ ဝတ္တကမြေပေါ်ရှိ ဘုရားဈေးရုံကြီးကို အဆင့်မြှင့်တင်ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘုရားဈေးရုံကြီးထဲတွင် နိဗ္ဗာန်ကုန်၊ အလှကုန်၊ လူသုံးကုန်၊ မုန့်မျိုးစုံနှင့် အုန်းငှက်ပျော သစ်သီးဆိုင်များ၊ ပန်းမျိုးစုံဆိုင်များ စုစုပေါင်း ဆိုင်ခန်း ၄၈၆ ခန်းရှိသော်လည်း ဈေးရုံကြီးမှာ ဟောင်းနွမ်းနေပြီး ဘုရားနှင့် ပန်မတင့်သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်၍ ယခုအခါ ဈေးရုံကြီးကို အလူမီနီယံ အမိုးအကာများဖြင့် အဆင့်မြှင့်တင် ပြုပြင်မွမ်းမံနေခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၈-၂-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၃၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၂၅ ကျပ် | ၉၃၅/၉၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၀/၉၃၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၈၀/၇၄၀ ကျပ် | ၇၈၅/၈၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၇၅/၈၃၀ ကျပ် | ၈၈၀/၈၈၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၆ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၈ · ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၅ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၀ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၆ · ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၅၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၂၁၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၄ · ၁၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၀ · ၆၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၇၉၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၄၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၄၁၄၅၊ **ဖက်စ်** ၀၆၇-၃၄၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၄၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

## ပရီမီယာလိဂ်ပွဲစဉ် (၂၉)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၂-၃-၁၉** |
| စပါး | - | အာဆင်နယ် | ည ၇း၀၀ |
| ဘုန်းမောက် | - | မန်စီးတီး | ည ၉း၃၀ |
| ဘရိုက်တန် | - | ဟက်ဒါဖီးလ် | ည ၉း၃၀ |
| ဘန်လေ | - | ပဲလေ့စ် | ည ၉း၃၀ |
| မန်ယူ | - | ဆောက်သမ်တန် | ည ၉း၃၀ |
| ဝုဖ် | - | ကာဒစ်ဖ် | ည ၉း၃၀ |
| ဝက်စ်ဟမ်း | - | ကာဆယ် | နံနက် ၀၀း၀၀ |
| **တနင်္ဂနွေနေ့** | | | **၃-၃-၁၉** |
| ဝက်ဖို့ဒ် | - | လက်စတာ | ည ၆း၃၀ |
| ဖူလ်ဟမ် | - | ချယ်လ်ဆီး | ည ၈း၁၅ |
| အဲဗာတန် | - | လီဗာပူး | ည ၁၀း၄၅ |

## လာလီဂါပွဲစဉ် (၂၆)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁-၃-၁၉** |
| ဗယ်လီကာနို | - | ဂျီရိုနာ | နံနက် ၂း၃၀ |
| **စနေနေ့** | | | **၂-၃-၁၉** |
| အက်စ်ပန်ညို | - | ဗယ်လာဒိုးလစ် | ည ၆း၃၀ |
| ဗီလာရီးရဲ | - | အလာဗက်စ် | ည ၉း၄၅ |
| ဝက်စ်ကာ | - | ဆီဗီလာ | နံနက် ၀၀း၀၀ |
| ရီးရဲ | - | ဘာစီလိုနာ | နံနက် ၂း၁၅ |
| **တနင်္ဂနွေနေ့** | | | **၃-၃-၁၉** |
| အီဘာ | - | ဆယ်တာဗီဂို | ည ၅း၃၀ |
| ဘတ်တစ် | - | ဂီတာဖေး | ည ၉း၄၅ |
| ဆိုစီဒက်စ် | - | အက်သလက် | နံနက် ၀၀း၀၀ |
| ဗလင်စီယာ | - | ဘီဘာအို | နံနက် ၂း၁၅ |
| **တနင်္လာနေ့** | | | **၄-၃-၁၉** |
| လီဂါနက်စ် | - | လီဗန်တေး | နံနက် ၂း၃၀ |

## စီးရီးအေပွဲစဉ် (၂၆)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁-၃-၁၉** |
| ကယ်ဂလီယာရီ | - | အင်တာ | နံနက် ၂း၀၀ |
| **စနေနေ့** | | | **၂-၃-၁၉** |
| အမ်ပိုလီ | - | ပါးမား | ည ၈း၃၀ |
| မီလန် | - | ဆက်ဆူအိုလို | ည ၁၁း၃၀ |
| လာဇီယို | - | ရိုးမား | နံနက် ၂း၀၀ |
| **တနင်္ဂနွေနေ့** | | | **၃-၃-၁၉** |
| တိုရီနို | - | ချီယေဗို | ည ၆း၀၀ |
| အူဒီးနိစ် | - | ဘိုလော့ဂ်နာ | ည ၈း၃၀ |
| ဂျီနိုအာ | - | ဖရိုစီနိုနီ | ည ၈း၃၀ |
| SPAL | - | ဆမ်ဒိုးရီးယား | ည ၈း၃၀ |
| အတ္တလန္တာ | - | ဖီအိုရင်တီးနား | ည ၁၁း၃၀ |
| နာပိုလီ | - | ဂျူဗင်တပ်စ် | နံနက် ၂း၀၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၂၇)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁-၃-၁၉** |
| ဘော်ဒိုး | - | မောင့်ပယ်လီယာ | နံနက် ၂း၁၅ |
| **စနေနေ့** | | | **၂-၃-၁၉** |
| ကိန်း | - | ပီအက်စ်ဂျီ | ည ၁၀း၃၀ |
| အန်ဂျာစ် | - | မိုနာကို | နံနက် ၁း၃၀ |
| နီမက်စ် | - | ရိန်းနက်စ် | နံနက် ၁း၃၀ |
| ရိမ်းစ် | - | အာမီယံ | နံနက် ၁း၃၀ |
| **တနင်္ဂနွေနေ့** | | | **၃-၃-၁၉** |
| ဂူအင်ဂမ့် | - | နန့်စ် | ည ၈း၃၀ |
| လိုင်လီ | - | ဒီဂျွန် | ည ၈း၃၀ |
| နိုက်စ် | - | စထရက်ဘော့ဂ် | ည ၈း၃၀ |
| လိုင်ယွန် | - | တူးလောက်စ် | ည ၁၀း၃၀ |
| မာဆေး | - | စိန့်အေတီယန် | နံနက် ၂း၃၀ |

## ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုကျော့

| | | | |
|---|---|---|---|
| **အင်္ဂါနေ့** | | | **၅-၃-၁၉** |
| ဒေါ့မွန် | - | စပါး | နံနက် ၂း၃၀ |
| ရီးရဲ | - | အိုင်းယက်စ် | နံနက် ၂း၃၀ |
| **ဗုဒ္ဓဟူးနေ့** | | | **၆-၃-၁၉** |
| ပီအက်စ်ဂျီ | - | မန်ယူ | နံနက် ၂း၃၀ |
| ပေါ်တို | - | ရိုးမား | နံနက် ၂း၃၀ |



# ဒါဘီပွဲများနဲ့ ပရီမီယာလိဂ်ပွဲစဉ် ၂၉

ဝေမိုးဆက်

**ဒီတစ်ပတ်ပရီမီယာလိဂ်ပွဲစဉ်မှာတော့ လန်ဒန်ဒါဘီပွဲစဉ်ဖြစ်တဲ့ စပါးနဲ့အာဆင်နယ်တို့ရဲ့ပွဲစဉ် ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အာဆင်နယ်အနေနဲ့ လိဂ်ဖလားပွဲမှာ အိမ်ကွင်းမှာကစားခဲ့တုန်းက စပါးကို နှစ်ဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ရှုံးကြွေးပြန်ဆပ်နိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ ဒါ့အပြင် အဲဗာတန်နဲ့ လီဗာပူးတို့ရဲ့မာဆေးဆိုက်ဒ်ဒါဘီကလည်း အကြိတ်အနယ်ရှိလာနိုင်ပါတယ်။**

### စပါး Vs အာဆင်နယ်

ပထမအကျော့ရလဒ် - အာဆင်နယ် ၄-၂ စပါး

စပါးက အိမ်ကွင်းလည်းဖြစ်သလို ဟယ်ရီကိန်းလည်း ပွဲပြန်ထွက်နိုင်ပြီ ဖြစ်ပါတယ်။ ဒါပေမယ့် စပါးဟာ ကြားရက်ပရီမီယာလိဂ်ပွဲစဉ်မှာ ချယ်လ်ဆီးလိုအသင်းကြီးနဲ့ရင်ဆိုင်ခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်သလို ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ပွဲကစားရဖို့ရှိနေပါတယ်။ စပါးတို့ခြေကုန် ထုတ်နိုင်ဖို့ ခက်ခဲနိုင်သလို သရေလောက်ပဲရမယ်။

### ဖူလ်ဟမ် Vs ချယ်လ်ဆီး

ပထမအကျော့ရလဒ် - ချယ်လ်ဆီး ၂-၀ ဖူလ်ဟမ်

ချယ်လ်ဆီးရဲ့ခြေစွမ်းပိုင်းက လက်ရှိအချိန်မှာ တည်ငြိမ်မှုမရှိသေးပါဘူး။ ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ပွဲ ကစားရဖို့ရှိနေပါတယ်။ ဒါပေမယ့် ဖူလ်ဟမ်ကလည်းခြေစွမ်းပိုင်းအားနည်းမှုတွေများနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်း အားနည်းမှုတွေများလွန်းတာကြောင့် ဒီပွဲမှာ ချယ်လ်ဆီးကိုထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ဒီပွဲမှာတော့ ချယ်လ်ဆီးပဲ အနိုင်ရမယ်။

### ဝက်ဖို့ဒ် Vs လက်စတာ

ပထမအကျော့ရလဒ် - လက်စတာ ၂-၀ ဝက်ဖို့ဒ်

လက်စတာက ရလဒ်တွေဆိုးရွားနေမှုနဲ့အတူ မန်နေဂျာအပြောင်းအလဲလုပ်ဆောင်ခဲ့ပြီး ဝါရင့်မန်နေဂျာ ဘရီဒန်ရော်ဂျာစ်ကို မန်နေဂျာသစ်အဖြစ် ခန့်အပ်ထားခဲ့ပါတယ်။ ဒါကြောင့်လည်း လက်စတာဟာ ခြေစွမ်းပိုင်းတိုးတက်လာဖို့ရှိပါတယ်။ ဝက်ဖို့ဒ်က လည်း အိမ်ကွင်းဖြစ်နေတာကြောင့် လက်စတာတို့လွယ်လွယ်နဲ့အနိုင်မရနိုင်ပါဘူး။ လက်စတာ သရေလောက်ပဲရမယ်။

### မန်ယူ Vs ဆောက်သမ်တန်

ပထမအကျော့ရလဒ် - ဆောက်သမ်တန် ၂-၂ မန်ယူ

မန်ယူအနေနဲ့ ချန်ပီယံလိဂ်ကစားရဖို့ရှိပေမယ့်လည်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ အရေးပါနေချိန်မှာနောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ခက်တဲ့ချန်ပီယံလိဂ်ပွဲထက် ဒီပွဲကို ပိုမိုအားစိုက်လာမှာသေချာနေပါတယ်။ မန်ယူမှာ အသင်းလိုက် စွမ်းဆောင်ရည်ကတော့ ကောင်းမွန်မှုရှိပါတယ်။ လက်ရှိအချိန်မှာဆောက်သမ်တန်ရဲ့ခြေကလည်းသာ မန်သာရှိလို့ မန်ယူကသာ နိုင်ပွဲရမယ်။

### အဲဗာတန် Vs လီဗာပူး

ပထမအကျော့ရလဒ် - လီဗာပူး ၁-၀ အဲဗာတန်

လီဗာပူးတို့ အဝေးကွင်းဖြစ်ပေမယ့်လည်း ချန်ပီယံဆုရယူနိုင်ဖို့အတွက် နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာသေချာနေပါတယ်။ အထူးသဖြင့်ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲကစားရဖို့မရှိသေးတာကြောင့် ဒီပွဲမှာခြေကုန်ထုတ်လာနိုင်မှာပါ။ အဲဗာတန်ကလည်း ခြေစွမ်းပိုင်းသာမန်သာရှိလို့ လီဗာပူးတို့အခွင့်အရေးရနိုင်ပါတယ်။ လီဗာပူးပဲနိုင်ပွဲရမယ်။

### ဘရိုက်တန် Vs ဟက်ဒါဖီးလ်

ပထမအကျော့ရလဒ် - ဟက်ဒါဖီးလ် ၁-၂ ဘရိုက်တန်

အမှတ်ပေးဇယားအောက်ဆုံးက ဟက်ဒါဖီးလ်ရဲ့ခြေစွမ်းပိုင်းအားနည်းလွန်းနေပါတယ်။ အဝေးကွင်းပွဲတွေမှာဆိုရင်ပိုမိုပြီးခြေစွမ်းကျဆင်းတတ်ပါတယ်။ ဘရိုက်တန်ကတော့ တန်းမဆင်းရဖို့အတွက် ခြေကုန်ထုတ်လာမှာဖြစ်တဲ့အပြင် ဒီပွဲကို အိမ်ကွင်းမှာကစားရမှာလည်းဖြစ်နေပါတယ်။ ဒါကြောင့်လည်း ဘရိုက်တန်ကသာနိုင်ပွဲရယူသွားဖို့ရှိနေပါတယ်။

### ဘုန်းမောက် Vs မန်စီးတီး

ပထမအကျော့ရလဒ် - မန်စီးတီး ၃-၁ ဘုန်းမောက်

လက်ရှိအချိန်မှာ ဘုန်းမောက်ခြေစွမ်းပိုင်း အားနည်းမှုတွေရှိနေပါတယ်။ ဒီပွဲကို အိမ်ကွင်းမှာကစားရမှာ ဖြစ်ပေမယ့်လည်း မန်စီးတီးကိုယှဉ်နိုင်ဖို့ခက်လွန်းပါတယ်။ မန်စီးတီးက ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲလည်းကစားရဖို့မရှိသေးလို့ ချန်ပီယံဆုအတွက်ခြေကုန်ထုတ်လာမှာသေချာနေပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် မန်စီးတီးကသာ နိုင်ပွဲရသွားမှာပါ။

### ဝက်စ်ဟမ်း Vs ကာဆယ်

ပထမအကျော့ရလဒ် - ကာဆယ် ၀-၃ ဝက်စ်ဟမ်း

လက်ရှိအချိန်မှာ ဝက်စ်ဟမ်းရဲ့ခြေစွမ်းပိုင်းက မဆိုးဘူးလို့ဆိုနိုင်ပါတယ်။ ဖူလ်ဟမ်ကို ဂိုးပြတ်အနိုင်ရခဲ့သလို နောက်ဆုံးသုံးပွဲဆက်အရှုံးမရှိဘဲ လီဗာပူးကိုတောင် သရေကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကာဆယ်ရဲ့ခြေစွမ်းကလည်း ကောင်းနေလို့ ဝက်စ်ဟမ်းကိုတုံ့ပြန်ကစားနိုင်စွမ်းရှိနေတာ သေချာတယ်။ ဝက်စ်ဟမ်းတို့ဒီပွဲမှာ ရှုန်းကန်ရနိုင်ကာ သရေလောက်ပဲရမယ်။

### ဝုဖ် Vs ကာဒစ်ဖ်

ပထမအကျော့ရလဒ် - ကာဒစ်ဖ် ၂-၁ ဝုဖ်

ဝုဖ်ဟာ လက်ရှိအချိန်မှာ တိုက်စစ်ပိုင်းက ဂိုးသွင်းအားနည်းပေမယ့် အသင်းလိုက်စွမ်းဆောင်ရည်နဲ့ အိမ်ကွင်းခြေစွမ်းပိုင်းကတော့ မာကျောမှုရှိပါတယ်။ တန်းမဆင်းရဖို့ရုန်းကန်နေတဲ့ ကာဒစ်ဖ်ကတော့ လက်ရှိအချိန်မှာခြေစွမ်းပိုင်း မတည်ငြိမ်ဘဲ အိမ်ကွင်းမှာတောင် ဝက်ဖို့ဒ်ကိုဂိုးပြတ်ရှုံးခဲ့ရပါတယ်။ ဒါကြောင့်လည်း ဘုန်းမောက်ကိုသာ နှစ်သက်တယ်။

### ဘန်လေ Vs ပဲလေ့စ်

ပထမအကျော့ရလဒ် - ပဲလေ့စ် ၂-၀ ဘန်လေ

လက်ရှိခြေစွမ်းပိုင်း အကောင်းဆုံးပုံစံရရှိနေတဲ့ နှစ်သင်းဆုံပွဲဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ လက်ရှိချိန်မှာ နှစ်သင်းစလုံး တိုက်စစ်စွမ်းဆောင်ရည် ကောင်းမွန်နေပေမယ့် ဘန်လေက အိမ်ကွင်းခြေစွမ်း ပိုမိုမာကျောမှုရှိပါတယ်။ ဒါကြောင့်လည်း ပဲလေ့စ်ခြေစွမ်းထက်မြက်နေပေမယ့် ဒီပွဲမှာ သရေလောက်သာကစားနိုင်ဖို့ရှိပါတယ်။

## မန်ယူအသင်းနှင့် ဂိုးသမား ဒီဂီယာတို့ စာချုပ်သစ်ချုပ်ဆိုနိုင်ရန် နီးစပ်လာ

မန်ယူအသင်း၏ အဓိက ဂိုးသမားဖြစ်သူ ဒေးဗစ်ဒီဂီယာသည် မန်ယူအသင်းတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်လိုက်ပြီဖြစ်သောကြောင့် မကြာမီတွင် မန်ယူအသင်းနှင့် နှစ်ရှည်စာချုပ် သစ်တစ်ရပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မန်ယူအသင်းသည် စပိန်ဂိုးသမား ဒီဂီယာအား တစ်ပတ်လုပ်ခငွေအဖြစ် ပေါင် ၃၇၅၀၀၀ ပေးချေကာ စာချုပ်သစ်ချုပ်ဆိုသွားရန် ဆန္ဒရှိနေခြင်း ဖြစ်သည်။ မန်ယူအသင်းနှင့် ဂိုးသမား ဒီဂီယာ၏ အေးဂျင့်ဖြစ်သူ ဂျော့မန်ဒက်စ်တို့အကြားတွင် စာချုပ်သစ် ချုပ်ဆိုရေးအတွက် နောက်ဆုံးအချက် အလက်များကိုမူ သဘောတူညီမှု ရရှိခြင်းမရှိသေးကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ဂိုးသမား ဒီဂီယာသည် ရီးရဲမက်ဒရစ်အသင်း၏ နှစ်ရှည် ပစ်မှတ်ထားခြင်းခံခဲ့ရသည့် ဂိုးသမားတစ်ဦးဖြစ်သော်လည်း ရီးရဲအသင်းသည် ချယ်လ်ဆီး အသင်းဂိုးသမား ကော့တွာ့က်စ်အား ခေါ်ယူခဲ့ခြင်းကြောင့် ဒီဂီယာအနေဖြင့် ရီးရဲသို့ပြောင်းရွှေ့နိုင်မည့် အခွင့်အရေး နည်းပါးသွားခဲ့သည်။ ဂိုးသမား ဒီဂီယာအနေဖြင့် စပိန်နိုင်ငံမှ မီဒီယာများသည် မကောင်းသတင်းများကို ရေးသားလေ့ရှိသည်ဟု ခံစားရခြင်းကြောင့် စပိန်သို့ ပြောင်းရွှေ့လိုသည့် လိုလားချက်မှာလည်း လျော့ပါးနေသည်ဟုဆိုသည်။

ပြင်သစ်ထိပ်တန်းကလပ်တစ်သင်းဖြစ်သည့် ပီအက်စ်ဂျီအသင်းသည် ဂိုးသမား ဘူဖွန်၏ နေရာတွင် အစားထိုး ရန်အတွက် မန်ယူဂိုးသမား ဒီဂီယာကို ခေါ်ယူရန် စိတ်ဝင်စားမှုရှိသော်လည်း ဒီဂီယာအနေဖြင့်မူ ပြင်သစ်ပထမတန်းပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် ပြိုင်ဆိုင်မှုအရှိန်အဟုန် ပြင်းထန်မှုမရှိခြင်းကြောင့် ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ရန် လိုလားမှုမရှိပေ။

မန်ယူအသင်းနှင့် ဂိုးသမား ဒီဂီယာတို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းမှာ ၂၀၂၀ ပြည့်နှစ် နွေရာသီတွင် ကုန်ဆုံးမည်ဖြစ်သည်။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ဒီဂီယာနှင့် စာချုပ်သစ်ချုပ်ဆိုနိုင်ခြင်းမရှိခဲ့ပါက ဂိုးသမား ဒီဂီယာသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် အခြားပြည်ပကလပ်တစ်ခုနှင့် အကြို စာချုပ်ချုပ်ဆိုရန် အခွင့်အရေး ရရှိလာမည်ဖြစ်သည်။

အသက် ၂၈ နှစ်ရှိ ဂိုးသမား ဒီဂီယာသည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် စုစုပေါင်း ၃၄ ပွဲ ပါဝင်ကစားထားသူဖြစ်သည်။

**ထက်အောင်**

## ဘာစီလိုနာအသင်း၏ စပိန်ဘုရင့်ဖလားပြိုင်ပွဲတွင် အောင်မြင်မှုကို ချိုးဖြတ်နိုင်သည့် အသင်းရှိလာမည်မဟုတ်ဟု ပီကေး ကြုံးဝါး



စပိန်ဘုရင့်ဖလားပြိုင်ပွဲတွင် ဘာစီလိုနာအသင်း၏ အောင်မြင်မှုစံချိန်ကို မည်သည့်အသင်းကမျှ ချိုးဖြတ်နိုင်တော့မည်မဟုတ်ကြောင်း ဘာစီလိုနာအသင်း ဗဟိုခံစစ်မှူး ဂျရတ်ပီကေးက ထုတ်ဖော်ပြောဆိုလိုက်သည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဘာနေဗျူးကွင်း၌ ရီးရဲမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သော ၂၀၁၈-၁၉ ခုနှစ် ဘောလုံးရာသီ၏ စပိန်ဘုရင့်ဖလားပြိုင်ပွဲတွင် ပြိုင်ဘက်အသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူနိုင်ခဲ့သည့်အသင်း ဖြစ်သည်။

ဘာစီလိုနာအသင်းသည် စပိန်ဘုရင့်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အကြိမ် ၄၀ တက်ရောက်နိုင်ခဲ့ပြီး ချန်ပီယံဆု အကြိမ် ၃၀ ရရှိထားကာ ပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက် အအောင်မြင်ဆုံးအသင်းအဖြစ် စံချိန်တင်ထားသည့်အသင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ဒုတိယ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသည့်အသင်းမှာ ဗိုလ်လုပွဲသို့ ၃၇ ကြိမ်တက်ရောက်နိုင်ခဲ့ပြီး ချန်ပီယံဆု ၂၃ ကြိမ် ရယူနိုင်ခဲ့သည့် ဘီဘာအိုအသင်းဖြစ်သည်။ ဘာစီလိုနာအသင်း၏ အဓိကပြိုင်ဘက်အသင်းဖြစ်သည့် ရီးရဲမက်ဒရစ်အသင်းသည် စပိန်ဘုရင့်ဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ ၃၉ ကြိမ် တက်ရောက်နိုင်ခဲ့သော်လည်း ချန်ပီယံဆုအား ၁၉ ကြိမ်သာ ရယူနိုင်ခဲ့သည်။

စပိန်ကစားသမား ပီကေးက "စပိန်ဘုရင့်ဖလားပြိုင်ပွဲမှာ ကျွန်တော် တို့ရဲ့ကစားပုံက ဘာစီလိုနာအသင်းဟာ အကောင်းဆုံးလုပ်နိုင်တယ်ဆိုတာကို သက်သေပြခဲ့တာပါပဲ။ ဒီပြိုင်ပွဲမှာ ဘာစီလိုနာအသင်း ရရှိထားတဲ့ အောင်မြင်မှုမျိုးကို အခြားအသင်းတွေ ရယူနိုင်လိမ့်မယ်လို့ မထင်ဘူး။ ဘာစီလိုနာအသင်းလောက် စပိန်ဘုရင့်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို အကြိမ်များများ တက်ရောက်နိုင်တဲ့အသင်းလည်း ရှိလာလိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး။ အခုနှစ် စပိန်ဘုရင့်ဖလားဗိုလ်လုပွဲမှာ ဘာစီလိုနာအသင်းက ဒီရာသီအတွင်း အကောင်းဆုံးပွဲဆိုတဲ့ ခြေစွမ်းမျိုးနဲ့တော့ မကစားနိုင်ခဲ့ဘူး။ ဒါပေမယ့် ပြိုင်ဘက်အသင်းကို သုံးဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် ကောင်းမွန်တဲ့အခြေအနေလို့တော့ ပြောရမယ်"ဟု ပွဲအပြီးတွင် ပြောဆိုခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းနည်းပြ ဆိုလာရီက စပိန်ဘုရင့်ဖလားပြိုင်ပွဲတွင် ထွက်ပေးလာသည့် ရလဒ်သည် မိမိအသင်းအနေဖြင့် လက်ခံရန်ခက်ခဲသည့် ရလဒ်ဖြစ်ကြောင်း ဝန်ခံပြောဆိုခဲ့သည်။

**ထက်အောင်**

## ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေး ယှဉ်ပြိုင်မှုတွင် မန်စီးတီးကို အနိုင်ရရှိစေလိုကြောင်း ဇာဘလက်တာ ပြောဆို



ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်း ညာတောင်ပံခံစစ်မှူး ဇာဘလက်တာက မန်စီးတီးနှင့် လီဗာပူး အသင်းတို့ကြားမှ ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေး အားပြိုင်မှုသည် ယခုနှစ် ဘောလုံးရာသီ ကုန်ဆုံးချိန်အထိ ကြာမြင့်နိုင်ကြောင်း၊ မိမိအနေဖြင့် အသင်းဟောင်း မန်စီးတီးအသင်းအား အဆိုပါ ယှဉ်ပြိုင်မှုတွင် အနိုင်ရရှိစေလိုကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၏ ပွဲစဉ် ၂၈ ကစားပြီးချိန်တွင် လီဗာပူး အသင်းသည် ရမှတ် ၆၉ မှတ်ဖြင့် အမှတ်ပေးဇယားအား ဦးဆောင်နေပြီး မန်စီးတီးအသင်းသည် ရမှတ် ၆၈ မှတ် ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။ တတိယနေရာတွင် ရပ်တည်နေသည့် စပါးအသင်းမှာမူ လီဗာပူးအသင်းထက် ရမှတ် ကိုးမှတ်အထိ လျော့နည်းနေသဖြင့် ယခုနှစ် ပရီမီယာလိဂ် ချန်ပီယံဆု ရရှိရေးအတွက် မန်စီးတီးနှင့် လီဗာပူးအသင်းတို့သာ အဓိက အားပြိုင်နေရသည့် အခြေအနေဖြစ်နေသည်။

အသက် ၃၄ နှစ်အရွယ်ရှိ အာဂျင်တီးနားကစားသမား ဇာဘလက်တာသည် မန်စီးတီးအသင်းတွင် ၂၀၀၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ပါဝင်ကစားခဲ့သူဖြစ်ပြီး မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ချန်ပီယံဆုဖလား နှစ်ကြိမ်အပါအဝင် ဆုဖလားပေါင်းငါးလုံး ရရှိခဲ့သူဖြစ်သည်။

ခံစစ်မှူး ဇာဘလက်တာက "ကျွန်တော့်အမြင်အရဆိုရင်တော့ အခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ရေးအတွက် မန်စီးတီးနဲ့ လီဗာပူးအသင်းတို့ ကြားက အားပြိုင်မှုဟာ ဘောလုံးရာသီ ကုန်ဆုံးချိန်အထိ ကြာမြင့်လိမ့်မယ်လို့ ထင်ပါတယ်။ ကျွန်တော်ကတော့ ဒီယှဉ်ပြိုင်မှုမှာ ကျွန်တော့်ရဲ့အသင်းဟောင်းဖြစ်တဲ့ မန်စီးတီးအသင်းကိုပဲ အသာရစေချင်တယ်။ ဒီနှစ်သင်းကြားက အားပြိုင်မှုဟာ ပြင်းထန်မယ်ဆိုတာကိုလည်း သိပါတယ်။ လီဗာပူးဆိုရင် ပရီမီယာလိဂ်ပြိုင်ပွဲအပေါ် အထူးအာ ရုံစိုက်နေပြီး နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပြိုင်ပွဲမှာ ဝက်ဖို့ဒ်ကို ငါးဂိုး-ဂိုးမရှိနဲ့ ဂိုးပြတ်အနိုင်ယူနိုင်ခဲ့တယ်။ မန်စီးတီးအသင်းက အခုနှစ် ဘောလုံးရာသီရဲ့ အဓိကပြိုင်ပွဲကြီး သုံးခုစလုံးမှာ ပါဝင်ယှဉ်ပြိုင်ခွင့်ရနေဆဲဖြစ်တဲ့အသင်းဖြစ်ပြီး ပြိုင်ပွဲအားလုံးမှာ မန်စီးတီးအသင်း အောင်မြင်မှုရဖို့ ကျွန်တော်မျှော်လင့်ပါတယ်"ဟု ပြောဆိုခဲ့သည်။

ခံစစ်မှူး ဇာဘလက်တာသည် မန်စီးတီးအသင်းမှ ထွက်ခွာချိန်တွင် မန်စီးတီးအသင်း၏ တစ်ရာသီစာပွဲကြည့် လက်မှတ်များကို ရာသက်ပန် ပေးအပ်ခြင်းခံခဲ့ရသူဖြစ်သည်။ **ထက်အောင်**

# ကော်တင်ညိုနေရာကို ဘယ်သူနဲ့အစားထိုးမလဲ



**အောင်က**

**တစ်နှစ်** ဆိုတဲ့အချိန်ဟာ ကစားသမားတစ်ယောက်ရဲ့ဘဝအတွက် ကြီးမားတဲ့အပြောင်းအလဲတွေဖြစ်နိုင်တယ်လို့ ဆိုရမယ်။ ဘရာဇီးကစားသမား ကော်တင်ညိုဟာ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က ဘာစီလိုနာအသင်းကို စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့သွားခဲ့တယ်။ အခုတော့ သူ့ရဲ့အနာဂတ်ဟာ ဘာစီလိုနာအသင်းမှာဆက်လက်ရှိနိုင်ဖို့က သံသယဖြစ်စရာတွေရှိနေခဲ့ပြီ။ ပြီးခဲ့တဲ့အပတ်တွေအတွင်း သူ့ရဲ့ဆိုးရွားတဲ့ ခြေစွမ်းတွေကြောင့် ဝေဖန်မှုတွေကို ပြင်းပြင်းထန်ထန်ခံနေခဲ့ရတယ်။ သူဟာပြီးခဲ့တဲ့ ၁၀ ပွဲအတွင်း နှစ်ဂိုးသာ သွင်းယူနိုင်ပြီး ဂိုးရရှိအောင် ပံ့ပိုးနိုင်ခြင်းကလည်း မရှိဘူးလို့ပြောရမယ်။ ဒါကြောင့် ဘာစီလိုနာအသင်းအနေနဲ့ သူ့ကို ရောင်းထုတ်ဖို့ စဉ်းစားနေပြီလို့ သတင်းတွေထွက်ပေါ်နေခဲ့ပြီ။ ဘာစီလိုနာအသင်းအနေနဲ့ ကော်တင်ညိုကိုရောင်းထုတ်ခဲ့မယ်ဆိုရင် သူ့ရဲ့နေရာကို ဘယ်သူတွေနဲ့ အစားထိုးမလဲ။ ဒီမေးခွန်းနဲ့ပတ်သက်ပြီး လက်ရှိအချိန်မှာ ဘာစီလိုနာအသင်းအနေနဲ့ ကော်တင်ညိုရဲ့နေရာနဲ့ပတ်သက်ပြီး စောင့်ကြည့်နေတဲ့ကစားသမား သုံးဦးတော့ရှိတယ်လို့ဆိုရမယ်။

### ဒရက်စလာ

ဒရက်စလာဟာ ပြီးခဲ့တဲ့ရာသီက နည်းပြအမ်မရီရဲ့လက်အောက်မှာ တောင်ပံမှာကစားရတာကြောင့် ပွဲထွက်ကစားခွင့်ရဖို့ ရုန်းကန်ခဲ့ရတယ်။ ဒီနှစ်ရာသီမှာတော့ နည်းပြတူချယ်က သူ့ကို ဗဟိုကွင်းလယ်နေရာမှာထားသုံးခဲ့တာကြောင့် သူ့အနေနဲ့တဖြည်းဖြည်းနဲ့ ခြေစွမ်းပြပြီးနေရာရလာခဲ့တယ်။ အခုဆိုရင် ဒရက်စလာဟာ ရာဘီယော့ရဲ့နေရာကိုအကောင်းဆုံး သိမ်းပိုက်ထားနိုင်ပြီလို့ပြောရမယ်။

ဒီနှစ်ရာသီမှာတော့ ဒရက်စလာ ရဲ့ ပံ့ ပိုး မှု တွေ ဟာ



ကော်တင်ညို ထက် သာတယ်လို့ ပြောရမယ်။ သူဟာ ပီအက်စ်ဂျီအသင်းအတွက် အရေးပါတဲ့ ပေးပို့မှုတွေ၊ ပံ့ပိုးမှုတွေကို လုပ်ဆောင်ပေးထားနိုင်တယ်။ ဒါကြောင့်လည်း သူ့လိုဖန်တီးမှုအားကောင်းတဲ့ ကစားသမားမျိုးကို အခုလိုအချိန်မှာတော့ ဘာစီလိုနာအသင်းက လိုအပ်နေတယ်လို့ ပြောရမယ်။

အသက် ၂၅ နှစ်အရွယ်ရှိ ဒရက်စလာကို ဘာစီလိုနာအသင်းအနေနဲ့ ခေါ်ယူမယ်ဆိုရင်တောင် ယူရိုသန်း ၅၀ လောက်သာ ပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် ဘာစီလိုနာအသင်းအနေနဲ့ ကော်တင်ညိုကို ယူရို သန်း ၁၂၀ နဲ့ ရောင်းထုတ်ခဲ့မယ်ဆိုရင် နောက်ထပ်ပိုနေမယ့် ပေါင်သန်း ၇၀ ကို ကစားသမား နောက်တစ်ယောက်ထပ်မံခေါ်ယူနိုင်တယ်လို့တောင် ဆိုရမှာပါ။

### ဒိုင်ဘာလာ

ဒိုင်ဘာလာဟာ ဘာစီလိုနာအသင်းက ခေါ်ယူဖို့အတွက် တာရှည်စွာ ပစ်မှတ်ထားနေတဲ့ကစားသမားတစ်ဦး ဖြစ်ပါတယ်။ စွယ်စုံရကွင်းလယ်ကစားသမားတစ်ဦးဖြစ်တာကြောင့်လည်း သူ့ကိုတော့ အသင်းတော်တော်များများက ခေါ်ယူဖို့ နှစ်သက်ကြတာလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီက ဆိုရင် သူဟာ ဂျူဗင်တပ်စ်အသင်းအတွက် စီးရီးအေသွင်းဂိုး ၂၂ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဒိုင်ဘာလာရဲ့ ဒီနှစ်ရာသီခြေစွမ်းဟာ ပြီးခဲ့တဲ့ရာသီကို မမီပေမယ့် သူဟာ အသင်းအတွက်တော့ ထိပ်တန်းကစားသမားတစ်ဦးအဖြစ် ရှိနေပါသေးတယ်။ ဒိုင်ဘာလာရဲ့ဒီနှစ်ရာသီမှာ အဓိကပေးပို့မှုတွေ၊ ဖန်တီးနိုင်မှုတွေကလည်း ကော်တင်ညိုထက်တော့ သာတယ်လို့ပြောရမှာပါ။

ဒါ့အပြင် ဒိုင်ဘာလာဟာ ဂျူဗင်တပ်စ်အသင်းမှာတော့ ရော်နယ်ဒိုရဲ့ လောင်းရိပ်အောက်ကနေ မကျော်လွှားနိုင်တာကြောင့် အသင်းကနေ ထွက်ဖို့ သတင်းတွေထွက်ပေါ်နေခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် လာမယ့် နွေရာသီဈေးကွက်ဟာ ဒိုင်ဘာလာအတွက်တော့ အပြောင်းအလဲတွေဖြစ်လာနိုင်သလို ဘာစီလိုနာအတွက်လည်း အကောင်းဆုံးဖြစ်လာနိုင်ပါတယ်။

### အဲရစ်ဆင်

ဘာစီလိုနာအသင်းဟာ ရီးရဲမက်ဒရစ်အသင်းနဲ့အပြိုင် စပါးအသင်း ကွင်းလယ်ကစားသမား အဲရစ်ဆင်ကို ခေါ်ယူနိုင်ဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ အဲရစ်ဆင်ဟာ ပရီမီယာလိဂ်ရဲ့ထိပ်တန်းဖန်တီးရှင်တစ်ဦးဖြစ်တာကြောင့်လည်း ထိပ်တန်းအသင်းတော်တော်များများရဲ့အာရုံစိုက်ခြင်းကို ခံနေရတာ ဖြစ်ပါတယ်။ အဲရစ်ဆင်ဟာ ဒီနှစ်ရာသီမှာ တော့ အသင်းနဲ့ အတူ ပြိုင်ပွဲစုံ စုစုပေါင်း ၃၄ ပွဲ ပါဝင်ကစားပြီး ဂိုးရရှိဖို့အတွက် ၁၂ ကြိမ်တိုင် ပံ့ပိုးထားနိုင်သူ ဖြစ်ပါတယ်။

လီဗာပူးအသင်းမှာ ကော်တင်ညို ကစားခဲ့စဉ်ကတည်းက ပရိသတ်တော်တော်များများက အဲရစ်ဆင်နဲ့နှိုင်းယှဉ်မှုတွေပြုလုပ်ခဲ့ကြတယ်။ သူတို့နှစ်ဦးဟာ တူညီတဲ့အရည်အချင်းတွေရှိနေတယ်လို့ ပြောရမှာပါ။ ဒါပေမယ့် အခုတော့သူတို့နှစ်ဦးရဲ့ရပ်တည်ပုံတွေက အခုအချိန်မှာ ခြားနားလွန်းသွားခဲ့ပြီလို့ ပြောရမှာပါ။

အဲရစ်ဆင်ဟာ ဒီနှစ်ရာသီကုန်မှာတော့ အသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်တာကြောင့် အလွတ်နဲ့ ခေါ်ယူခွင့်ရရှိနိုင်တဲ့ကစားသမားတစ်ဦးဖြစ်တာကြောင့် ဘာစီလိုနာအသင်းအနေနဲ့ကတော့ အကျိုးများဖို့သာရှိနေတယ်လို့ ပြောရမှာပါ။ လက်ရှိအချိန်မှာ အဲရစ်ဆင်ရဲ့ ခြေစွမ်းက အကောင်းဆုံးရှိနေတာကြောင့် ဘာစီလိုနာနည်းပြ ဗယ်လ်ဗာဒီအတွက် အကောင်းဆုံး ဖြစ်လာမှာတော့ သေချာပါတယ်။ ။

**ဒိုင်ဘာလာဟာ ဂျူဗင်တပ်စ်အသင်းမှာတော့ ရော်နယ်ဒိုရဲ့လောင်းရိပ်အောက်ကနေ မကျော်လွှားနိုင်တာကြောင့် အသင်းကနေထွက်ဖို့ သတင်းတွေထွက်ပေါ်နေခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် လာမယ့် နွေရာသီဈေးကွက်ဟာ ဒိုင်ဘာလာအတွက်တော့အပြောင်းအလဲတွေဖြစ်လာနိုင်သလို ဘာစီလိုနာအတွက်လည်းအကောင်းဆုံးဖြစ်လာနိုင်ပါတယ်။**

# တက္ကသိုလ်ကြီးရဲ့ စီမံခန့်ခွဲရေးနဲ့ သင်ကြားရေးဌာနတွေရဲ့ ဖွဲ့စည်းပုံကို နိုင်ငံတကာတက္ကသိုလ်တွေရဲ့ ဖွဲ့စည်းပုံနဲ့ လိုက်လျောညီထွေဖြစ်ဖို့ မဟာဌာနတွေပေါ်ပေါက်လာဖို့ ဆွေးနွေးခဲ့တာ မူကြမ်းတစ်စောင်အဖြစ် ပေါ်ထွက်လာပြီးဖြစ်ပါတယ်

ဒုတိယဉက္ကဋ္ဌ ဒေါက်တာ အောင်မင်း

## ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးဆိုင်ရာ ပညာရေးစကားဝိုင်း

**ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးဆိုင်ရာ ပညာရေးစကားဝိုင်း ဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ Software Committee ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဝင့်၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်မင်းတို့၏ ပါဝင်ဆွေးနွေးမှုများကို ဖော်ပြလိုက်ပါသည်။**

*ယမန်နေ့မှအဆက်*

**အစီအစဉ်မှူး။ ။ လက်ရှိအချိန်ထိ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အနေအထားတွေနဲ့ ပတ်သက်ပြီး စုစည်းပြောပြပေးစေလိုပါတယ်။**

**ဒေါက်တာအောင်မင်း။ ။** ရန်ကုန်တက္ကသိုလ်ရဲ့အဆင့်မြှင့်တင်တဲ့ လုပ်ငန်းတွေက ပညာရေးပြုပြင် ပြောင်းလဲမှုထဲမှာ တစ်စိတ်တစ်ဒေသဖြစ်ပါတယ်။ လုပ်ငန်းတွေ ပြုပြင်ပြောင်းလဲဖို့ လိုအပ်လာရခြင်းဟာ ယေဘုယျအားဖြင့်တော့ အချက်နှစ်ချက်ကြောင့်ဖြစ်ပါတယ်။ တစ်ခုကတော့ ညွှန်ကြားချက်တွေကြောင့် ဖြစ်ပါတယ်။ တစ်ခုကတော့ တောင်းဆိုလို့ဖြစ်ပါတယ်။ အဲဒီထဲကမှ ရန်ကုန်တက္ကသိုလ်ရဲ့ အဆင့်မြှင့်တင်ရေးလုပ်ငန်းကတော့ အခြေအနေနဲ့ အချိန်အခါရဲ့တောင်းဆိုမှုရယ်၊ တာဝန်ရှိသူများနဲ့ အများပြည်သူတို့ရဲ့အထူးလိုလားချက်တွေကြောင့် ပေါ်ပေါက်လာတယ်လို့ ပြောလိုပါတယ်။

စီမံချက်တွေရေးဆွဲတဲ့ နေရာမှာတော့ တက္ကသိုလ်ရဲ့ပဋိညာဉ်စာတမ်းလို့ခေါ်တဲ့ University Charter က အတည်ပြုပြီးသားဖြစ်ခဲ့မယ်ဆိုရင်တော့ ကျွန်တော်တို့က ပဋိညာဉ်နဲ့အညီ Master Plan ကို ရေးဆွဲရတာ လွယ်ကူမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ အခုချိန်မှာတော့ ရန်ကုန် University Charter က အတည်မပြုရသေးပါဘူး။ ဒါကြောင့်မို့လို့ Master Plan ရေးဆွဲတဲ့အခါမှာ ပေါ်ပေါက်လာမယ့် University Charter နဲ့ ဒီအပြင်အဆင်တွေနဲ့က လိုက်လျောညီထွေဖြစ်ဖို့အတွက် အတော်လေးညှိနှိုင်းဆောင်ရွက်နေပါတယ်။ ဒီလိုညှိနှိုင်းဆောင်ရွက်တဲ့နေရာမှာတော့ ဒီရန်ကုန်တက္ကသိုလ်ကြီးမှာရှိနေတဲ့ လက်ရှိ ဆရာ ဆရာမတွေ၊ ပြည်ပပညာရှင်တွေနဲ့ နောက်ကျောင်းသားတွေရဲ့အသံကိုလည်းပဲ CEU က ပညာရှင်တွေကပဲ ကွင်းဆင်းပြီး သဘောထားစစ်တမ်းတွေကောက်ယူတဲ့လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

အထူးသဖြင့်ကတော့ တက္ကသိုလ်ကြီးရဲ့ စီမံခန့်ခွဲရေးနဲ့ သင်ကြားရေးဌာနတွေရဲ့ ဖွဲ့စည်းပုံကို နိုင်ငံတကာတက္ကသိုလ်တွေရဲ့ ဖွဲ့စည်းပုံနဲ့ လိုက်လျောညီထွေဖြစ်ဖို့ မဟာဌာနတွေ ပေါ်ပေါက်လာဖို့ တကယ့်ကို အပြန်ပြန်အလှန်လှန် ညှိနှိုင်းဆွေးနွေးခဲ့ကြရပါတယ်။ အဲဒီလို ဆွေးနွေးတဲ့ရလဒ်ကြောင့် မူကြမ်းရေးဆွဲတဲ့ ကော်မတီဝင်တွေဟာ ပြည်ပပညာရှင်တွေ၊ ပြည်တွင်းက တက္ကသိုလ်ရဲ့ တာဝန်ခံတွေ ပညာရှင်အသီးသီးတို့နဲ့ အကြိမ်ကြိမ် ညှိနှိုင်းရေးဆွဲပြီးတော့ ဒီကနေ့မှာတော့ မူကြမ်းတစ်စောင်အဖြစ် ပေါ်ထွက်လာပြီး ဖြစ်ပါတယ်။ အဲဒီမူကြမ်းကိုလည်း ဦးစီးကော်မတီကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနကို လည်းကောင်း နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်သို့လည်းကောင်း တင်ပြပြီးဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာကြီးဒေါက်တာ ဖိုးကောင်းရှင့်၊ တက္ကသိုလ်ရာပြည့်အမီမှာ ဆောင်ရွက်ဖို့ရှိနေတဲ့ ဦးစားပေးလုပ်ငန်းတွေ Centenarian milestone 2020 နဲ့ ပတ်သက်ပြီးတော့ ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာဖိုးကောင်း။ ။** ၁၉၂၀ ပြည့်နှစ် ဝန်းကျင်မှာ စတင်တည်ထောင်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ဟာ ၂၀၂၀ ပြည့်နှစ်ဆိုရင် နှစ်(၁၀၀)ပြည့်ကို ရောက်ရှိလာမှာဖြစ်ပါတယ်။ ဒီအချိန်မှာ ရာပြည့်ရည်မှန်းချက်တွေကို လက်တွေ့တိတိကျကျ သတ်မှတ်ဖို့လိုပါတယ်။ မြင်သာထင်သာတဲ့ ရလဒ်တွေအဖြစ်လည်း ၂၀၂၀ ရာပြည့်အမီမှာ ပြီးစီးအောင်ဖော်ဆောင်ဖို့လည်း လိုအပ်ပါတယ်။ အဲဒီအတွက် စီမံချက်တွေရေးဆွဲတယ်။ ပူးပေါင်းဆောင်ရွက်မှုနဲ့ အရင်းအမြစ်တွေကို ဦးစားပေးစုစည်းပြီးတော့ လိုအပ်တာတွေကို အဓိကပြင်ဆင်လျက်ရှိပါတယ်။ ပညာရေးမြှင့်တင်ရေးကဏ္ဍမှာ ဦးစားပေးအစီအစဉ်တွေ အနေနဲ့ လေးရပ်ရှိပါတယ်။ ပထမဦးစားပေး အစီအစဉ်ကတော့ သင်ကြားသင်ယူမှုနဲ့ သုတေသန ဖွံ့ဖြိုးတိုးတက်မှု၊ ဒုတိယကတော့ အင်္ဂလိပ်စာ စွမ်းရည် မြှင့်တင်ရေး၊ တတိယက သတင်းအချက်အလက်နဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ စတုတ္ထအချက်ကတော့ ကျောင်းပရိဝုဏ်နဲ့ လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းများ အဆင့်မြှင့်တင်ရေးတို့ပဲ ဖြစ်ပါတယ်။



ဒေါက်တာမောင်မောင်ဝင့်



ဒေါက်တာဖိုးကောင်း



ဒေါက်တာအောင်မင်း

**အစီအစဉ်မှူး ။ ။ ဒီ Hardware ကော်မတီရဲ့ ဆောင်ရွက်ဖို့ ကျန်ရှိနေတဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ပြောကြားပေးပါ။**

**ဒေါက်တာဖိုးကောင်း။ ။** Hardware Committee ကတော့ လိုအပ်ချက်တွေကို အထောက်အကူပြုတဲ့ ရုပ်ပိုင်းဆိုင်ရာကောင်းမွန်တဲ့၊ ထက်မြက်တက်ကြွတဲ့ တက္ကသိုလ် ရုပ်ဝန်းကျင်ကောင်းတစ်ခုဖြစ်မယ့် ဆောင်ရွက်မယ့် အစီအစဉ်တွေရှိပါတယ်။ ပထမဆုံးကတော့ ကျန်းမာရေးနဲ့လည်း ပြည့်စုံပြီး သန့်ရှင်းသာယာလုံခြုံနွေးထွေးတဲ့ တက္ကသိုလ် ရုပ်ဝန်းကျင်ကောင်းတစ်ခုဖြစ်ပါတယ်။ အဲဒီလို ရုပ်ဝန်းကျင်ကောင်းဖြစ်ဖို့ဆိုရင် တက္ကသိုလ်ဝန်းကျင်မှာ လမ်းပန်းဆက်သွယ်ရေးကောင်းအောင် လုပ်ပါမယ်။ နောက်အဓိပတိလမ်းတစ်လျှောက်မှာ သာယာမှုရှိစေရေး၊ ကျယ်ပြန့်တဲ့ Landscape တွေ ရှိအောင်လည်း ဆောင်ရွက်ပါမယ်။ နောက်သန့်ရှင်းတဲ့ ရေပေးရေးစနစ်ဖြစ်ဖို့လည်း ဆောင်ရွက်ပါမယ်။ ရေစီးရေလာကောင်းဖို့ ရေမြောင်းတွေ ပြုပြင်မွမ်းမံတာ၊ ရေဆိုးတွေ မိလ္လာစနစ်တွေ စွန့်ပစ်ရေး၊ သန့်စင်ခန်းတွေ ကောင်းမွန်ရေးတို့ကိုလည်း ဆောင်ရွက်ပါမယ်။ လျှပ်စစ်ပိုင်းဆိုင်ရာ စနစ်တကျ လုံခြုံမှုရှိအောင်လည်း ဆောင်ရွက်ပါမယ်။

တက္ကသိုလ်ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံနိုင်မယ့် Internet ရရှိရေး၊ နောက် သတင်းအချက်အလက်နဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာသုံးပြီး သင်ကြားသင်ယူမှု လုပ်ငန်းတွေကို ဆောင်ရွက်ဖို့လည်း အစီအစဉ်တွေရှိပါတယ်။ စာကြည့်တိုက်တွေ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ဓာတ်ခွဲခန်းတွေနဲ့ စာသင်ခန်းတွေ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ သင်ထောက်ကူပစ္စည်းများကို ဖြည့်ဆည်းပေးရေးတို့ကိုလည်း ဆောင်ရွက်ပါမယ်။ အားကစားဆိုင်ရာ လိုအပ်ချက်တွေလည်း ဖြည့်ဆည်းပေးပါမယ်။ နောက် Student Centre နဲ့ University Centre ဖြစ်ပေါ်ရေးတို့ကိုလည်း Design တွေ ရေးဆွဲဆောင်ရွက်ပါမယ်။ တက္ကသိုလ်နယ်မြေဖွံ့ဖြိုးရေး၊ ပြုပြင်ထိန်းသိမ်းရေးနဲ့ အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းတွေ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဆက်လက်ပြီးတော့ဆောင်ရွက်ဖို့ လျာထားတဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ ဆရာကြီး ဒေါက်တာအောင်မင်းက ဆက်လက်ပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာအောင်မင်း။ ။** လျာထားတဲ့လုပ်ငန်းတွေကတော့ ရန်ကုန်တက္ကသိုလ်ကြီးကို မြန်မာနိုင်ငံရဲ့အဓိကအကျဆုံးနဲ့ စံနမူနာပြတက္ကသိုလ်ဖြစ်ရေး၊ နိုင်ငံတကာအဆင့်မီရေး၊ ကိုယ်ပိုင်လွတ်လပ်စွာ စီမံခန့်ခွဲတဲ့ Autonomous University ဖြစ်ရေးတို့ကို အဓိကဦးတည်စီမံဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့လုပ်ငန်းတွေကို လျာထားဆောင်ရွက်ပါတယ်။ အဲဒီထဲကမှ အဓိကအကျဆုံး ဆောင်ရွက်မယ့်လုပ်ငန်းကတော့ တက္ကသိုလ်ရဲ့ ဖွဲ့စည်းပုံကို ပြင်ဆင်မယ့်လုပ်ငန်းကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ တက္ကသိုလ်ရဲ့ ပေါ်ပေါက်လာမယ့် University Charter ရယ်၊ ကျွန်တော်တို့ ရေးဆွဲထားတဲ့ Master Plan တို့အရ ရန်ကုန်တက္ကသိုလ်ကြီးဟာ နောင်ကျရင် တက္ကသိုလ် Council တို့၊ Senate တို့၊ တက္ကသိုလ်ရဲ့မဟာဌာနတို့ Center အသစ်ကြီးတွေ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

အဲဒီလို ဖွဲ့စည်းပုံတွေပြောင်းလဲလိုက်တဲ့အတွက်ကြောင့် လက်ရှိစီမံခန့်ခွဲနေတဲ့ စနစ်ကနေ လွတ်လပ်စွာကိုယ်တိုင်စီမံခန့်ခွဲတဲ့ Autonomous Institution နဲ့ လျော်ညီတဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေလည်းပဲ ပြန်လည်သတ်မှတ်ရမယ့် လုပ်ငန်းများဖြစ်ပါတယ်။ အထူးသဖြင့်တော့ တက္ကသိုလ်ကောင်စီဝင်တွေ၊ Senator တွေ၊ Dean တွေ၊ Registrar တွေ သူတို့ရဲ့လုပ်ငန်းစွမ်းဆောင်ရည်နဲ့ လုပ်ငန်းတာဝန်များကို သတ်သတ်မှတ်မှတ်ရှိရမှာဖြစ်ပါတယ် ။ ဆိုလိုတာကတော့ တက္ကသိုလ်ရဲ့ Key Person တွေရဲ့ Competency Responsibility မြင့်မားအောင် ထူထောင်ရမှာဖြစ်ပါတယ်။

အဲဒီအပြင် အထူးအလေးအနက်ထားပြောချင်တာကတော့ ဆောင်ရွက်ရမယ့်လုပ်ငန်းတွေဟာ အလွန်များပြားပြီး လွန်စွာပဲ ရှုပ်ထွေးပါတယ်။ ဒါကြောင့် ဦးစားပေးဆောင်ရွက်ရမယ့် လုပ်ငန်းနယ်ပယ်များနဲ့ ဦးစားပေးဆောင်ရွက်ရမယ့် လုပ်ငန်းအစီအစဉ်တွေကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်ဖို့လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာကြီး ပြောကြားခဲ့တဲ့ အချက်အလက်တွေနဲ့ ပတ်သက်ပြီး ဆရာကြီး ဒေါက်တာမောင်မောင်ဝင့်က ဆက်လက်ပြီးတော့ ပြောကြားပေးပါဦး။**

**ဒေါက်တာမောင်မောင်ဝင့်။ ။** ဆက်လက်ဆောင်ရွက်ဖို့ လျာထားလုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ အဓိကကဏ္ဍနောက်တစ်ခုက သင်ယူမှု၊ သင်ကြားမှုနဲ့ဆိုင်တဲ့ ကဏ္ဍဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ တင်ပြချင်တာက နိုင်ငံရဲ့လူမှုစီးပွားလိုအပ်ချက်၊ ပညာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်တဲ့ သင်ရိုးညွှန်းတမ်းများဖြစ်အောင် တည်ဆဲလက်ရှိ သင်ရိုးညွှန်းတမ်းတွေကို ပြန်လည်ဆန်းစစ်ခြင်း၊ အသစ်ပြန်လည်ရေးဆွဲခြင်း၊ ပြုပြင်မွမ်းမံခြင်းစတဲ့ Curriculum Development ပါ။ ရှေ့မှာတော့ Curriculum Review , Revision and Curriculum Development စသည်ဖြင့် ဒါဟာ အင်မတန်မှအရေးကြီးပါတယ်။ ဒါကို ဦးစားပေးပြီး စတင်ဆောင်ရွက်နေပါတယ်။

သင်ရိုးညွှန်းတမ်းတွေဟာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ၊ ကျောင်းပြောင်း သင်ယူမှုများ ဒါတွေကို အထောက်အကူပြုနိုင်ပြီးတော့ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ လူသားကောင်းများ မွေးထုတ်ပေးနိုင်ရေးကို ရည်ရွယ်တာပါ။ အတိုချုပ်ပြောရရင်တော့ ပညာအရည်အသွေးနဲ့ အဆင့်အတန်းမြင့်မားလာရုံတင်မကဘဲ လူတော်လူကောင်းတွေ မွေးထုတ်ပေးဖို့၊ ဒါတွေကို အထောက်အကူပြုမယ့် သင်ရိုးညွှန်းတမ်းတွေဖြစ်ဖို့ ရည်ရွယ်ချက်နဲ့ ပြန်လည်သုံးသပ်ညှိနှိုင်းနေတာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ Learning Teaching Culture သင်ကြားမှု သင်ယူမှုစနစ်ကဏ္ဍမှာလည်း ပြောင်းလဲဖို့ လိုအပ်တာတွေ အများကြီးရှိပါတယ်။ တချို့ကို မီးမောင်းထိုးပြရမယ်ဆိုရင် စဉ်းစားတွေးခေါ်မှု စွမ်းရည်မြှင့်တင်ဖို့၊ ကျောင်းသားတွေရဲ့ ပင်ကိုအရည်သွေး အပြည့်အဝဖော်ထုတ်ပေးနိုင်တဲ့ သင်ကြားပို့ချမှုနည်းစနစ်များဖြစ်ဖို့၊ ဒီအရာတွေကို အထောက်အကူပြုတဲ့ သင်ရိုးညွှန်းတမ်းများဖြစ်ဖို့ ဦးတည်ဆောင်ရွက်နေပါတယ်။

တက္ကသိုလ်တော်တော်များများမှာ Outcome-based Learning ဆိုတာ ရှိပါတယ်။ ရလဒ်အခြေပြု သင်ယူနည်းစနစ်များလို့ ခေါ်ပါတယ်။ Quality Assurance လုပ်တဲ့အခါမှာ ဒီ Outcome-based Learning အပေါ်မှာ မူတည်ပြီးတော့ လုပ်ရမှာဖြစ်တဲ့အတွက် ဒီ Outcome-based Learning နဲ့ ပတ်သက်လို့ ဆရာများကိုရော၊ ကျောင်းသားများကိုရော လေ့ကျင့်ပေးရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ကျောင်းရွှေ့ပြောင်းသင်ယူနိုင်မှု၊ တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ဖို့ရာ လွယ်ကူအဆင်ပြေဖို့ Credit Transfer System တစ်ခုကိုလည်း တည်ထောင်ပေးရမှာ ဖြစ်ပါတယ်။

အပြန်အလှန် အသိအမှတ်ပြုဖို့နေရာမှာ တန်းတူညီတူဖြစ်ဖို့နဲ့ မျှတမှုရှိဖို့ လွယ်ကူချောမောဖို့အတွက် Credit Transfer System တစ်ခု လိုအပ်ပါတယ်။ လိုအပ်တဲ့သင်တန်းအသစ်များ ဖွင့်လှစ်ပေးဖို့နဲ့ ပညာရပ်ဆိုင်ရာ ဆက်စပ်လုပ်ငန်းခွင်မှာ အသုံးပြုမယ့် လုပ်ငန်းရှင်များနဲ့ ပူးပေါင်းပြီးတော့ လုပ်ငန်းခွင်သင်တန်းများပေးခြင်းကလည်း အရေးကြီးပါတယ်။ တခြား Professional Institutions တွေမှာလည်း သင်ရိုးညွှန်းတမ်း စဆွဲကတည်းက လုပ်ငန်းရှင်တွေနဲ့ညှိနှိုင်းပြီး သူတို့ရဲ့အကြံဉာဏ်တွေယူဖို့ကလည်း အရေးကြီးတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။

နောက်တစ်ခုကတော့ အင်္ဂလိပ်စာ ကျွမ်းကျင်မှုအတွက်တော့ Centre for English Language ထူထောင်ပြီးတော့ ဆရာများ အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်ပေးဖို့ အစီအစဉ်ရှိပါတယ်။ နောက်သုတေသနလုပ်ငန်းများ လုပ်တဲ့အခါ ကျောင်းသားတို့၊ ဆရာတို့ရဲ့သင်ကြားမှု သင်ယူမှုအတွင်းမှာပဲ သုတေသနနဲ့ဆိုင်တဲ့ သဘောတရားတွေ ထည့်သွင်းပြီးတော့ လုပ်ဆောင်မှုလေးတွေ ခွင့်ပြုထားမယ်ဆိုရင် ဒီသုတေသနပြုခြင်းဓလေ့၊ အလေ့အထ Research Culture တစ်ခု ထူထောင်ပေးနိုင်မယ်လို့ ကျွန်တော်တို့ ယူဆသုံးသပ်ပါတယ်။

နောက်တစ်ချက်ကတော့ဆရာ ဆရာမများ တက္ကသိုလ်ပြင်ပမှာ သုတေသနလုပ်နိုင်ဖို့ရာအတွက် လစာအပြည့်နဲ့ အချိန်ပေးပြီးတော့ ဖန်တီးဆောင်ရွက်ဖို့ ဒါလေးတွေ စီမံပြုလုပ်ပေးမယ်ဆိုရင် တက္ကသိုလ်ရဲ့ Research ဟာလည်း အရည်အသွေးနဲ့ရော အရေအတွက်နဲ့ရော မြင့်မားလာမှာဖြစ်ရုံ တင်မကဘဲ ကျွန်တော်တို့ လိုချင်တဲ့ Research Culture တစ်ခု ထူထောင်နိုင်မှာဖြစ်ကြောင်း တင်ပြပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာကြီး ဒေါက်တာဖိုးကောင်းကလည်း ဆက်လက်ပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာဖိုးကောင်း။ ။** ပထမဆုံး အနေနဲ့ တင်ပြချင်တာက International Cooperation Office ဆိုတဲ့ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ရုံးအဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။

*စာမျက်နှာ ၂၁ သို့*

**“၁၉၂၀ ပြည့်နှစ်ဝန်းကျင်မှာ စတင်တည်ထောင်ခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ဟာ ၂၀၂၀ ပြည့်နှစ်ဆိုရင် နှစ်(၁၀၀) ပြည့်ကို ရောက်ရှိလာမှာဖြစ်ပါတယ်။ ဒီအချိန်မှာ ရာပြည့်ရည်မှန်းချက် တွေကို လက်တွေ့တိတိကျကျ သတ်မှတ်ဖို့ လိုပါတယ်။ မြင်သာထင်သာတဲ့ ရလဒ်တွေအဖြစ်လည်း ၂၀၂၀ ရာပြည့်အမီမှာ ပြီးစီးအောင်ဖော်ဆောင်ဖို့လည်း လိုအပ်ပါတယ်။ အဲဒီအတွက် စီမံချက်တွေရေးဆွဲတယ်။ ပူးပေါင်းဆောင်ရွက်မှုနဲ့ အရင်းအမြစ်တွေကို ဦးစားပေး စုစည်းပြီးတော့ လိုအပ်တာတွေကို အဓိကပြင်ဆင်လျက်ရှိ”**

# တောင်ငူခရိုင်အတွင်း တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းပေးခြင်းလုပ်ငန်းများ စမ်းသပ်ဆောင်ရွက်မည်

**တောင်ငူ ဖေဖော်ဝါရီ ၂၈**

တရားမမှုများစွဲဆိုပြီးနောက် နှစ်ဖက်အမှုသည်များအကြား အငြင်းပွားမှုကို စေ့စပ်ဖြေရှင်းရေးအရာရှိ၏ အကူအညီရယူ၍ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့ကိုယ်တိုင်ကျေနပ် လက်ခံနိုင်ပြီး သဘောတူညီမှုများရရှိနိုင်သည့် နည်းလမ်းများကို ဆောင်ရွက်ပေးနိုင်ရန် တရားရုံးကဦးဆောင်စေ့စပ် ဖြေရှင်းပေးခြင်းလုပ်ငန်းများကို တောင်ငူခရိုင်နှင့် မြို့နယ်တရားရုံးများတွင် မတ်လ ၁ ရက်မှ စတင်ကာ စမ်းသပ်ဆောင်ရွက်သွားမည့်လုပ်ငန်းများ အကြိုညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



တောင်ငူမြို့နယ် တရားရုံးတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကျင့်သုံးနိုင်ရေး ဆွေးနွေးနေစဉ်။

အခမ်းအနားတွင် ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နိုင်ငံတော်၏ပြောင်းလဲလာသော နိုင်ငံရေးစနစ်နှင့်အညီ တရားစီရင်ရေးလုပ်ငန်းစဉ်များ ပြုပြင်ပြောင်းလဲရန်ကြိုးပမ်းဆောင်ရွက်သည့်အခါ နိုင်ငံတကာတွင် မှုခင်းများကို စစ်ဆေးဆောင်ရွက်သည့်စနစ်အချို့တွင် အမှုသည်အချင်းချင်း စေ့စပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါစနစ်ကို လေ့လာကြည့်မည်ဆိုလျှင် အမှုသည်အချင်းချင်းတွေ့ဆုံ၍ ခုံသမာဓိလူကြီးဖြင့်ဖြေရှင်းကြခြင်းဖြစ်ကာ မြန်မာနိုင်ငံတွင်လည်း လက်ရှိအနေအထားအရ ပြစ်မှုဆိုင်ရာမှုခင်းများနှင့် တရားမမှုများကို တရားရုံးများက စစ်ဆေးစီရင်လျက်ရှိပြီး တရားရုံးများသို့ ရောက်ရှိလာသော မှုခင်းများသည် တိုးပွားလာသောလူဦးရေ၊ ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့်အညီ မှုခင်းများကလည်း များပြားလျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း အမှုများကို ကြန့်ကြာစွာစစ်ဆေးခြင်းသည် တစ်နည်းအားဖြင့် တရားမျှတမှုကို ငြင်းဆန်ရာရောက်ကြောင်း ပြောကြားသည်။

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို ကျင့်သုံးနိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပထမ မဟာဗျူဟာ စီမံကိန်းကာလ ၂၀၁၅-၂၀၁၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ဒုတိယ မဟာဗျူဟာစီမံကိန်းကာလအဖြစ် ၂၀၁၈-၂၀၂၂ ခုနှစ်တွင်အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကာ ယခုနှစ် မတ် ၁ ရက်မှစတင်၍ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်တရားရုံး၊ တပ်ကုန်းမြို့နယ် တရားရုံးတို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း တောင်ငူခရိုင်နှင့် မြို့နယ်တရားရုံးတို့တွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ ၏ ပူးပေါင်းကူညီမှုဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ ပြည်ထောင်စုတရားလွှတ်တော်ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်နှင့် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ JICA အေဂျင်စီမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းလွင်**

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 Geophysical Site Investigation(GSI) and Pipeline Survey လုပ်ငန်းများကို R/V PTSC Researcher (Call Sign: 3WJZ) ရေယာဉ်ဖြင့် M9 west well # 1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၀ မိနစ် ၁၄ ဒသမ ၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ဝ၆ မိနစ် ၁၃ ဒသမ ၇၄ စက္ကန့်၊ M9 west we1l # 2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ဝ၉ မိနစ် ၅၅ ဒသမ ၃၄ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၇ မိနစ် ၅၃ ဒသမ ၇၇ စက္ကန့်၊ M9 west we1l # 3 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃ မိနစ် ဝ၈ ဒသမ ၁၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ဝ၁ မိနစ် ၅၄ ဒသမ ၂၂ စက္ကန့်၊ M9 west we1l # 4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၀ မိနစ် ၂၆ ဒသမ ၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၃ မိနစ် ၅၅ ဒသမ ၉၆ စက္ကန့်၊ Zawtika-14 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇ မိနစ် ဝဝ ဒသမ ၁၆ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ဝ၅ ဒသမ ၅၂ စက္ကန့်၊ Zawtika-15 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၄ ဒသမ ၃၁ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၅ ဒသမ ၄၁ စက္ကန့်၊ Zawtika-17 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၅၂ ဒသမ ၇၉ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၄၃ ဒသမ ၅၈ စက္ကန့်၊ Zawtika-20A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၂၇ ဒသမ ဝ၁ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ဝ၅ မိနစ် ၁၂ ဒသမ ၉၅ စက္ကန့်တွင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးအပတ်မှ ၂၀၁၉ ခုနှစ် ဧပြီလ ပထမအပတ်အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းနှင့် ရန်ပုံငွေပေးအပ်ပွဲ ကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းနှင့် မြစိမ်းရောင်ကျေးရွာအရင်းမပျောက် လည်ပတ်ရန်ပုံငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျတို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်နှင်းယဉ်ဝင်းက မြစိမ်းရောင်ကျေးရွာ အရင်းမပျောက် လည်ပတ်ရန်ပုံငွေစီမံကိန်း ဆောင်ရွက်ရခြင်းဖြင့် စီမံကိန်းမှ ရရှိသည့် အတိုးငွေများကို ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုသော စီမံကိန်းဖြစ်ကြောင်း ပြောကြားပြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာ ၁၃ ရွာကို စီမံကိန်းထောက်ပံ့ရန်ပုံငွေ တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ နှင့် မြစိမ်းရောင်ကျေးရွာ အရင်းမပျောက် လည်ပတ်ရန်ပုံငွေစီမံကိန်းဆောင်ရွက်မည့် ၄ ယူနစ် ကျေးရွာလေးရွာအတွက် (လေးယူနစ်) တစ်ရွာလျှင် စီမံကိန်းထောက်ပံ့ငွေကျပ် သိန်း ၃၀၀ ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးတို့က တစ်ရွာချင်းပေးအပ်ကြကြောင်း သိရသည်။

**စိုင်း (သီပေါ)**

*စာမျက်နှာ ၂၀ မှ*

နိုင်ငံတကာတက္ကသိုလ်၊ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေး အစီအစဉ် ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အရ ရန်ကုန်တက္ကသိုလ်ရဲ့ လိုအပ်တဲ့ အရည်အချင်းတွေနဲ့ကိုက်ညီတဲ့ သင်ကြားရေးဆရာ ဆရာမများ၊ ဝန်ထမ်းများကို ရွေးချယ်တာဝန်ပေးပါတယ်။ ဆရာ ဆရာမ၊ ဝန်ထမ်းတွေကိုလည်း အရည်အချင်းနဲ့ စွမ်းဆောင်မှုအလိုက် အခွင့်အလမ်းနဲ့ အဆင့်အတန်းတိုးမြှင့်ရေးကိုလည်း ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ Master Plan ကို အကောင်အထည်ဖော်တဲ့အခါမှာ အချိန်နဲ့တစ်ပြေးညီ ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါတယ်။ အပိုင်း ၃ ပိုင်း ပါဝင်ပါတယ်။ ကိုယ်တိုင်အုပ်ချုပ်ရေး Autonomous University နဲ့ စီမံခန့်ခွဲရေးကဏ္ဍမှာ ရန်ကုန်တက္ကသိုလ် Charter ကိုလည်း Draft အနေနဲ့ ရေးဆွဲပြီးဖြစ်ပါတယ်။ နောက် University Council ကိုလည်း ဖွဲ့စည်းမှာဖြစ်ပါတယ်။ တက္ကသိုလ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယပါမောက္ခချုပ်တစ်ဦးကိုလည်း ခန့်ပါမယ်။ အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲရေးစွမ်းရည်မြှင့်တင်ရေးမှာ စီမံခန့်ခွဲရေးမှာ ကျောင်းသားကိုယ်စားလှယ်များ ပါဝင်ရေးတို့ကိုလည်း ဆောင်ရွက်မှာဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ဝင်ခွင့်မူနဲ့ အစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ပိုင်းကတော့ တက္ကသိုလ်ရဲ့အရည်အသွေးနဲ့ စွမ်းဆောင်ရည် မြှင့်တင်ရေး အစီအစဉ်ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာတော့ တက္ကသိုလ်ဖွံ့ဖြိုးရေးစီမံခြင်း၊ Multiyear Budget ရေးဆွဲဆောင်ရွက်ခြင်း နောက်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးရုံးနဲ့ နိုင်ငံတကာ ဆက်သွယ်မှု ဆက်လက်ဆောင်ရွက်ခြင်း၊ အရည်အသွေးအာမခံမှုရုံးအဖွဲ့ကနေ တက္ကသိုလ်အတွင်းမှာ အရည်အသွေးအာမခံမှု မူဝါဒနဲ့လုပ်ငန်းစဉ်တွေ ချမှတ်ပြီးတော့ တက္ကသိုလ်များအတွင်း အရည်အသွေး အာမခံမှုအကောင်အထည်ဖော်မှာဖြစ်ပါတယ်။ မည်သည့်လုပ်ငန်းကိုမဆို ဆရာ ဆရာမဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ဖို့လည်းလိုပါတယ်။ ဒါကြောင့် ပါဝင်ပတ်သက်နေတဲ့ အရည်အသွေးအာမခံခြင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်းနဲ့ တက္ကသိုလ်ဖွံ့ဖြိုးရေးစီမံခြင်းဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးဖို့လည်း ဆောင်ရွက်နေပါတယ်။ ဝန်ထမ်းခန့်ထားရေးနဲ့ ရာထူးတိုးမြှင့်ရေးတို့မှာ စွမ်းဆောင်မှုအလိုက် ဆောင်ရွက်ပါမယ်။

အများပြည်သူ ပုဂ္ဂလိကအခန်းကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပါမယ်။ တတိယတစ်ပိုင်းက သင်ကြား သင်ယူရေးအဆင့်မြှင့်တင်ရေးအစီအစဉ် ဖြစ်ပါတယ်။ ဒီကဏ္ဍမှာလည်း ရှိရင်းဘာသာဌာနများကို စုစည်းမယ်၊ အသစ်တိုးချဲ့သင့်တဲ့ ဘာသာရပ်ဌာနတွေကိုလည်း တိုးချဲ့မယ်။ မဟာဌာန Faculty ကိုလည်းဖွဲ့စည်းဖို့ အစီအစဉ်ရှိပါတယ်။ နောက်ဘာသာရပ်အသစ်တွေကို တိုးချဲ့ဖွင့်လှစ်ဖို့ အစီအစဉ်ရှိပါတယ်။ ဥပမာ Public Policy နဲ့ Public Administration လို ဘာသာရပ်မျိုးဖြစ်ပါတယ်။ Center for Learning နဲ့ Teaching ကိုလည်း တည်ထောင်ဖို့ရှိပါတယ်။ သင်ရိုးညွှန်းတမ်းခေတ်မီရေးအတွက် Committee တွေဖွဲ့ပြီး စီစဉ်ဆောင်ရွက်ဖို့ရှိပါတယ်။ Law Faculty ကိုလည်း ဖွဲ့စည်းဖို့ရှိပါတယ်။ သင်ကြားသင်ယူရေးစနစ် စွမ်းရည်တိုးမြှင့်ရေးနဲ့ Credit Transfer System ဖြစ်ပေါ်ရေး အစီအစဉ်ရှိပါတယ်။

သင်ရိုးညွှန်းတမ်း ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့အခါမှာ သင်ယူသူဗဟိုပြု Student-centered Learning ကိုလည်း ဖြစ်ထွန်းစေဖို့နဲ့ အင်္ဂလိပ်စာကျွမ်းကျင်မှုစွမ်းရည်မြှင့်တင်ရေး ဆောင်ရွက်ပါမယ်။ နောက်ဆုံးကတော့ တက္ကသိုလ်ရဲ့အသက်ဖြစ်တဲ့ သုတေသနနဲ့ ဒီသုတေသနက လူမှုအဖွဲ့အစည်းကို အကျိုးပြုဖို့ လုပ်ငန်းအစီအစဉ် ဖြစ်ပါတယ်။ သုတေသနဇောင်းပေးတဲ့ဌာနတွေ ဥပမာ- Environmental and Water Studies၊ နောက် Myanmar Nationalites Studies ဆိုတဲ့ ဌာနတွေ ဖွင့်လှစ်သွားဖို့ရှိပါတယ်။ သုတေသနစီမံခန့်ခွဲရေးမှာ ဦးစားပေးသုတေသနတွေ၊ တက္ကသိုလ်ရဲ့ အဓိကဦးစားပေးမယ့် သုတေသန Research Clusters တခြားတက္ကသိုလ်တွေနဲ့ သုတေသန ပူးပေါင်းဆောင်ရွက်ဖို့ အစီအစဉ်တွေရှိပါတယ်။

အခုဆိုရင် ရန်ကုန်တက္ကသိုလ်မှာ Science Research Center ပဲရှိပါတယ်။ အခုထပ်ပြီးတော့ Science Research Center တင်မကဘဲ Social Science လူမှုသိပ္ပံတို့၊ Humanities စတဲ့ ဝိဇ္ဇာဘာသာရပ်တွေကိုလည်း ပူးပေါင်းပြီးတော့ တက္ကသိုလ် University Research Center ဆိုပြီးတော့ တိုးချဲ့ဖွဲ့စည်းဖို့ အစီအစဉ်ရှိပါတယ်။ နောက်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနဲ့ တစ်သက်တာလေ့လာရေး အစီအစဉ်တွေလည်း ရှိပါတယ်။ ကျောင်းသားဟောင်းတွေရဲ့ကူညီပံ့ပိုးမှုကလည်း အရေးကြီးတဲ့အတွက် ကျောင်းသားဟောင်းများ အသင်းအဖွဲ့အနေနဲ့ ဆောင်ရွက်ဖို့လည်းရှိပါတယ်။

နောက်သုတေသန ပူးပေါင်းရေးမူဝါဒတွေနဲ့ လုပ်ငန်းစဉ်တွေချမှတ်ပါတယ်။ အဲဒီလို ချမှတ်တဲ့အခါမှာ Research Design နဲ့ Research Methods သုတေသနဒီဇိုင်းနဲ့ သုတေသနလုပ်ထုံးတွေ သုတေသနရေးဖို့ Research Writing တို့ အဲဒါတွေကို ပုံနှိပ်ထုတ်ဝေဖို့ Research Writing and Publishing ကိုယ့်ရဲ့သုတေသနတွေဟာ လူမှုအဖွဲ့အစည်းမှာ ဘယ်လို အကျိုးပြုနိုင်မလဲဆိုတဲ့ အကျိုးပြုမယ့် အစီအစဉ်တွေကိုလည်း အချိန်နဲ့တစ်ပြေးညီ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာကြီးဒေါက်တာအောင်မင်း အနေနဲ့ အခု ဆက်လက်ပြီးတော့ ဆောင်ရွက်ရမယ့်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ လိုအပ်ချက်များကို ပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာအောင်မင်း။** ။ အကောင်အထည်ဖော်မယ် ဆိုရင် အဓိကလိုအပ်တဲ့အချက်ကို တင်ပြလိုပါတယ်။ အကောင်အထည်ဖော်နိုင်ဖို့အတွက် ရေးဆွဲထားတဲ့ Master Plan နဲ့ University Charter က တစ်ပြိုင်နက်တည်း အတည်ပြုပြဋ္ဌာန်းရေးဟာ အထူးလိုအပ်ပါတယ်လို့ အထူးပြုပြောကြားလိုပါတယ်။ နောက်တစ်ခုကတော့ လိုအပ်ချက်ထဲမှာမှ Master Plan နဲ့ Charter တွေမှာ လက်ရှိစီမံခန့်ခွဲတဲ့ စနစ်ကနေပြီးတော့ ကိုယ်ပိုင်လွတ်လပ်စွာစီမံခန့်ခွဲတဲ့ Autonomous Institutions အဖြစ် အကောင်အထည်ဖော်မယ့် အစီအမံတွေ များစွာပါဝင်ပါတယ်။ အဲဒီအစီအမံတွေ ဆောင်ရွက်နိုင်ဖို့အတွက် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်တွေ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်တွေ၊ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်တွေ၊ ဝန်ထမ်းရေးရာကိစ္စရပ်တွေနဲ့ သက်ဆိုင်တဲ့မူဝါဒတွေ၊ ညွှန်ကြားချက်တွေကို သက်ဆိုင်ရာတာဝန်ရှိတဲ့သူတွေ ဖြေလျှော့ပေးရတာတွေ ဒါမှမဟုတ် လိုအပ်လို့ တကယ့်ကို ပြုပြင်ပြောင်းလဲဖို့လိုတယ်ဆိုရင် ပြုပြင်ပြောင်းလဲဖို့အတွက် လက်ခံဆွေးနွေးညှိနှိုင်းပြီး အဖြေရှာပြီးတော့ ဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်လို့ highlight လုပ်ပြီး တင်ပြပါတယ်။

**အစီအစဉ်မှူး။ ။ ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ ဆရာကြီးများက ကဏ္ဍအလိုက်နဲ့ ရှင်းလင်းတင်ပြခဲ့တာဖြစ်ပါတယ်။ အခုနောက်ဆုံးမှာတော့ ဆရာကြီး ဒေါက်တာဖိုးကောင်းက နိဂုံးချုပ်စကား ပြောကြားပေးစေလိုပါတယ်။**

**ဒေါက်တာဖိုးကောင်း။** ။ ရန်ကုန်တက္ကသိုလ်က နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ဖြစ်တာနဲ့အညီ အဆင့်မြင့်ပညာရေးမှာ စံပြဖြစ်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ကြိုးပမ်းဆောင်ရွက်တဲ့အခါမှာ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူတွေရော၊ ကျောင်းသားဟောင်းတွေရော၊ မိဘဆရာတွေရော၊ ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းတွေကရော ပြည်သူတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်ကြပါစို့လို့ ပြောကြားလိုပါတယ်။ Master Plan နဲ့ ပတ်သက်ပြီးတော့ အသေးစိတ်သတင်းအချက်အလက်တွေကို ရန်ကုန်တက္ကသိုလ်ရဲ့ Website ဖြစ်တဲ့ www.uy.edu.mm မှာလည်း ကြည့်ရှုလေ့လာနိုင်ပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ။

**သတင်းအဖွဲ့**

# မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်ခင်ပွန်း ဦးအောင်သူလင်း၏ ၁-၃-၂၀၁၉ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်ကျန်းမာ၍ သာယာပျော်ရွှင်ချမ်းမြေ့စွာဖြင့် ချစ်သောမိသားစုနှင့်အတူ ပြည့်စုံအောင်မြင်သောဘဝကို ထာဝရ ပိုင်ဆိုင်နိုင်ပြီး ဘာသာ၊သာသနာအကျိုးသယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်...

**ချစ်ဇနီး ဒေါ်ကြေးမုံလင်း(ခ)ဒေါ်မာမာမြင့်**
**(ပျိုကညာဖက်ရှင်)တောင်ငူမြို့**

---

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း
MYEA
Myanmar Young Entrepreneurs Association

## မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) ၏ အလုပ်အမှုဆောင်အဖွဲ့သစ်ရွေးချယ်တင်မြှောက်ပွဲ ရက်ပြောင်းလဲသတ်မှတ်ခြင်း နှင့် ဆဋ္ဌမအကြိမ်မြောက်အသင်းသားစုံညီနှစ်ပတ်လည်အထွေထွေအစည်းအဝေးပွဲဖိတ်ကြားခြင်း

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း **(MYEA)** ၏ (၂၀၁၉-၂၀၂၁)သက်တမ်းအတွက် အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၉ခုနှစ်၊ မတ်လ(၁၀)ရက်နေ့သို့ ရက်ပြောင်းလဲသတ်မှတ်ပြီး **(Prime Hill Business Square)** ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသင်းသားများမှ မိမိတို့၏ဆန္ဒပြုလွှာများကို ၂၀၁၉ခုနှစ်၊ မတ်လ(၈)ရက်နေ့ နောက်ဆုံးထားပြီး အသင်းရုံးသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း **(MYEA)** ၏ ဆဋ္ဌမအကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အထွေထွေအစည်းအဝေးပွဲ နှင့် ဂုဏ်ပြုညစာစားပွဲကို ၂၀၁၉ခုနှစ်၊ မတ်လ(၁၁)ရက်နေ့၊ ညနေ(၄း၀၀)နာရီတွင် **(PULLMAN Yangon Centrepoint Hotel)** ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသားများမှ မပျက်မကွက် စုံညီစွာ တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက စုံစမ်းရန် ➤ အမှတ်(၂၉)၊ UMFCCI (၁၁)လွှာ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**
Email : office@myea.org.mm , Ph : 01-230 1867, 01-230 1573, 09-765000719, 09-765000649

---

### ပန်းရောင်ကတ် ပျောက်ဆုံးကြောင်းကြေညာခြင်း

Special Logistics Skills Agency တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျွန်တော်မျိုးမြင့်အောင် ၉/မထလ(နိုင်) ၂၇၃၂၀၉ သည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသောအလုပ်သမားကတ်၊ ပန်းရောင်ကတ်အမှတ်(550356) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၁၆၃၀၆၀၀**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/8807 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး မော်လမြိုင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ် (ဒ-၁၁)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်ဆန်းကြွယ် (ဘ) ဦးညွန့်မောင် ၉/ပဘန(နိုင်)၁၃၃၁၆၀ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်အိမွန်ဖြိုး (ဘ)ဦးမြဝင်း ၈/ပခက(နိုင်)၂၃၅၇၃၁ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါသည်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၆)ရပ်ကွက်၊ မြေကွက်အမှတ်(၁၆)၊ အိမ်ကွက်အမှတ်(၂၇)၊ မြေကွက်အကျယ်အဝန်း(၄၀ပေ × ၆၇.၅ပေ)၊ ဗိုလ်ကြီးတင်ထွဋ် (ကြည်း ၁၉၃၆၇) အမည်ပေါက် နှစ်(၃၀) မြေဂရန် ပျောက်ဆုံးသွားပါသည်။ အဆိုပါမြေဂရန်ကိုပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။
ဖုန်း-၀၉-၄၂၈၁၃၀၄၄၈

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၀၅၈)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကအတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဦးစိုးခိုင်(ကိုယ်စား) ဦးထွန်းဝေ (ဘ)ဦးကြည်မောင် ၉/ပမန(နိုင်)၁၁၃၈၂၆ မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၅၀၆/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ရေနံချောင်းမြို့၊ သစ်တပွေရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၄/အိုးဘိုစု)၊ ဦးပိုင်အမှတ် (၁၉၂)၊ မြေကွက်အမှတ် (278/337)၊ ဧရိယာ ၀ ဒသမ ၂၁၂ ဧကရှိ မြေနေရာအား ဒေါ်ခင်ငွေးကြွယ်အမည်ဖြင့် ခရိုင်အမှတ်အမှတ် ၁၂/၁၉၈၈-၁၉၈၉ အရ ၁၃-၂-၁၉၈၈ ရက်မှစတင်၍ နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ ဒေါ်ခင်ငွေးကြွယ်မှ ၂၂-၁-၂၀၁၆ ရက်တွင် ရေနံချောင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၌ တူမများဖြစ်ကြသော (၁) ဒေါ်နုနုလွင်၊ (၂) ဒေါ်နှင်းယုလွင်၊ (၃) ဒေါ်သန်းသန်းတို့အား အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုပေးကမ်းခဲ့ပြီးဖြစ်သဖြင့် အဆိုပါမြေကွက်အား ဒေါ်နုနုလွင် ပါ(၃)ဦးအမည်ဖြင့် အမည်ပြောင်း၊ သက်တမ်းတိုးဂရန်လျှောက်ထားလာသည့်အပေါ် အမှုတွဲအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်းအထောက်အထားများဖြင့် မြို့နယ်/ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။
**လက်ထောက်ကော်လိတ်တော်အရာရှိ**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေနံချောင်းမြို့နယ်**

### မှတ်ပုံတင်အမှန်

ကျွန်တော်ဦးမြင့်နိုင် ကိုင်ဆောင်သော အမျိုးသားမှတ်ပုံတင် အမှတ် ၁၂/ဥကမ(နိုင်)၁၁၆၀၄၉ သာ အမှန်ဖြစ်ပါကြောင်း။

### ပျောက်ဆုံးခြင်း

ကျွန်တော်လှိုင်မင်းထွန်း (ဘ)လေးမောင် ၉/တကန(နိုင်)၁၅၅၅၉၆ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **လှိုင်မင်းထွန်း**
**ဖုန်း-၀၉-၇၉၈၂၆၁၆၉၇**

### ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၇)ရပ်ကွက်၊ စိန်ပန်းမြိုင်လမ်းမ၊ အိမ်အမှတ် (၆/ခ)နေ ဦးကျော်ဇင်ဦး ၈/စလန(နိုင်)၂၂၄၀၀၆ Lan Lan Co., Ltd ၏ သွင်းကုန်ကြေငြာလွှာ ခရမ်းအမှတ်
(၁) ID NO 169399 (3-9-2018)
(၂) ID NO 162799 (11-9-2018) နှင့် Custom Statements များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၁၆၈၄၈၀**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉၅/၂၂၆၇၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/4574 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
**ကညန (ရွာသာကြီး)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၇၉၁၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကအတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဒေါ်သွဲ့သွဲ့(ကိုယ်စား) ဦးထွန်းဝေ (ဘ)ဦးကြည်မောင် ၉/ပမန(နိုင်)၁၁၃၈၂၆ မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ်(၅၀၄/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကိုချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေသုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် ၁၂၇၆၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဗိုလ်ကြီးဇော်ဝင်းအမည်ပေါက်ပါမစ်မြေကွက်အား ဦးရဲမင်းထွန်း (ဘ)ဦးတင်ရွှေ ၉/ကပတ(နိုင်)၀၃၀၁၅၄ မှ ပျဉ်းမနားမြို့မြေနေရာချထားရေးကော်မတီ၏ မြေကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆)၊ မြေကွက်အမှတ် (၄၁၂)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ အကျယ်အဝန်း (၄၀'×၆၀')အနက်မှ မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀'×၆၀') (မြေကွက်အမှတ် (၄၁၁)နှင့် ကပ်လျက်အခြမ်း)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်(၄၁၂)၊ လွန်ကျော်လမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ပျဉ်ထောင်နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်စိုးစိုးမာ ၁၂/မဂတ(နိုင်)၀၄၂၄၅၅၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးမြင့် (စဉ်-၇၁၅၈) LL.B.,LL.M,D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀**

## တပ်မတော် (ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။
(ခ) ၁-၄-၂၀၁၉ရက်နေ့တွင်အသက် (၁၈)နှစ်ပြည့်ပြီးအသက် (၂၅)နှစ်ထက်မကျော်လွန်စေရ။
(ဂ) အခြေခံပညာ အဋ္ဌမတန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
(ဃ) အရပ် (၅)ပေ (၂)လက်မ၊ပေါင် (၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာပုံစံများကို နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူနိုင်ပြီး အောက်ပါစာရွက်စာတမ်းများနှင့်အတူ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များသို့ လူကိုယ်တိုင်သွားရောက် လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)။
(ခ) အခြေခံပညာအဋ္ဌမတန်းအောင်မြင်ကြောင်းသက်ဆိုင်ရာကျောင်းထွက်လက်မှတ် (မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ် (မူရင်း)။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ် / တိုင်းဒေသကြီး / မြို့နယ် ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ (မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။
(င) အိမ်ထောင်စုဝင်စာရင်းမိတ္တူ။
(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ လျှောက်ထားသူများသည် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-
(က) လျှောက်လွှာ၊ သတ်မှတ်စာရွက်စာတမ်းများနှင့်အတူ ၂၆-၂-၂၀၁၉ ရက်နေ့မှ ၁၁-၃-၂၀၁၉ ရက်နေ့အတွင်း တိုင်းစစ်ဌာနချုပ်များသို့ လူကိုယ်တိုင် သွားရောက်လျှောက်ထားရမည်။
(ခ) ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် တိုင်းစစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။
(ဂ) ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းကို ခံယူရမည်။
(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်အောင်မြင်သူများအား တပ်ဝင်စာချုပ်ချုပ်ဆိုပြီး အခြေခံစစ်ပညာ သင်ကြားရန် သက်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်းကျောင်းများသို့ ပို့လွှတ်ခြင်းခံရမည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လတက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ ၁၄၄၀၀၀ိ/-ကျပ်ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက (တပ်သားအခြေခံလစာ ၁၅၀၀၀၀ိ/-+ M.H.R.A ၁၀၀၀၀ိ/- = ၁၆၀၀၀၀ိ/-)ခံစားခွင့်ရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော် (ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး၊ သင်တန်းဆင်းပြီး သတ်မှတ်ချက် ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့ (သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ဇရပ်ဒါယိကာမကြီး
### ဒေါ်တင်တင်မြင့် (ရွှေဘို၊ မန္တလေး)
### အသက်(၈၂)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အကြံပေး ပုဂ္ဂိုလ် ဦးခင်မောင်ရီ (ကုန်သွယ်ရေး၊ ဒုတိယဝန်ကြီး-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်တင်တင်မြင့်သည် ၂၅-၂-၂၀၁၉ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာသိမ်းကျော်
### ပါမောက္ခချုပ်-(ငြိမ်း)၊ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) (IM-1 of 1986)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ) ရပ်ကွက်၊ ၁၆၅ လမ်း၊ အမှတ် ၄၈နေ (ဦးစောဟာလင်တန်) - ဒေါ်အေးကြည်တို့၏သား၊ ဦးစိန်ယု - ဒေါ်လှရီတို့၏ သားသမက်၊ ကိုကောင်းကျော်၊ မသူသူသိမ်းကျော် (Director, Stella Collections) တို့၏ ဖခင်၊ ဒေါ်မျိုးမျိုးယု၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၆-၂-၂၀၁၉ ရက် (အင်္ဂါနေ့) ည ၇နာရီတွင် ရန်ကုန်ဆေးရုံကြီး ခုတင်-၅၀၁ ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။ ဆရာကြီး ကောင်းမြတ်သော ဘုံဘဝရောက်ပါစေ။

မုံရွာဆရာမိုး
ဗိုလ်မှူးကျော်ကိုကိုရှိန်း + ဒေါ်မိုးပြည့်ပြည့်ဖြိုး
မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 9K/5276 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းရုံး(ပဲခူး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 5P/3162 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 6L/4350 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 8B/6646 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 7D/7046 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွှာသာကြီး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 8M/5920 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာကကျသရင်းဗသိုက်
### Retired Scientist (W.H.O, Headquarters, Geneva)

ပါမောက္ခ ဒေါက်တာဦးရဲမြ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဗဟို)၏ဇနီး ညီမလေးကဲ့သို့ ချစ်ခင်လေးစားရသော ဒေါက်တာကကျသရင်းဗသိုက်သည် ၂၇-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအေးမောင်သန်းနှင့်ဇနီး**
**သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါ်ခင်စောလှ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာကကျသရင်းဗသိုက်
### Retired Scientist (W.H.O, Headquarters, Geneva)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (ခ)ရပ်ကွက်၊ မဥ္ဇူလမ်း၊ ပါရမီရိပ်သာ၊ အမှတ်(၁၉)နေ ပါမောက္ခ ဒေါက်တာဦးရဲမြ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၏ဇနီး ဒေါက်တာ ဒေါ်ကကျသရင်းဗသိုက်သည် ၂၇-၂-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆီးနှင့်ကျောက်ကပ်ဆရာဝန်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာကကျသရင်းဗသိုက်
### အသက်(၆၉)နှစ်

ဆရာကြီး ပါမောက္ခ ဒေါက်တာဦးရဲမြ၏ဇနီး သူငယ်ချင်း ဒေါက်တာချာလီဗသိုက်၏အစ်မ ဒေါက်တာကကျသရင်းဗသိုက်သည် ၂၇-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ခုနှစ် ဆေးတက္ကသိုလ်(၁)**
**ကျောင်းဆင်းဆရာဝန်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာကကျသရင်းဗသိုက်
### Retired Scientist (W.H.O, Headquarters, Geneva)
### အသက်(၆၉)နှစ်

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲမြ၏ ချစ်လှစွာသောဇနီး ဒေါက်တာကကျသရင်းဗသိုက်သည် ၂၇-၂-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံဆရာဝန်အသင်း(ပုသိမ်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစံတင် (JAT - ငြိမ်း)
### အသက်(၈၀)

အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ(ဘဏ္ဍာရေး) ဒေါ်မိုးမိုးစံ၏ဖခင် ဦးစံတင်သည် ၂၃-၂-၂၀၁၉ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဓေယျ ၁၅၄ မှ သူငယ်ချင်းများ**

**ရူပါမြ၊ သူဇာပိုင်၊ နန္ဒာမျိုးခိုင်၊ လှလှမြင့်၊ အေးမွန်စိုး၊ ရွှေယင်းမာစော၊ နွယ်နွယ်အောင်၊ မိုမိုထွန်း၊ နီလာတင်၊ စန္ဒာဝင်း၊ ခင်မာမာသိန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဒေါ်ကကျသရင်းဗသိုက်
### Retired Scientist (W.H.O, Geneva)
### အသက်(၆၉)နှစ်

ပါမောက္ခ ဒေါက်တာဦးရဲမြ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဗဟို)၏ဇနီး ဒေါက်တာဒေါ်ကကျသရင်းဗသိုက်သည် ၂၇-၂-၂၀၁၉ ရက် နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဦးခင်မောင်ဝင်း(အသည်းအထူးကုဆရာဝန်ကြီး)**
**နှင့်ဇနီး ဒေါက်တာဒေါ်ခင်လေးရီ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဒေါ်ကကျသရင်းဗသိုက်
### Retired Scientist (W.H.O Geneva)
### Senior MMA OG Society Member
### အသက်(၆၉)နှစ်

ပါမောက္ခ ဒေါက်တာဦးရဲမြ၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ ချစ်လှစွာသောဇနီး ဒေါက်တာဒေါ်ကကျသရင်းဗသိုက်သည် ၂၇-၂-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဒေါ်ကကျသရင်းဗသိုက်
### Retired Scientist (W.H.O Geneva)
### Senior MMA OG Society Member
### အသက်(၆၉)နှစ်

ပါမောက္ခ ဒေါက်တာဦးရဲမြ၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ ချစ်လှစွာသောဇနီး ဒေါက်တာဒေါ်ကကျသရင်းဗသိုက်သည် ၂၇-၂-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခများနှင့်**
**သားဖွားမီးယပ်အထူးကုဆရာဝန်များ**
**ဗဟိုအမျိုးသမီးဆေးရုံကြီး**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဒေါ်ကကျသရင်းဗသိုက်
### Retired Scientist (W.H.O Geneva)
### Senior MMA OG Society Member
### အသက်(၆၉)နှစ်

ပါမောက္ခ ဒေါက်တာဦးရဲမြ၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ ချစ်လှစွာသောဇနီး ဒေါက်တာဒေါ်ကကျသရင်းဗသိုက်သည် ၂၇-၂-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခများနှင့်**
**သားဖွားမီးယပ်အထူးကုဆရာဝန်များ**
**ဗဟိုအမျိုးသမီးဆေးရုံကြီး**
**ဆေးတက္ကသိုလ်၊ မန္တလေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ ကျောင်းဒါယိကာမကြီး
### ဒေါ်ငွေကြယ် (သိမ်ဆိပ်)
### အသက်(၉၄)နှစ်

ပါမောက္ခ ဒေါက်တာကျော်အောင်ထွန်း(အရိုး)၏ မိခင်ကြီး ဒေါ်ငွေကြယ်သည် ၂၈-၂-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၀၀း၀၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံကြီး၊ အရိုးရောဂါကုသဆောင်မိသားစု**
**နေပြည်တော် အရိုးရောဂါအထူးကုဆေးရုံကြီးမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ ကျောင်းဒါယိကာမကြီး
### ဒေါ်ငွေကြယ် (သိမ်ဆိပ်)
### အသက်(၉၄)နှစ်

ပါမောက္ခ ဒေါက်တာကျော်အောင်ထွန်း(အရိုး)၏ မိခင်ကြီး ဒေါ်ငွေကြယ်သည် ၂၈-၂-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၀၀း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါက်တာမောင်မောင်မြင့်(အရိုး)မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ရဟန်း၊ ကျောင်းဒါယိကာမကြီး
### ဒေါ်ငွေကြယ် (သိမ်ဆိပ်)
### အသက်(၉၄)နှစ်

ပါမောက္ခ ဒေါက်တာကျော်အောင်ထွန်း(အရိုး)၏ မိခင်ကြီး ဒေါ်ငွေကြယ်သည် ၂၈-၂-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၀၀း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာဗညားအောင်-**
**ဒေါက်တာညီညီခိုင်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### သီရိပျံချီ ဗိုလ်မှူးချုပ်လွန်းသီ (ငြိမ်း)
### အသက်(၈၀)

စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း) သီရိပျံချီ ဗိုလ်မှူးချုပ် လွန်းသီသည် ၂၅-၂-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ(ညောင်တုန်း/မအူပင်)နှင့်အရာထမ်း၊**
**အမှုထမ်းများ**
**ညောင်တုန်း/မအူပင်ရေနံမြေ**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာဒေါ်ကကျသရင်းဗသိုက်
### Retired Scientist (W.H.O, Geneva)
### အသက်(၆၉)နှစ်

ပါမောက္ခ ဒေါက်တာဦးရဲမြ၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ Emeritus Professor ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ ချစ်လှစွာသောဇနီး ဒေါက်တာ ဒေါ်ကကျသရင်းဗသိုက်သည် ၂၇-၂-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်**
**ဆရာ/ဆရာမများ၊ ဝန်ထမ်းများ**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

**ပျောက်ဆုံးကြောင်း**
ခြူး(၄)/၁၅၂၄၀ ရေယာဉ်၏ပို့ဆောင်ရေးလုပ်ငန်းလိုင်စင် စာအုပ် ပို့ဆောင်ခွင့်(က)လိုင်စင် အပိုင်း(၁)၊ (၂)သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၅၅၅၇၈၆၁**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာသိမ်းကျော် (၅၈) နှစ်
### ပါမောက္ခချုပ် (ငြိမ်း) ၊ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)

ရန်ကုန်မြို့ တာမွေမြို့နယ်၊ (၁၆၅) လမ်း၊ အမှတ် (၄၈) နေ (ဦးစောဟာလင်တန်) + ဒေါ်ရီတို့၏သား ၊ ဦးစိန်ယု + ဒေါ်လှရီတို့၏ သားသမက် ၊ ကိုကောင်းကျော်၊ မသူသူသိမ်းကျော်တို့၏ မွေးသဖခင် ၊ ဒေါ်မျိုးမျိုးယု၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာသိမ်းကျော်သည် (၂၆-၀၂-၂၀၁၉) ရက်နေ့ (အင်္ဂါနေ့) တွင် ရန်ကုန် အထူးကုဆေးရုံကြီး၊ ခုတင် (၅၀၀) ၌ ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာ ခင်မောင်လွင် နှင့် ဒေါက်တာ ခင်ခင်ငွေး
FAME Pharmaceuticals


# မန္တလေးရေတံခွန်တောင်အား ခရီးစဉ်ဒေသသစ်အဖြစ်ဖော်ဆောင်၍ ခရီးသွားအမျိုးအစားစုံလင်အောင် ဆောင်ရွက်နိုင်ရန်စီစဉ်

မန္တလေး ဖေဖော်ဝါရီ ၂၈

**မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ သဘာဝတောတောင်စိမ့်စမ်းများဖြင့် သာယာလှပနေသည့် မန္တလေးရေတံခွန်တောင်အား နိုင်ငံတကာခရီးသွားများ သွားရောက်လည်ပတ်နိုင်သည့် ခရီးစဉ်ဒေသအသစ်တစ်ခုအဖြစ် ဖော်ထုတ်၍ ခရီးသွားအမျိုးအစားစုံလင်စွာ ထားရှိနိုင်စေရေးအတွက် ၎င်းရေတံခွန်တောင်အနီးရှိ ကျောက်နံရံများတွင် Rock Climbing (ကျောက်နံရံတက်ခြင်း) အားကစားနည်း လုပ်ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာခရီးသွားများ ဝင်ရောက်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားစွာ ဝင်ရောက်လျက်ရှိရာ ၎င်းတို့အတွက် ခရီးစဉ်ဒေသအသစ်များ ရှာဖွေဖော်ထုတ်ပေးလျက်ရှိသည့်အပြင် ခရီးသွားအမျိုးအစားစုံလင်စွာ ထားရှိနိုင်ရေးအတွက်လည်း ယခုအစီအစဉ် မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) နှင့် မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောကြားသည်။

"ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးအတွင်းကို နိုင်ငံတကာခရီးသွားတွေ ဝင်ရောက်မှု တိုးတက်လာတာနဲ့အမျှ လက်ရှိခရီးစဉ်တွေအပြင် ခရီးစဉ်အသစ်တွေကိုလည်း ရှာဖွေဖော်ထုတ်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် သူတို့ရဲ့လိုလားချက်တွေ ပြည့်ဝစေဖို့ ခရီးသွားအမျိုးအစားစုံလင်အောင်လည်း ဖော်ထုတ်ပေးရမှာဖြစ်တဲ့အတွက် အခုလို Climbing Tourism အမျိုးအစားနဲ့ ဆွဲဆောင်ဖို့ ပူးပေါင်းစီစဉ်တာဖြစ်ပါတယ်။ ယနေ့အချိန်မှာ ဝင်ရောက်တဲ့ ခရီးသွားတွေကလည်း စာမျက်နှာ ၁၂ ကော်လံ ၁ ❒



ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မန္တလေးရေတံခွန်တောင်အား တွေ့ရစဉ်။

# ခေတ္တရပ်နားထားသည့် MNL အမှတ်ပေးပြိုင်ပွဲ မတ် ၂ ရက် ပြန်လည်စတင်မည်



တတိယနေရာတွင် ရပ်တည်နေသည့် ရတနာပုံအသင်းကို တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ခေတ္တရပ်နားထားသည့် ၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ကို မတ် ၂ ရက်တွင် ပြန်လည်ကျင်းပမည် ဖြစ်သည်။ ယင်းပြိုင်ပွဲကို မြန်မာ ယူ-၂၂ အသင်း၏ အာဆီယံ ယူ-၂၂ ပြိုင်ပွဲကြောင့် တစ်လနီးပါး ရပ်နားထားခြင်း ဖြစ်သည်။

ပွဲစဉ် (၅) ကို သုံးရက်ကြာကျင်းပမည်ဖြစ်ပြီး မတ် ၂ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဒဂုံအသင်း၊ ပုသိမ်ကွင်း၌ ရောဝတီအသင်းနှင့် Southern အသင်း၊ မတ် ၃ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ Chinland အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ရန်ကုန်အသင်း၊ မတ် ၄ ရက်တွင် မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် (၄) အပြီးတွင် ရခိုင်၊ ရောဝတီနှင့် ရတနာပုံအသင်းတို့က ရှစ်မှတ်စီ၊ စစ်ကိုင်း၊ ရန်ကုန်နှင့် ဟံသာဝတီအသင်းတို့က ခုနစ်မှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက ခြောက်မှတ်၊ ဇွဲကပင်အသင်းက ငါးမှတ်၊ ဒဂုံနှင့် Southern အသင်းက သုံးမှတ်စီ၊ မကွေးနှင့် Chinland အသင်းက တစ်မှတ်စီရထားသည်။

ယခုတစ်ပတ်တွင် အသင်းကြီးအချင်းချင်း တွေ့ဆုံမှုမရှိသော်လည်း မျှော်လင့်ချက်ကိုယ်စီဖြင့် ယှဉ်ပြိုင်မည့်ပွဲများကြောင့် အကြိတ်အနယ်ပွဲကောင်းများ ဖြစ်လာဖွယ်ရှိနေသည်။

ထို့ပြင် ပြိုင်ပွဲကို တစ်လနီးပါး ရပ်နားထားသောကြောင့် မထင်မှတ် သည့်ရလဒ်များလည်း ထွက်ပေါ်လာဖွယ် ရှိနေသည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ◆

**အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (ခ) ဒုတိယနေ့ပွဲများ ယနေ့ယှဉ်ပြိုင်ကစားမည်**

စာ - ၁၂

**ဘာရီးဇစ်အတွက် ဖြိုတိန်အဆင်သင့်ဖြစ်ပြီလား**

စာ - ၁၅

# Tour Pro အဆင့် လက်ရည်စစ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြန်မာနိုင်ငံအဆင့်မြင့်ဂေါက်သီးရိုက်ပညာရှင်များအသင်းက ကြီးမှူးကျင်းပမည့် Tour Professional အဆင့် လက်ရည်စစ်ပြိုင်ပွဲကို မတ် ၁၄ ရက်နှင့် ၁၅ ရက်တွင် ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကစားသမားများသည် နှစ်ရက်ပေါင်းရိုက်ချက် ၁၅၂ ချက်ရရှိပါက လက်ရည်စစ်ပွဲ အောင်မြင်မည်ဖြစ်ပြီး လက်ရည်စစ်ပွဲအောင်မြင်သူများသည် မြန်မာနိုင်ငံအဆင့်မြင့်ဂေါက်သီးရိုက်ပညာရှင်များအသင်း မန်ဘာအဖြစ် အသိအမှတ်ပြုကာ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် Tour Pro အဖြစ် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

အဆိုပါ လက်ရည်စစ်ပွဲ ဝင်ရောက်ဖြေဆိုမည့်သူများသည် မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ကိုသိန်းတိုးအောင် ဖုန်း ၀၉-၄၃၀၈၀၀၃၂၊ ကိုထွန်းကျော် ၀၉-၅၁၉၃၄၂၃ နှင့် မခင်မမအောင် ၀၉-၂၆၂၆၀၂၆၃၆ တို့သို့ ဆက်သွယ်စုံစမ်း၍ ပြိုင်ပွဲဝင်ကြေး တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

